Premier ELEVEN
SPORTS JOURNAL
NO 15 VOL 11 SUNDAY DECEMBER 8 2013

ဝင်းဂါးပြောတော့နိုဝင်ဘာ တကယ်ကျပ်တာ ဒီဇင်ဘာ

အာဆင်နယ်အသင်းရဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ ဝင်းဂါးက ဒီရာသီအပေါ် ဘယ်လောက်အထိ မျှော်လင့်ထားသလဲဆိုတာ ပရိသတ်တွေကို ရှင်းပြခဲ့တယ်။ အာဆင်နယ်က ဖလားလက်မဲ့ (၈)ရာသီရှိပြီး ဒီရာသီတော့ ထပ်အဖြစ်မခံချင်တော့ဘူး။ ဖလားလက်မဲ့ရာသီတွေကို အဆုံးသတ်မယ့်ဖလားဟာ ပရီမီးယားလိဂ်ဖလား ဖြစ်ချင်တယ်လို့ သူကပြောတယ်။ အဲဒီလိုပဲ ပရိသတ်တွေကို ပရီမီးယားလိဂ်နဲ့ ပတ်သက်ပြီး ဝင်းဂါး သတိပေးခဲ့တာ တစ်ခုလည်းရှိတယ်။ သူက ပရီမီးယားလိဂ်ရဲ့ အဖွင့်(၃)ပုံ(၁)ပုံကာလကို ဖြတ်သန်းမယ့် နိုဝင်ဘာကို ညွှန်းတယ်။ ဒီကာလဟာ အာဆင်နယ်ရဲ့ အောင်မြင်မှုနဲ့ ကျရှုံးမှုကို ပိုင်းခြားထားတဲ့မျဉ်းတစ်ကြောင်းအဖြစ် သူက သတ်မှတ်ခဲ့တယ်။ ဝင်းဂါးက "နိုဝင်ဘာကို ကျော်ဖြတ်နိုင်ရင် မေလကုန်အတွက်လည်း ယုံကြည်မှုရှိတယ်"လို့ဆိုခဲ့တယ်။ တကယ်တမ်းနိုဝင်ဘာကာလကို ဖြတ်ကျော်တဲ့အချိန်မှာ အာဆင်နယ်အသင်းဟာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲကလွဲပြီး ရသင့်တဲ့အမှတ်တွေ ယူနိုင်ခဲ့တယ်။ ချန်ပီယံလိဂ်မှာလည်း နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းတွေ ပိုင်ဆိုင်ခဲ့ပါတယ်။ ဒါဆိုရင် နိုဝင်ဘာကို အောင်မြင်စွာကျော်ဖြတ်ခဲ့တဲ့ အာဆင်နယ်အသင်း ဝင်းဂါးပြောသလို ချန်ပီယံဖြစ်ပြီလား။ ချန်ပီယံဖလားကို မျှော်လင့်လို့ရတဲ့ အခြေအနေတော့ ဖြစ်ပါတယ်။ ဒါပေမဲ့ လာမယ့် ဒီဇင်ဘာကသာ အာဆင်နယ်ရဲ့ ချန်ပီယံပြေလမ်းကြောင်းကို တစ်ခုသောအတိုင်းအတာအထိ အဆုံးအဖြတ်ပေးမယ့်အချိန် ဖြစ်နေပါတယ်။ ဒီဇင်ဘာဟာ အာဆင်နယ်အတွက် နိုဝင်ဘာထက် ပိုခက်ခဲပြီး ပိုကျပ်တည်းတဲ့ ပွဲစဉ်တွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ ဒီဇင်ဘာပွဲစဉ်တွေကို ပြန်ကြည့်ရင် ဟားလ်စီးတီးနဲ့ ပွဲနောက်ပိုင်း မာကျောတဲ့ အဲဗာတန်၊ ချန်ပီယံဆုအတွက် တိုက်ရိုက်ပြိုင်ဘက်တွေဖြစ်တဲ့ မန်စီးတီးနဲ့ ချယ်လ်ဆီး၊ ချန်ပီယံလိဂ်ရဲ့ အဆုံးအဖြတ်ပွဲစဉ် နာပိုလီ စတဲ့ပွဲစဉ်တွေကို ကစားရမှာဖြစ်ပြီး ဒီဇင်ဘာကို အဆုံးသတ်မယ့်အချိန်တွေမှာ ဝက်စ်ဟမ်း၊ နယူးကာဆယ်တို့နဲ့ အဝေးကွင်းပွဲစဉ်တွေဆက်တိုက် ကစားရမှာဖြစ်ပါတယ်။ ဒီအခြေအနေမှာ နိုဝင်ဘာလိုပဲ အောင်မြင်စွာကျော်ဖြတ်နိုင်ရင်၊ ပြိုင်ဘက်တွေနဲ့ လက်ရှိကွာဟနေတဲ့ Points Gap ကိုထိန်းထားနိုင်ရင်၊ ထပ်တိုးနိုင်ရင် အာဆင်နယ်အတွက် ဒုတိယရာသီဝက်ဟာ စိတ်ပိုင်းရော်ပိုင်းနဲ့ ကွင်းတွင်းကွင်းပြင် ယုံကြည်မှုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီဇင်ဘာဟာ အာဆင်နယ်အတွက် ချန်ပီယံဖြစ်မယ့်လ။ ဒါမှမဟုတ် မြေလမ်းကြောင်းပေါ်က နောက်လှည့်ပြန်ရမယ့်လတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအခြေအနေနှစ်ရပ်စလုံးအတွက် အရေးပါတဲ့လ ဖြစ်ပါတယ်။ ဝင်းဂါးပြောတဲ့ နိုဝင်ဘာထက် ပိုခက်ခဲမယ့်လဖြစ်ပါတယ်။

အာဆင်နယ်ကျော်ဖြတ်ခဲ့သည့် နိုဝင်ဘာပွဲစဉ်များ

လီဗာပူးလ်	(အိမ်)	နိုင်
ဒေါ့မွန်	(အဝေး)	နိုင်
မန်ယူ	(အဝေး)	ရှုံး
ဆောက်သမ်တန်	(အိမ်)	နိုင်
မာဆေးလ်	(အိမ်)	နိုင်
ကာဒစ်ဖ်	(အဝေး)	နိုင်

အာဆင်နယ်အသင်း၏ ဒီဇင်ဘာကာလ ပွဲစဉ်များ

၈-၁၂-၁၃	အဲဗာတန်	(အိမ်)
၁၂-၁၂-၁၃	နာပိုလီ	(အဝေး)
၁၄-၁၂-၁၃	မန်စီးတီး	(အဝေး)
၂၃-၁၂-၁၃	ချယ်လ်ဆီး	(အိမ်)
၂၆-၁၂-၁၃	ဝက်စ်ဟမ်း	(အဝေး)
၂၉-၁၂-၁၃	နယူးကာဆယ်	(အဝေး)

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

မော်ရင်ဟိုရဲ့ ဟောကိန်း မော်ရင်ဟိုရဲ့ Mind Game

ဝေယံအောင်

ပရီးမီးယားလိဂ်ပြိုင်ပွဲရဲ့ တစ်ရာသီစာ ကာလဟာ (၉)လဝန်းကျင်ကြာမြင့်ပါတယ်။ ယေဘုယျအားဖြင့် ဩဂုတ်လလယ်မှာ စတင်ပြီး မေလလယ်လောက်မှာ အဆုံးသတ်တာကြောင့်ပါ။ အခု ဒီဇင်ဘာ။ ဒါဟာ ပရီးမီးယားလိဂ်မှာရသွန်ခရီးစဉ်ကိုထက်ဝက်ပိုင်းလို့ ရနိုင်တဲ့အချိန်။ ဒါမှမဟုတ် ပရီးမီးယားလိဂ်ကို ဇာတ်လမ်းတစ်ပုဒ်လို ခံစားမယ်ဆိုရင်တော့ ဒီအချိန်ဟာ အထွတ်အထိပ်ကာလ။ ခရစ္စမတ်နဲ့ နှစ်သစ်ကူး အားလပ်ရက်ဖြစ်တာကြောင့် မိသားစုတွေ၊ အပေါင်းအသင်းတွေ၊ တခြားသောပျော်စရာရွှင်စရာတွေနဲ့ ကစားသမားတွေ အာရုံများနေချိန်မှာ ပွဲစဉ်တွေ တစ်ပွေ့တစ်ပိုက်စီစဉ်ထားတာကြောင့်လည်း ပရီးမီးယားလိဂ်က တခြားလိဂ်တွေထက်ထူးခြားနေခဲ့တာပါ။ ဒါကပဲ ပရီးမီးယားလိဂ်ရဲ့ ထင်ရှားတဲ့အမှတ်အသားတစ်ခုလိုလည်းဖြစ်လာခဲ့တာပါ။ ချန်ပီယံဆုကို စိန်ခေါ်နိုင်တဲ့အသင်းအရေအတွက်က အရင်လို(၃၊ ၄)သင်းမဟုတ်ဘဲ (၆)သင်းရှိနေတယ်လို့ သတ်မှတ်ခံထားရတဲ့ လက်ရှိရာသီကတော့ ပိုပြီးရင်ခုန်စရာကောင်းနေပါတယ်။ ပွဲကျပ်ကာလအမှတ်လုပွဲကပိုပြီးစိတ်လှုပ်ရှားစရာဖြစ်နေပါတယ်။ ဒီအခြေအနေကိုမော်ရင်ဟိုကထပ်ပြီးလောင်စာဖြည့်ပါတယ်။ ချန်ပီယံဆုအတွက် ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်ထက် မန်စီးတီးကိုပဲပိုကြောက်ပါတယ် တဲ့။

တိုက်ပွဲစပြီ

ဒါဟာ နှစ်သစ်ကူးပွဲကျပ်ကာလအတွက် မော်ရင်ဟိုရဲ့ တိုက်ပွဲခေါ်သံပါ။ (၄)ရက် တစ်ပွဲနှုန်းလောက် ယှဉ်ပြိုင်ကစားရမယ့် ဒီလိုအချိန်မှာ ကစားသမားတွေရဲ့ ကွင်းတွင်းစွမ်းဆောင်ရည်အပြင်နည်းပြတွေရဲ့ ကွင်းပြင်ပစိတ်ဓာတ်ရေးရာ အသာစီးယူမှုတွေကလည်း အရေးပါပါတယ်။ ကွင်းတွင်းကစားပွဲသာမက ကွင်းပြင်ကစားပွဲတွေကိုလည်း မြင်တွေ့ရတတ်တဲ့အချိန်မျိုးလို့ ဆိုနိုင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ချန်ပီယံဆုတွေနဲ့ အောင်ပွဲခံနိုင်ခဲ့ဖူးတဲ့ မော်ရင်ဟိုကလည်း ဒါမျိုးတွေကို နောကျေနေသူပါ။ အာဆင်နယ်နဲ့ကလည်း ဒီဇင်ဘာလအတွင်းမှာ ဆုံတွေ့ရမှာပါ။ ဒါကြောင့်လည်း သူ့ရဲ့ စိတ်ဓာတ်စစ်ဆင်မှု Mind Game ကို စတင်လိုက်တာဖြစ်နိုင်ပါတယ်။ မော်ရင်ဟိုက အခုလိုဆိုပါတယ်။ "မန်ယူက အာဆင်နယ်ရဲ့နောက် (၉)မှတ်အကွာကို ရောက်နေပါတယ်။ ဒါဟာ gap ပါ။ (၉)မှတ်ဆိုတာ gap ပါ။ စပါးကလည်း (၁၀)မှတ်ကွာလို့ gap ရှိနေပါတယ်။ ကျွန်တော်တို့အတွက်တော့ gap မဟုတ်ပါဘူး။ အာဆင်နယ်ရဲ့ ဦးဆောင်မှုကို ကျွန်တော်တို့ လွယ်လွယ်ဖြေရှင်းနိုင်ပါတယ်။ ကျွန်တော်ကတော့ ပြိုင်ဘက်ကင်းလူစာရင်းကို ပိုင်ဆိုင်ထားတဲ့မန်စီးတီးအသင်းကသာ ချန်ပီယံဆုအတွက် ကျွန်တော်တို့ကို အဓိကခြိမ်းခြောက်နိုင်တဲ့အသင်းလို့မြင်ပါတယ်။ ဒီဇင်ဘာလကုန်ရင်တော့ ချန်ပီယံပြေးလမ်းကို ရှင်းရှင်းလင်းလင်းမြင်တွေ့ရပါလိမ့်မယ်"။ မော်ရင်ဟိုရဲ့စကားက ဒီရာသီချန်ပီယံဆုအတွက် ဟောကိန်းတစ်ခုလို့လည်း ယူဆနိုင်ပါတယ်။ ဟောကိန်းဆိုတဲ့အတိုင်း ရာနှုန်းပြည့်မှန်ကန်ဖို့ကတော့ အာမခံချက်မရှိပါဘူး။ ဒါပေမဲ့ မော်ရင်ဟိုအနေနဲ့ တရားလက်လွတ်ပြောခဲ့တာတော့ မဟုတ်ပါဘူး။ အာဆင်နယ်အသင်းရဲ့လူအင်အား၊ ရင်ဆိုင်ရမယ့်ပွဲကျပ်အနေအထားတွေကို သုံးသပ်ပြီးပြောခဲ့တာပါ။ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက နိုဝင်ဘာပွဲကျပ်ကို အကောင်းဆုံးကျော်ဖြတ်နိုင်ရင် ချန်ပီယံဆုရယူနိုင်ဖို့ ယုံကြည်တယ်လို့ ဆိုခဲ့ဖူးပေမယ့် တကယ်တမ်းမှာ အခုဒီဇင်ဘာပွဲစဉ်က ပိုကျပ်ပါတယ်။ ဒါကို အာစင်ဝင်းဂါးလည်း မသိမဟုတ် သိပါလိမ့်မယ်။ ဒီလို ပြောခဲ့ခြင်းက ဒီဇင်ဘာကို လျစ်လျူရှုတာထက် ကစားသမားတွေကို စိတ်ဓာတ်မြှင့်တင်ပေးဖို့ ရည်ရွယ်ခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။ အာစင်ဝင်းဂါးအောင်မြင်ခဲ့ပါတယ်။ နိုဝင်ဘာမှာ မန်ယူရဲ့အိုးလ်ထရက်ဖို့ဒ်ကို မကျော်နိုင်ခဲ့ပေမယ့် ကျန်တဲ့ပွဲတွေမှာ မျှော်မှန်းထားတဲ့အတိုင်း အကောင်းဆုံးရလဒ်ကို ရယူနိုင်ခဲ့ပါတယ်။ အခု ဒီဇင်ဘာတိုက်ပွဲအတွက်လည်း အာစင်ဝင်းဂါးက မော်ရင်ဟိုနဲ့ ထိပ်တိုက်တိုးမယ့်စကားကို ဆိုပြီး ကစားသမားတွေကို နောက်တစ်ကြိမ်လှုံ့ဆော်လိုက်ပါတယ်။ ဒီစကားက မော်ရင်ဟိုကို တိုက်ရိုက်ရည်ရွယ်တာတော့ မဟုတ်ပါဘူး။ အာစင်ဝင်းဂါးပြောတဲ့အချိန်မှာ မော်ရင်ဟိုရဲ့ Mind Game မလာသေးပါဘူး။ မော်ရင်ဟို ဟောကိန်း မထုတ်ရသေးပါဘူး။ ဒါပေမဲ့ ပရီးမီးယားလိဂ်ကျွမ်းကျင်သူတွေလို့ဆိုရမယ့် ဘောလုံးပွဲဝေဖန်သူ အလန်ဟန်ဆန်း၊ ဒန်နီမေးလ်နဲ့ အလန်ရှီးယားတို့က အာဆင်နယ်အသင်း ရာသီကုန်တဲ့အထိ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်ရှိနိုင်လိမ့်မယ် လို့ မယုံကြည်တဲ့အကြောင်း ပြောကြားခဲ့တာကြောင့် အာစင်ဝင်းဂါးက တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ သူတို့ကလည်း ချန်ပီယံဆုအတွက်ပဲ ထင်မြင်ချက်ပေးခဲ့ခြင်းဖြစ်တာကြောင့် မော်ရင်ဟိုရဲ့ ချန်ပီယံဟောကိန်းနဲ့ သံတူကြောင်းကွဲလို့ ဆိုနိုင်ပါတယ်။ အာစင်ဝင်းဂါးက "ဘယ်သူမဆို သူတို့ရဲ့အမြင်ကို ပြောခွင့်ရှိပါတယ်။ ဒါဟာ သူတို့ရဲ့ထင်မြင်ချက်သက်သက်ပါ။ မှန်ချင်မှန်မယ်။ များချင်များပါလိမ့်မယ်။ ကျွန်တော် ဒီကို ရောက်ခါစတုန်းကလည်း ပြည်ပနည်းပြတစ်ယောက် ချန်ပီယံဆုရဖို့မဖြစ်နိုင်ဘူးဆိုတဲ့ ထင်မြင်ချက်တွေ ကြားခဲ့ရဖူးပါတယ်။ လူတိုင်းမှာ သူတို့ရဲ့အမြင်အတွက် ကိုင်စွဲထားတဲ့ကောက်ချက်တွေ ရှိတတ်ပါတယ်။ ကျွန်တော်ကတော့ ချန်ပီယံဆုယူနိုင်တဲ့အရည်အသွေးရှိရင် ချန်ပီယံဖြစ်မယ်လို့ပဲ ထင်ပါတယ်။ ပြီးခဲ့တဲ့(၈)နှစ် ဖလားလက်မဲ့ဖြစ်ခဲ့တာ ချန်ပီယံဖြစ်ဖို့ လုံလောက်တဲ့အင်အားမရှိလို့ပါ။ အခု ကျွန်တော်တို့မှာ ဒီအင်အားရှိနေပြီဆိုတဲ့အကြောင်း၊ သက်သေပြသွားဖို့ အသင့်ဖြစ်နေပါပြီ" လို့ ပြန်လည်တုံ့ပြန်စိန်ခေါ်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီတော့ လန်ဒန်မြို့ခံနှစ်သင်းရဲ့ တိုက်ပွဲစပြီလို့လည်း ဆိုနိုင်ပါလိမ့်မယ်။

ခြေမချော်ကြေး

အာဆင်နယ်အသင်းအတွက်တော့ မော်ရင်ဟိုဟာ ဒုတိယမြောက်ရင်ဆိုင်ရတဲ့စိန်ခေါ်မှုပါ။ ဘာကြောင့်လဲဆိုတော့ မန်ယူနဲ့မဆုံတွေ့ခင်မှာ ပြိုင်ဘက်တိုက်စစ်မှူးရွန်နီက နှစ်သစ်မှာ အဆင့်(၁)နေရာကို အရယူမယ်ဆိုတဲ့ စိန်ခေါ်မှုနဲ့လည်း ရင်ဆိုင်ခဲ့ရတာကြောင့်ပါ။ လက်ရှိမန်ယူအသင်းက (၉)မှတ်အကွာနဲ့ ကျန်ရစ်နေခဲ့ပေမယ့် သတ်မှတ်ကာလမကုန်ဆုံးသေးတာကြောင့် ဒီစိန်ခေါ်မှုကလည်း ဆက်ရှိနေဆဲပါပဲ။ နိုဝင်ဘာကို အောင်နိုင်ခဲ့ပေမယ့် ဒီဇင်ဘာမှာ ခြေမချော်အောင် လျှောက်လှမ်းရဦးမှာပါ။ မော်ရင်ဟိုရဲ့ချယ်လ်ဆီး၊ ရွန်နီရဲ့မန်ယူတို့က လွယ်ကူတဲ့ပွဲစဉ်အနေအထားကို ပိုင်ဆိုင်ထားတာကြောင့် အာဆင်နယ်အသင်း အမှားလုပ်လို့ မရပါဘူး။ ဘာပဲဖြစ်ဖြစ်သေချာတာကတော့ ကိုယ့်လမ်းကို မယိမ်းမယိုင် လျှောက်လှမ်းနိုင်ဖို့သာ အဓိကလိုအပ်တာပါ။ ပွဲစဉ်အနေအထားကတော့ အားလုံးသုံးသပ်ထားသလိုပဲ အာဆင်နယ်အသင်းအတွက် စိန်ခေါ်မှုအပြည့်နဲ့ စောင့်ကြိုနေတာပါ။ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပေမယ့် ကိုစီယယ်လ်နီနဲ့ မာတီဆက်ကာအတွဲ ဒဏ်ရာပြဿနာနဲ့သာ ရင်ဆိုင်ခဲ့ရရင် အစားထိုးဖို့မလွယ်တဲ့ခံစစ်၊ ကွင်းလယ်က လိုက်ဖြည့်ပေးနေရတဲ့ ဂျီရော့တစ်ဦးတည်းသာရှိတဲ့တိုက်စစ်၊ ပွဲပန်းမှုဒဏ်ကို ခံနိုင်ရည်ရှိဖို့ခက်တဲ့ အိုဇေးလ်ရဲ့ ကြံ့ခိုင်မှု စသဖြင့် နည်းနည်းမှအတိမ်းအစောင်းမခံတဲ့ အားနည်းချက်တွေလည်း အာဆင်နယ်အသင်းမှာ ရှိနေတာအမှန်ပါ။ ဒါကြောင့်လည်း မော်ရင်ဟိုအကြောက်ဆုံးလို့ဖွင့်ဟဝန်ခံထားတဲ့ လူအင်အားအတောင့်တင်းဆုံးမန်စီးတီးအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာရှိမနေပေမယ့် ချန်ပီယံဖြစ်ဖို့ ရေပန်းအစားဆုံးနေရာကို ဆက်လက်ဆုပ်ကိုင်ထားနိုင်တာပဲဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် ဒီဇင်ဘာပွဲကျပ်ကာလမှာ နောက်ထပ်ထိုနက်မှု တစ်ခုလည်း ရှိနေပါသေးတယ်။ ဒါကတော့ မန်စီးတီး၊ ချယ်လ်ဆီး၊ မန်ယူစတဲ့ ပြိုင်ဘက်တွေက ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီးမီးယားလိဂ်ကိုပဲ အာရုံစိုက်ခွင့်ရှိနေပေမယ့် အာဆင်နယ်အသင်းကတော့ အဆုံးအဖြတ်ပွဲတစ်ပွဲ ကစားရဦးမှာပါ။ ဆိုးဆိုးရွားရွားဖြစ်မှသာ အုပ်စုကလှည့်ပြန်ရမယ့် အခြေအနေဆိုပေမယ့် ကစားရမှာက နာပိုလီနဲ့ အဝေးကွင်းပွဲဖြစ်နေတာကြောင့် အားစိုက်ကစားရဦးမှာဖြစ်ပါတယ်။ ဒီတော့ အာဆင်နယ်အသင်းရဲ့ လာမယ့်ဒီဇင်ဘာပွဲစဉ်ဇယားက အဲဗာတန်၊ နာပိုလီ၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ကို ဆက်တိုက်ရင်ဆိုင်ရမှာဖြစ်ပြီး အာစင်ဝင်းဂါးပြောခဲ့တဲ့ မယုံကြည်သူတွေကို သက်သေပြမယ်ဆိုတဲ့ စကားအတွက် အကောင်းဆုံးစမ်းသပ် အဆုံးအဖြတ်ပေးမယ့်အချိန်လည်း ဖြစ်နေပါတယ်။ ခြေမချော်ကြေးဆင်နွှဲရမယ့် တိုက်ပွဲကတော့ စပါပြီ။ မော်ရင်ဟိုရဲ့ဟောကိန်းနဲ့ Mind Game ကို အာစင်ဝင်းဂါးရဲ့ယုံကြည်မှုက အနိုင်ရ၊ မရ ဆိုတာကို တော့····။

Photo: AFP

DESIGN: Soe Thet Khine

စကိုလာရီအတွက် စိတ်နဲ့ကစားမယ့်သူ

ကျော်ရှင်

ပြီးခဲ့တဲ့ ၄နှစ်လောက က ဖြစ်ပါတယ်။ ဘရာဇီးလ် လက်ရွေးစင်နည်းပြ စကိုလာရီတစ်ယောက် ရီယိုဒီဂျနေးရိုးက ဟိုတယ်အခန်းထဲမှာ တစ်ဦးတည်းစာထိုင်ရေးနေတယ်။ စာ(၂)မျက်နှာရေးပြီးသွားတဲ့အချိန်မှာတော့ စကိုလာရီလက်စသတ်လိုက်ပါတယ်။ စာထဲမှာသူ့ရဲ့စိတ်အားထက်သန်မှုအပြည့်တွေ့ရတယ်။ စာသားတွေက စိတ်ဓာတ်ပိုင်းကိုလှုံ့ဆော်ပေးနိုင်တဲ့ စကားလုံးတွေနဲ့ပြည့်နေတယ်။ "သင်ဟာ စပါယ်ရှယ်လူတစ်ဦးဖြစ်တယ်"၊ "နေမင်းရဲ့ အပြုံး၊ လူတွေရဲ့မျှော်လင့်ချက်ရောင်ခြည်တွေနဲ့အတူ ပြောချင်တဲ့စကားက မင်းရဲ့ခရီးစဉ်ကိုပြီးပြည့်စုံအောင် သွားလုပ်လိုက်ပါ"စတဲ့ စကားလုံးတွေနဲ့၊ နောက်ထပ် မာတင်လူသာကင်း၊ ဝေါ့ဒစ္စနေတို့ရဲ့ပြောကြားချက်တွေကို ကိုးကားထားတဲ့ စာပိုဒ်ကလေးတွေကလည်း တမျက်နှာပေါ်မှာ ဟိုတစ်စ ဒီတစ်စ။ ဒီစာကို စကိုလာရီ မိတ္တူပွားတယ်။ ပြီးတော့ ဘရာဇီးလ်ကစားသမားတစ်ဦးချင်းစီရဲ့ အခန်းရှေ့မှာ စာစောင်လေးတွေကိုချထားလိုက်ပါတယ်။ ဒီစာကို ဘရာဇီးလ်ကစားသမားတွေ ရရှိလိုက်တဲ့အချိန်က ကွန်ဖက်ဒရေးရှင်းဖလားဗိုလ်လုပွဲမကစားခင် တစ်နာရီအလို။ စကိုလာရီရဲ့စာကိုဖတ်ပြီးချိန်မှာတော့ ဘရာဇီးလ်ကစားသမားတွေဟာ ကမ္ဘာ့ချန်ပီယံ၊ ကမ္ဘာ့နံပါတ်(၁) စပိန်အသင်းနဲ့ကစားဖို့ အဆင်သင့်ဖြစ်နေပြီ။ ဒီပွဲရဲ့ရလဒ်က ဘရာဇီးလ် ၃-၀ စပိန်။ ဆမ်ဘာတွေအောင်ပွဲကြီးကြီးမားမား ရခဲ့တာပါ။ ဒီအကြောင်းကို ဘရာဇီးလ်တိုက်စစ်မှူးဖရက်ဒ်ပြန်ပြောတာက "ဖီလစ်ပီ(စကိုလာရီ)ကဒီပွဲကိုကျွန်တော်တို့မနိုင်ရင် ဘရာဇီးလ်ကလူတွေအားလုံးသေဆုံးသွားနိုင်တယ်ဆိုတဲ့ ခံစားချက်မျိုးကိုပေးနိုင်ခဲ့ပါတယ်"ဆိုပြီး ဖြစ်ပါတယ်။

စိတ်ကုထုံးပရော်ဖက်ဆာ

စကိုလာရီကို ဒီလိုစာမျိုးရေးဖို့ တစ်နည်းအားဖြင့် ကစားသမားတွေကို Motivation ပေးဖို့အကြံပြုခဲ့သူက ဆော်ပေါလိုကတက္ကသိုလ်တစ်ခုရဲ့ အမျိုးသမီးပါမောက္ခ ရီဂျီနာဘရန်ဒါအိုဖြစ်ပါတယ်။ သူမက စိတ်ကုထုံးဆိုင်ရာပါမောက္ခတစ်ဦးဖြစ်ပြီး စကိုလာရီရဲ့နည်းပြအဖွဲ့မှာပါဝင်ခဲ့တာ ၁၉၉၀ကျော်ကာလတွေကတည်းကပါ။ ပါမောက္ခဘရန်ဒါအိုက ဘောလုံးမဟာဗျူဟာနဲ့ပတ်သက်လာရင် Expert ဖြစ်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူမဟာ ဘရာဇီးလ်ရဲ့ကမ္ဘာ့အဆင့်အရည်အသွေးမြင့်ကစားသမားအယောက်(၄၀-၅၀)ထဲကနေ အကောင်းဆုံးအခြေအနေရှိတဲ့ ကစားသမား(၂၃)ဦးစာရင်းကို ရွေးချယ်တင်ပြပေးနိုင်တဲ့သူပါ။ ပါမောက္ခဘရန်ဒါအိုကိုယ်တိုင်သူ့အလုပ်ကိုရှင်းပြရာမှာ "ကျွန်မအလုပ်က ကစားသမားတစ်ဦးချင်းစီရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာအတွေ့အကြုံကိုရေးဆွဲရပါတယ်။ ဒါက စကိုလာရီကို တစ်ဦးချင်းဖြစ်ဖြစ်၊ အစုအဖွဲ့လိုက်ဖြစ်ဖြစ်လေ့လာနိုင်ဖို့ ကူညီနိုင်ပါတယ်။ ဘာအတွက်ရည်ရွယ်သလဲဆိုရင် ကစားသမားတွေရဲ့စိတ်ခံစားချက်က ဘယ်အခြေအနေမှာရှိသလဲ၊ ဒါက သူ့ရဲ့ကစားပုံကို ဘယ်လိုအကျိုးသက်ရောက်စေသလဲဆိုတာကို နားလည်စေနိုင်ဖို့ပါ"ဆိုပြီးသိရပါတယ်။ အားကစားဆိုင်ရာ စိတ်ပညာရှင်တွေ ဒီနေ့ခေတ်မှာများပြားလာပေမယ့် နိုင်ငံတကာဘောလုံးလောကမှာ အသုံးပြုမှုမတွင်ကျယ်သေးပါဘူး။ ၂၀၀၆ ကမ္ဘာ့ဖလားအိမ်ရှင် ဂျာမနီနည်းပြကလင်းစမန်း အသုံးပြုဖူးတာက အထင်ရှားဆုံးဖြစ်ပါတယ်။ စကိုလာရီကတော့ စိတ်ပညာရှင်နဲ့ စိတ်ကုထုံးရဲ့အရေးပါမှုကို လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကျော်ကတည်းက ယုံကြည်ခဲ့သူပါ။

စိတ်နဲ့ ဘောလုံး

ပါမောက္ခဘရန်ဒါအိုဟာ စိတ်ပိုင်းဆိုင်ရာအတွေ့အကြုံရဖို့ ကစားသမားတွေကို မေးခွန်းပေါင်းများစွာပြုလုပ်ရပါတယ်။ ကစားသမားတွေ ဖြစ်စဉ်တစ်ခုကိုဘယ်လိုမြင်သလဲဆိုတာ သေချာဖို့ အဖြေအမျိုးမျိုးထွက်နိုင်တဲ့ မေးခွန်းတွေမေးတယ်။ အခြေအနေပေါ်မူတည်ပြီး အချိုးပြောင်းလဲသွားနိုင်တဲ့နှုန်းထား(Sliding Scale)ကိုတွက်ပေးတယ်။ ကစားသမားတွေရဲ့ဖြေကြားမှုစီးရီးအလိုက်မှာ မျက်နှာပြုံးနေသလား၊ မှုန်ကုပ်နေသလား၊ မဲ့ရွဲ့နေသလားဆိုတာတွေကို အမှတ်ပေးတယ်။ အခြေခံကျတဲ့မေးခွန်းတစ်ခုက "ကိုယ့်အသင်းကိုးသွင်းခံရရင် ဘယ်လိုခံစားရသလဲ" ဆိုတာပါ။ မေးခွန်းကို တုံ့ပြန်တဲ့ဒီဂရီအနိမ့်၊ အမြင့်၊ အပေါင်း၊ အနုတ်ကိုလိုက်ပြီး ကစားသမားတွေကိုနှိုင်းယှဉ်ကြည့်ရင် ဘယ်သူက ဘယ်လိုစိတ်မျိုးရှိတယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ ဒီလိုအချက်အလက်တွေကို အရင်က စကိုလာရီနည်းပြခဲ့တဲ့အသင်းတိုင်းမှာ ပါမောက္ခဘရန်ဒါအိုရေးဆွဲပေးခဲ့တာပါ။ အခုလည်း ၂၀၁၄ ကမ္ဘာ့ဖလားအိမ်ရှင်ဘရာဇီးလ်အတွက် ရေးဆွဲနေပါပြီ။

သူမရဲ့ လေ့လာချက်အရ ဘရာဇီးလ်နဲ့ ပေါ်တူဂီကစားသမားတွေဟာ ဘာသာစကားတူတယ်၊ ယဉ်ကျေးမှုဆက်နွှယ်မှုရှိတယ်ဆိုပေမယ့် အခြေအနေကိုတုံ့ပြန်တဲ့အပိုင်းမှာတော့ ဆန့်ကျင်ဘက်ဖြစ်ကြတယ်လို့ ဖော်ပြပါတယ်။ စိတ်ဓာတ်ပိုင်းကို အလှုပ်အခတ်ဖြစ်စေနိုင်တဲ့ အဝါကတ်ပြခံရမှုဆိုပါတော့။ ပေါ်တူဂီကစားသမားတွေဟာ ဘရာဇီးလ်ကစားသမားတွေထက် စိတ်ခံစားမှုကိုထိန်းချုပ်နိုင်တယ်။ ဒါတင်မက အဝါကတ်ဟာ ပေါ်တူဂီကစားသမားတွေအတွက်ဆိုရင် Positive Motivation ဖြစ်သွားနိုင်ပေမယ့် ဘရာဇီးလ်ကစားသမားတွေကတော့ Negative Motivation ဖြစ်သွားတတ်ပါတယ်။ ဘရာဇီးလ်ကစားသမားတွေဟာ စိတ်ခံစားမှုပြင်းထန်တဲ့သူတွေဖြစ်ပြီး ပြင်ပက အကျိုးသက်ရောက်မှုများစွာကိုလည်းခံရတယ်လို့ သူမကဆိုပါတယ်။ သူမရဲ့ လေ့လာချက်အရ ဘရာဇီးလ်ကစားသမားတစ်ယောက်ဟာ ကလပ်အသင်းနဲ့ စာချုပ်သက်တမ်းနောက်ဆုံးနှစ်ကိုရောက်နေပြီဆိုပါစို့။ အဲဒီကစားသမားကို စကိုလာရီကောင်းကောင်းသတိထားရပါတော့မယ်။ ဒီကစားသမားဟာ လက်ရွေးစင်ထက် ပရော်ဖက်ရှင်နယ်အနာဂတ်ကို ပိုပြီးစိတ်အားထက်သန်နေတတ်တာကြောင့်ဖြစ်ပါတယ်။ ဂျာမနီလက်ရွေးစင်နည်းပြဟောင်း၊ လက်ရှိအမေရိကန်နည်းပြကလင်းစမန်းဟာ သူ့ရဲ့စိတ်ပညာရှင်အကြံပေးချက်အရ ပွဲတစ်ပွဲအတွက် ပွဲထွက်လူစာရင်း(၁၁)ဦးကို ပွဲချိန်နီးကပ်မှကြေညာလေ့ရှိပါတယ်။ ရည်ရွယ်ချက်က ကစားသမားတိုင်းက ကိုယ်ပါဝင်နိုင်တယ်ဆိုတဲ့ စိတ်အားထက်သန်မှုမျိုးရရှိနေအောင်ပါ။ ဒါပေမဲ့ ပါမောက္ခဘရန်ဒါအိုကတော့ ဘရာဇီးလ်ကစားသမားတွေကို ဒီလိုလုပ်လို့အဆင်မပြေဘူးလို့ဆိုပါတယ်။ ဘရာဇီးလ်ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းဟာ လူစာရင်းကိုကြိုသိလေ ပိုကောင်းလေဖြစ်တာကြောင့် သူမက စကိုလာရီကို ပွဲထွက်လူစာရင်းနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းရှိဖို့ အကြံပေးပါတယ်။ သူမဟာ ယူရို-၂၀၀၄ မှာ ပေါ်တူဂီကစားသမားတွေရဲ့ ခေါင်းဆောင်နိုင်မှုအရည်အသွေး(Leadership Qualities)ကို တွက်ချက်ပြီး နူနိုဂိုးမက်စ်ကိုအသင်းခေါင်းဆောင်၊ စီရော်နယ်လ်ဒိုကို ဒုတိယအသင်းခေါင်းဆောင်ခန့်အပ်ဖို့ အကြံပြုခဲ့သူပါ။ စကိုလာရီကလည်း သဘောတူခဲ့ပါတယ်။ ၂၀၀၂ ကမ္ဘာ့ဖလားမတိုင်ခင်မှာလည်း သူမက ဘရာဇီးလ်ကစားသမားတွေဟာ ကလပ်အသင်းအဖွဲ့နဲ့ အုပ်စုကွဲနေတာရှိတယ်။ ဒါကြောင့် ခြေစမ်းပွဲ၊ ဒါမှမဟုတ် စခန်းသွင်းလေ့ကျင့်မှုကိုမကြာခဏပြုလုပ်ပြီး ကစားသမားတွေကိုစုစည်းပါလို့အကြံပေးခဲ့ပါတယ်။ စကိုလာရီကလည်း သဘောတူခဲ့ပါတယ်။ ယူရို-၂၀၀၄မှာ ပေါ်တူဂီဗိုလ်လုပွဲတက်နိုင်ခဲ့ပြီး ၂၀၀၂ ကမ္ဘာ့ဖလားမှာတော့ ဘရာဇီးလ်ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ဒါကြောင့် စကိုလာရီရဲ့ အောင်မြင်မှုတွေမှာ ပါမောက္ခဘရန်ဒါအိုရဲ့ အခန်းကဏ္ဍကိုတွေ့မြင်ရမှာပါ။ အခုတော့ သူမက "ဘရာဇီးလ်ကစားသမားတွေရဲ့ အခြေအနေကိုလက်ခံနိုင်မှုဟာ တခြားသူတွေနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ စိတ်ခံစားမှုပြင်းထန်တယ်၊ အလွန်အကျွံဖြစ်တယ်။ ဒါကအကောင်းဖြစ်နိုင်သလို၊ အဆိုးလည်းဖြစ်နိုင်တယ်။ ဒါကို Manage လုပ်ဖို့ကစကိုလာရီအတွက်စိန်ခေါ်မှုပဲ" လို့ဆိုသွားခဲ့ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုမဲခွဲပွဲက ဒီနေ့(သောကြာ)မှာဖြစ်ပါတယ်။ အားလုံးက စိတ်လှုပ်ရှားနေကြပါပြီ။ အထူးသဖြင့် အိမ်ရှင်ဘရာဇီးလ်ပေါ့။ ဒီပြိုင်ပွဲဟာ ဘရာဇီးလ်နိုင်ငံရေးကို တောင်ရိုက်ခတ်နိုင်ပြီး လက်ရှိသမ္မတရူးဆက်ဖ် နောက်တစ်ကြိမ်ပြန်လည်အရွေးချယ်ခံရ၊ မရဟာ ကမ္ဘာ့ဖလားမှာ ဘရာဇီးလ် ဗိုလ်စွဲ၊ မစွဲနဲ့သက်ဆိုင်နေတယ်လို့ နိုင်ငံရေးလေ့လာသူတွေကဆိုပါတယ်။ စကိုလာရီကတော့ "ကျွန်တော်တို့ဟာ အိမ်ရှင်ဖြစ်တယ်။ ဒါကြောင့် အနိမ့်ဆုံးအဆင့်တော့ လုပ်ဆောင်နိုင်ရမယ်။ အနိမ့်ဆုံးအဆင့်ဆိုတာ ဗိုလ်စွဲဖို့ပဲ"လို့ ဆိုသွားခဲ့ပါတယ်။ ဒီအတွက် ပါမောက္ခဘရန်ဒါအိုကစိတ်နဲ့ကစားပေးနိုင်မလားဆိုတာကတော့။

ဘရာဇီးလ်ဗိုလ်စွဲခဲ့သည့် ကမ္ဘာ့ဖလားများနှင့် မှတ်တမ်းမှတ်ရာများ

ပြိုင်ပွဲ	အိမ်ရှင်	ပွဲ	နိုင်	သွင်းဂိုး
၁၉၅၈	ဆွီဒင်	၆	၅	၁၆
၁၉၆၂	ချီလီ	၆	၅	၁၄
၁၉၇၀	မက္ကဆီကို	၆	၆	၁၉
၁၉၉၄	အမေရိကန်	၇	၅	၁၁
၂၀၀၂	ကိုရီးယား/ဂျပန်	၇	၇	၁၈

Premier ELEVEN

တာဝန်ခံအယ်ဒီတာ
မြတ်ထွင့်ဝင်း

အကြီးတန်းအယ်ဒီတာ
ဟိန်းမောင်မောင် ၊ ဝေယံလင်း

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်ထက်ထွန်း ၊ ဆက်ပိုင်စိုး

သတင်းထောက်
စိုးညီညီရှိန်

ထုတ်ဝေ/ပုံနှိပ်
ထုတ်ဝေသူ - Eleven Media Group (ယာယီ-၁၀၅၉)
ပုံနှိပ်သူ - Eleven Press (ယာယီ-၁၆၃၉)

စောင်ရေ	တန်ဖိုး
၂၀၀၀၀	၂၂၀

ဖြန့်ချိရေးနှင့်ဆက်သွယ်ရန်
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ဘာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈

အာဆင်နယ် နှင့် အဲဗာတန်

နောက်ဆုံး(၅)ပွဲ အခြေအနေ

အာဆင်နယ်			အဲဗာတန်		
လီဗာပူးလ်	W(H)	(2-0)	စပါး	D(H)	(0-0)
မန်ယူ	L(A)	(0-1)	ခရစ္စတယ်ပဲလေ့စ်	D(A)	(0-0)
ဆောက်သမ်တန်	W(H)	(2-0)	လီဗာပူးလ်	D(H)	(3-3)
ကာဒစ်ဖ်	W(A)	(3-0)	စတုတ်စီးတီး	W(H)	(4-0)
ဟားလ်စီးတီး	-(H)	(-)	မန်ယူ	-(A)	(-)

နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၁၀-၁၁	အာဆင်နယ်	၂-၁	အဲဗာတန်
၂၀၁၁-၁၂	အာဆင်နယ်	၁-၀	အဲဗာတန်
၂၀၁၂-၁၃	အာဆင်နယ်	၀-၀	အဲဗာတန်



အဲဗာတန်ရဲ့ ပွဲကျပ်ကာလတွေအစဖြစ်တယ်။ ဒီပွဲပြီးရင် အသင်းကြီးတွေနဲ့ ဆက်တိုက်ကစားရမယ်။ အမှားခံလို့မရတဲ့ ပွဲလည်းဖြစ်တယ်။ အဲဗာတန်ကလည်း မန်ယူနဲ့ပွဲအပြီး ဒီပွဲကို ဆက်ကစားရမှာ။ အာဆင်နယ်အနိုင်ရဖို့များတဲ့ပွဲပါ။ ဒါပေမဲ့ အဲဗာတန်ကလည်း အတိုင်းအတာတစ်ခုအထိ ဒုက္ခပေးမယ်။

ဖူလ်ဟမ် နှင့် အက်စတွန်ဗီလာ

နောက်ဆုံး(၅)ပွဲ အခြေအနေ

ဖူလ်ဟမ်			အက်စတွန်ဗီလာ		
မန်ယူ	L(H)	(1-3)	ဝက်စ်ဟမ်း	D(A)	(0-0)
လီဗာပူးလ်	L(A)	(0-4)	ကာဒစ်ဖ်	W(H)	(2-0)
ဆွမ်ဆီး	L(H)	(1-2)	ဝက်စ်ဘရွန်း	D(A)	(2-2)
ဝက်စ်ဟမ်း	L(A)	(0-3)	ဆန်းဒါးလန်း	D(H)	(0-0)
စပါး	-(H)	(-)	ဆောက်သမ်တန်	-(A)	(-)

နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၁၀-၁၁	ဖူလ်ဟမ်	၁-၁	ဗီလာ
၂၀၁၁-၁၂	ဖူလ်ဟမ်	၀-၀	ဗီလာ
၂၀၁၂-၁၃	ဖူလ်ဟမ်	၁-၀	ဗီလာ



ဖူလ်ဟမ်က မူလန်စတင်နဲ့ပွဲထွက်လာမယ်။ နိုင်လောက်မယ်ထင်တဲ့ပွဲမတိုင်ခင် နည်းပြအပြောင်းအလဲလုပ်လိုက်တာပဲ။ အသင်းကလည်း အတိုင်းအတာတစ်ခုအထိတော့လှုပ်သွားနိုင်တယ်။ ခြေစွမ်းအရ အက်စတွန်ဗီလာသာပါတယ်။ ဒါပေမဲ့ အိမ်ရှင်အသင်းကိုပဲ ရွေးချင်တယ်။

ဆွမ်ဆီး နှင့် ဟားလ်စီးတီး

နောက်ဆုံး(၅)ပွဲ အခြေအနေ

ဆွမ်ဆီး			ဟားလ်စီးတီး		
ကာဒစ်ဖ်	L(A)	(0-1)	ဆန်းဒါးလန်း	W(H)	(1-0)
စတုတ်စီးတီး	D(H)	(3-3)	ဆောက်သမ်တန်	L(A)	(1-4)
ဖူလ်ဟမ်	W(A)	(2-1)	ခရစ္စတယ်ပဲလေ့စ်	L(H)	(0-1)
မန်စီးတီး	L(A)	(0-3)	လီဗာပူးလ်	W(H)	(3-1)
နယူးကာဆယ်	-(H)	(-)	အာဆင်နယ်	-(A)	(-)

အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၁၉၈၆-၈၇(FA)	ဆွမ်ဆီး	၀-၁	ဟားလ်စီးတီး
၂၀၀၈-၀၉(LC)	ဆွမ်ဆီး	၂-၁	ဟားလ်စီးတီး
၂၀၁၀-၁၁(CH)	ဆွမ်ဆီး	၁-၁	ဟားလ်စီးတီး



ဟားလ်စီးတီးကစားပုံကို လျှော့မတွက်သင့်ဘူး။ ဒီရာသီကစားပုံက ဆွမ်ဆီးကို ကောင်းကောင်းယှဉ်နိုင်စွမ်းရှိတယ်။ အဝေးကွင်းဖြစ်နေလို့ အားနည်းနေနိုင်ပေမယ့် ကွင်းလယ်က ထိန်းချုပ်ကစားပုံမဆိုးဘူး။ ဆွမ်ဆီးကွင်းမှာဆိုပေမယ့် သရေကျသွားနိုင်တယ်။

ပဲလေ့စ် နှင့် ကာဒစ်ဖ်

နောက်ဆုံး(၅)ပွဲ အခြေအနေ

ပဲလေ့စ်			ကာဒစ်ဖ်		
ဝက်စ်ဘရွန်း	L(A)	(0-2)	ဆွမ်ဆီး	W(H)	(1-0)
အဲဗာတန်	D(H)	(0-0)	အက်စတွန်ဗီလာ	L(A)	(0-2)
ဟားလ်စီးတီး	W(A)	(1-0)	မန်ယူ	D(H)	(2-2)
နော့ဝစ်ချ်	L(A)	(0-1)	အာဆင်နယ်	L(H)	(0-3)
ဝက်စ်ဟမ်း	W(H)	(1-0)	စတုတ်စီးတီး	-(A)	(-)

နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၀၉-၁၀(CH)	ပဲလေ့စ်	၁-၀	ကာဒစ်ဖ်
၂၀၁၁-၁၂(CH)	ပဲလေ့စ်	၁-၂	ကာဒစ်ဖ်
၂၀၁၂-၁၃(CH)	ပဲလေ့စ်	၃-၂	ကာဒစ်ဖ်



ပဲလေ့စ်ရဲ့ ခံစစ်ကစားပုံသိသိသာသာကောင်းလာတာနဲ့ အတူ ရလဒ်ပိုင်းတွေလည်း မဆိုးဘူးလို့ ဆိုရမယ့်အခြေအနေဖြစ်လာတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာလည်း ဝက်စ်ဟမ်းလိုမာကျောတဲ့အသင်းကို အနိုင်ရခဲ့တယ်။ ကာဒစ်ဖ်ကတော့ ပဲလေ့စ်ထက်သာပါတယ်။ သရေကျဖို့များတယ်။

ပရီးမီးယားလိဂ်စွမ်းဆောင်ရည်အကောင်းဆုံးကစားသမားစာရင်း

အသင်း	ပွဲထွက်ခွင့်	သွင်းဂိုး	ဂိုးဖန်တီးမှု	ပွဲစဉ်အလိုက်အကောင်းဆုံးဆု	ပျမ်းမျှစွမ်းဆောင်ရည်
ဆွာရက်ဇ်	၈	၉	၁	၄	၈.၃၈
ရမ်ဆေး	၁၃	၈	၄	၄	၈.၀၀
ဒေးဗစ်ဆေးလ်ဗား	၇	၃	၃	၁	၇.၉
ဂျီရော့	၁၃	၇	၄	၂	၇.၇၅
လိုဗရန်	၁၂	၁	၁	၁	၇.၇၁
အဂွရို	၁၂	၁၀	၄	၃	၇.၇
ရွန်နီ	၁၂	၈	၅	၃	၇.၆၈
ဗာနန်ဒင်ဟို	၁၀	-	၂	-	၇.၆၃
ယာယာတိုးရေး	၁၃	၅	၃	၁	၇.၆၃
လူကာကူ	၉	၈	၁	၂	၇.၆၂

PREMIER LEAGUE WEEK 15

ခရစ္စမတ်ပွဲကျပ်ကာလကိုရောက်ဖို့ အစပွဲစဉ်တွေလို့ဆိုရမယ့် ပွဲစဉ်တွေရောက်ကိုရယူလိုတဲ့အသင်းကြီးအားလုံးလည်း ဒီလိုပွဲကျပ်ကာလအစမှာ ခြေမချော်ဖို့လည်းဖြစ်ပါတယ်။ လက်ရှိချန်ပီယံမန်ယူအသင်းအနေနဲ့လည်း ထိပ်ဆုံးက အာနယ်အသင်းကလည်း ခက်ခဲတဲ့မြို့ဘက်အဲဗာတန်အသင်းနဲ့ဆုံတွေ့နေတဲ့ပွဲစဉ်

ရလဒ်ကောင်းဖို့



ဆောက်သမ်တန် နှင့် မန်စီးတီး

နောက်ဆုံး(၅)ပွဲ အခြေအနေ

ဆောက်သမ်တန်			မန်စီးတီး		
စတုတ်စီးတီး	D(A)	(1-1)	နော့ဝစ်ချ်	W(H)	(7-0)
ဟားလ်စီးတီး	W(H)	(4-1)	ဆန်းဒါးလန်း	L(A)	(0-1)
အာဆင်နယ်	L(A)	(0-2)	စပါး	W(H)	(6-0)
ချယ်လ်ဆီး	L(A)	(1-3)	ဆွမ်ဆီး	W(H)	(3-0)
အက်စတွန်ဗီလာ	-(H)	(-)	ဝက်စ်ဘရွန်း	-(A)	(-)

၂၀၀၂ ခုနှစ်နောက်ပိုင်း အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၀၃-၀၄	ဆောက်သမ်တန်	၀-၂	မန်စီးတီး
၂၀၀၄-၀၅	ဆောက်သမ်တန်	၀-၀	မန်စီးတီး
၂၀၁၂-၁၃	ဆောက်သမ်တန်	၃-၁	မန်စီးတီး



လီဗာပူးလ် နှင့် ဝက်စ်ဟမ်း

နောက်ဆုံး(၅)ပွဲ အခြေအနေ

လီဗာပူးလ်			ဝက်စ်ဟမ်း		
အာဆင်နယ်	L(A)	(0-2)	အက်စတွန်ဗီလာ	D(H)	(0-0)
ဖူလ်ဟမ်	W(H)	(4-0)	နော့ဝစ်ချ်	L(A)	(1-3)
အဲဗာတန်	D(A)	(3-3)	ချယ်လ်ဆီး	L(H)	(0-3)
ဟားလ်စီးတီး	L(A)	(1-3)	ဖူလ်ဟမ်	W(H)	(3-0)
နော့ဝစ်ချ်	-(H)	(-)	ပဲလေ့စ်	L(A)	(0-2)

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၀၉-၁၀	လီဗာပူးလ်	၃-၀	ဝက်စ်ဟမ်း
၂၀၁၀-၁၁	လီဗာပူးလ်	၃-၀	ဝက်စ်ဟမ်း
၂၀၁၂-၁၃	လီဗာပူးလ်	၀-၀	ဝက်စ်ဟမ်း



* လီဗာပူးလ်အသင်း၏အိမ်ကွင်းနောက်ဆုံး(၃)ပွဲတွင် တစ်ပွဲလျှင်အနည်းဆုံး (၃)ဂိုးသွင်းယူထားနိုင်သည်။

* ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၈)ပွဲအနက် (၆)ပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိပေ။

လီဗာပူးလ်အသင်းက ရလဒ်တွေက ကျဆင်းလာတယ်။ တိုက်စစ်က တာဝန်ကျေတယ်လို့ဆိုနိုင်ပေမယ့် ခံစစ်ပိုင်းကတော့ နောက်ဆုံး(၂)ပွဲမှာ (၆)ဂိုးတောင်ပေးခဲ့ရတယ်။ တစ်ခုရှိတာက (၂)ပွဲစလုံးကို လီဗာပူးလ်အသင်းအဝေးကွင်းတွေမှာ ကစားခဲ့ရတာဖြစ်ပြီး အိမ်ကွင်းခြေစွမ်းကောင်းတာ၊ အိမ်ကွင်းမှာဆိုခံစစ်ကောင်းတာနဲ့ တိုက်စစ်ပိုင်းကလည်း အခုအချိန် အထိကျမသွားသေးတာကြောင့် ဝက်စ်ဟမ်းလိုအသင်းမျိုးကိုတော့ မနိုင်စရာမရှိပါဘူး။ စတာရစ်ချ်မပါပေမယ့် လီဗာပူးလ် ဂိုးရဖို့ပူစရာမရှိဘဲ ခံစစ်ပေါ်မူတည်ပြီး ဂိုးပြတ်၊ မပြတ်အဖြေထွက်လိမ့်မယ်။

ရှိလာခဲ့ပါပြီ။ ဒီလိုအချိန်မှာအသင်းတိုင်းလိုလိုကအမှားမခံဘဲ ရမှတ်တွေကိုရနိုင်သလောက်ယူကြမှာအမှန်ပါပဲ။ ချန်ပီယံဆုလိုအပ်ပါတယ်။ ပရီးမီးယားလိဂ်ပရိသတ်တွေအတွက်လည်း ပွဲကြီးပွဲကောင်းတွေအဖြစ်စောင့်မျှော်ကြည့်ရှုရမယ့်ရက်သတ္တပတ်ဆင်နယ်အသင်းနဲ့ရမှတ်ကွာဟချက်ကျဉ်မြောင်းဖို့အတွက် ခြေတက်နေတဲ့နယူးကာဆယ်အသင်းကစားရမှာဖြစ်ပြီး အာဆင်တွေဟာ ဒီတစ်ပတ်ရဲ့ပွဲကြီးပွဲကောင်းတွေပါပဲ…

အသင်းကြီးတွေ ရန်းကန်ရမယ်

Photo: AFP

ပြီးခဲ့သည့်ရာသီ အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ၄-၃ ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲမှ ဟာနန်ဒက်ဇ်ဂိုးသွင်းယူနေစဉ်

ဆောက်သမ်တန်က ကစားပုံငြိမ်ပြီးကောင်းတယ်။ ဒါပေမဲ့ ချယ်လ်ဆီးကိုတော့ ဘယ်လိုမှမယှဉ်နိုင်ဘဲ ဂိုးပြတ် အရှုံးပေးခဲ့ရတယ်။ ဆောက်သမ်တန်က ကစားကွက်ကောင်းတဲ့အသင်းတွေကို ယှဉ်နိုင်ပေမယ့် မာကျောတဲ့အသင်းတွေကိုတော့ ယှဉ်နိုင်စွမ်းမရှိတာတွေ့ရတယ်။ မန်စီးတီးက ချယ်လ်ဆီးထက် ပိုမာကျောပြီး ကစားပုံပိုငြိမ်တယ်။ တိုက်စစ်ကလည်း အကောင်းဆုံးပုံစံကို ပြနေတယ်။ ဒါကြောင့် ဆောက်သမ်တန်အတွက်မန်စီးတီးက အခက်အခဲတွေနဲ့ ရုန်းကန်ရမယ့်ပွဲဖြစ်နေတယ်။ ချယ်လ်ဆီးကွင်းလယ်က လမ်းပတ်၊ ရာမီရက်စ်တို့အတွဲကိုတောင် ယှဉ်ကစားနိုင်စွမ်းမရှိတဲ့ ဆောက်သမ်တန်ကွင်းလယ်အတွဲက ယာယာတိုရေးနဲ့ ဖာနန်ဒင်ဟိုတို့လို ပါဝါပြည့်ကွင်းလယ်ကို ပိုခက်ခဲမယ်။ ရာသီအစက တောက်လျှောက်ခြေတက်နေချိန်မှာ လီဗာပူးလ်၊ မန်ယူတို့ကို အနိုင်၊ သရေကစားနိုင်ခဲ့ပေမယ့် အခုအချိန်မှာ အသင်းရဲ့ ခြေစွမ်းက သိသိသာသာ ကျဆင်းလာတယ်။ ခံစစ်ကလည်း ဂိုးတွေပေးနေရတယ်။ မန်စီးတီးတိုက်စစ်ဂိုးမြူးနေပုံနဲ့ ဆောက်သမ်တန်အသင်းအိမ်ကွင်းမှာတောင် ခံခဲ့ရချက်လိမ့်မယ်။ လိုဗရန်က ဒဏ်ရာက ပြန်လာချိန်မှာအရင်လိုခြေစွမ်းမရှိသလို၊ ဖွန်တေကလည်း ကစားပုံကောင်းပေမယ့် အထလေးတယ်။ အဂွေရို၊ နာဆရီတို့လို အမြန်နှုန်းကောင်းပြီး တိုက်စစ်ကို ထိထိရောက်ရောက် ကစားပေးနိုင်တဲ့ ယာယာတိုရေးတို့ကြောင့် မန်စီးတီးအသင်းအဝေးကွင်းမှာ အောင်ပွဲခံလိမ့်မယ်။ ဂိုးပြတ်၊ မပြတ်ကတော့ မန်စီးတီးတိုက်စစ်ပေါ်မှာ မူတည်ပါတယ်။

- မန်စီးတီးအသင်း၏ပရီးမီးယားလိဂ်နောက်ဆုံး(၉)ပွဲအနက် (၈)ပွဲတွင်နှစ်သင်းပေါင်းသွင်းဂိုးသည်(၂.၅)အထက်ရှိပြီး ပွဲစဉ်(၁၄)မတိုင်မီအထိပရီးမီးယားလိဂ်နောက်ဆုံး(၁၅)ပွဲအနက်(၁၂)ပွဲတွင်တစ်ပွဲလျှင်အနည်းဆုံး(၂)ဂိုးသွင်းယူထားနိုင်ခဲ့သည်။
- ဆောက်သမ်တန်အသင်းသည် ပွဲစဉ်(၁၄)မတိုင်မီအထိပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး(၄)ပွဲဆက်တိုက်အနိုင်ရရှိထားပြီး ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့သည့်နောက်ဆုံး(၆)ပွဲတွင် မန်စီးတီးအသင်းက(၃)ပွဲနိုင်၊ ဆောက်သမ်တန်အသင်းက(၂)ပွဲနိုင်ကာ (၁)ပွဲသရေကျထားသည်။

မန်ယူ နှင့် နယူးကာဆယ်

နောက်ဆုံး(၅)ပွဲ အခြေအနေ

မန်ယူ			နယူးကာဆယ်		
ဖူလ်ဟမ်	W(A)	(3-1)	ချယ်လ်ဆီး	W(H)	(2-0)
အာဆင်နယ်	W(H)	(1-0)	စပါး	W(A)	(1-0)
ကာဒစ်ဖ်	D(A)	(2-2)	နော့ဝစ်ချ်	W(H)	(2-1)
စပါး	D(A)	(2-2)	ဝက်စ်ဘရွန်း	W(H)	(2-1)
အဲဗာတန်	-(H)	(-)	ဆွမ်ဆီး	-(A)	(-)



၂၀၀၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၁၀-၁၁	မန်ယူ	၃-၀	နယူးကာဆယ်
၂၀၁၁-၁၂	မန်ယူ	၁-၁	နယူးကာဆယ်
၂၀၁၂-၁၃	မန်ယူ	၄-၃	နယူးကာဆယ်

- ပွဲစဉ်(၁၃)မတိုင်မီအထိ နယူးကာဆယ်အသင်း၏ပရီးမီးယားလိဂ်နောက်ဆုံး(၁၀)ပွဲအနက်(၈)ပွဲတွင်နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်ရှိသည်။
- ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့သည့် နောက်ဆုံး(၆)ပွဲတွင်မန်ယူက(၃)ပွဲနိုင်၊ နယူးကာဆယ်က(၁)ပွဲနိုင်ကာ (၂)ပွဲသရေကျထားသည်။

ဒီအချိန်မှာ နယူးကာဆယ်နဲ့တွေ့တဲ့ ဘယ်အသင်းမှ ချောင်ဖို့မရှိဘူး။ အိမ်ကွင်း၊ အဝေးကွင်းမရွေးခြေစွမ်းပြနေပြီး ကစားပုံကလည်း အကောင်းဆုံးပုံစံမှာရှိတယ်။ မာကျောပြီး စိတ်ချရတဲ့ ကွင်းလယ်နဲ့ တိုက်စစ်ရှိတယ်။ အားနည်းတာက ခံစစ်အပိုင်းဖြစ်ပြီး မန်ယူအသင်းက အသုံးချနိုင်ဖို့တော့လိုတယ်။ ဗန်ပါစီပြန်လာရင် တိုက်စစ်က ပူစရာမရှိပေမယ့် ရွန်နီတစ်ဦးတည်းဆိုရင်တော့ ဒီပွဲမှာ မန်ယူတိုက်စစ်က ရုန်းကန်ရလိမ့်မယ်။ အိမ်ကွင်းဖြစ်နေလို့ အနိုင်ရသင့်တယ်ဆိုပေမယ့် မထင်မှတ်တဲ့ရလဒ်တွေလည်း ထွက်ပေါ်နိုင်တယ်။

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	ဂိုး
အဂွေရို	မန်စီးတီး	၁၀
စတာရစ်ချ်	လီဗာပူးလ်	၉
ဆွာရက်ဇ်	လီဗာပူးလ်	၉
လူကာကူ	အဲဗာတန်	၈
ရမ်ဆေး	အာဆင်နယ်	၈
ရီမီ	နယူးကာဆယ်	၈
ရွန်နီ	မန်ယူ	၈
ဗန်ပါစီ	မန်ယူ	၇
ဂျီရော့	အာဆင်နယ်	၇
နီဂရီဒို	မန်စီးတီး	၆
အော်စကာ	ချယ်လ်ဆီး	၅

ပွဲစဉ်(၁၃)ရလဒ်များ

၃၀/၁၁-၁၁/၁၂-၂၀၁၃

အက်စတွန်ဗီလာ	၀-၀	ဆန်းဒါးလန်း
ကာဒစ်	၀-၃	အာဆင်နယ်
အဲဗာတန်	၄-၀	စတုတ်စီးတီး
နော့ဝစ်ချ်	၁-၀	ခရစ္စတယ်ပဲလေ့စ်
ဝက်စ်ဟမ်း	၃-၀	ဖူလ်ဟမ်
နယူးကာဆယ်	၂-၁	ဝက်စ်ဘရွန်း
စပါး	၂-၂	မန်ယူ
ဟားလ်စီးတီး	၃-၁	လီဗာပူးလ်
ချယ်လ်ဆီး	၃-၁	ဆောက်သမ်တန်
မန်စီးတီး	၃-၀	ဆွမ်ဆီး

ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)

၇/၈-၁၂-၂၀၁၃

မန်စီးတီး	-	အာဆင်နယ်
ကာဒစ်ဖ်	-	ဝက်စ်ဘရွန်း
ချယ်လ်ဆီး	-	ခရစ္စတယ်ပဲလေ့စ်
အဲဗာတန်	-	ဖူလ်ဟမ်
နယူးကာဆယ်	-	ဆောက်သမ်တန်
ဝက်စ်ဟမ်း	-	ဆန်းဒါးလန်း
ဟားလ်စီးတီး	-	စတုတ်စီးတီး
အက်စတွန်ဗီလာ	-	မန်ယူ
နော့ဝစ်ချ်	-	ဆွမ်ဆီး
စပါး	-	လီဗာပူးလ်

စတုတ်စီးတီး နှင့် ချယ်လ်ဆီး

နောက်ဆုံး(၅)ပွဲ အခြေအနေ

စတုတ်စီးတီး			ချယ်လ်ဆီး		
ဆောက်သမ်တန်	D(H)	(1-1)	နယူးကာဆယ်	L(A)	(0-2)
ဆွမ်ဆီး	D(A)	(3-3)	ဝက်စ်ဘရွန်း	D(H)	(2-2)
ဆန်းဒါးလန်း	W(H)	(2-0)	ဝက်စ်ဟမ်း	W(A)	(3-0)
အဲဗာတန်	L(A)	(0-4)	ဆောက်သမ်တန်	W(H)	(3-1)
ကာဒစ်ဖ်	-(H)	(-)	ဆန်းဒါးလန်း	-(A)	(-)



နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းထိပ်တိုက်ဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	စတုတ်စီးတီး	၁-၁	ချယ်လ်ဆီး
၂၀၁၁-၁၂	စတုတ်စီးတီး	၀-၀	ချယ်လ်ဆီး
၂၀၁၂-၁၃	စတုတ်စီးတီး	၀-၄	ချယ်လ်ဆီး

ချယ်လ်ဆီးကစားပုံကောင်းလာပြီး ရလဒ်တွေတက်လာတယ်ဆိုပေမယ့် ကစားပုံက အရှိန်ယုံလို့မရသေးဘူး။ ကံကောင်းတာက တိုက်စစ်ပိုင်းအားနည်းနေချိန်မှာ ဒမ်ဘာဘားက ပုံစံကောင်းပြန်ရလာတယ်။ စတုတ်ကအိမ်ကွင်းမာတဲ့အသင်းဖြစ်လို့ ချယ်လ်ဆီးသရေလောက်ပဲ ရလိမ့်မယ်။

ဝက်စ်ဘရွန်း နှင့် နော့ဝစ်ချ်

နောက်ဆုံး(၅)ပွဲ အခြေအနေ

ဝက်စ်ဘရွန်း			နော့ဝစ်ချ်		
ခရစ္စတယ်ပဲလေ့စ်	W(H)	(2-0)	မန်ယူ	L(A)	(0-7)
ချယ်လ်ဆီး	D(A)	(2-2)	ဝက်စ်ဟမ်း	W(H)	(3-1)
အက်စတွန်ဗီလာ	D(H)	(2-2)	နယူးကာဆယ်	L(A)	(1-2)
နယူးကာဆယ်	L(A)	(1-2)	ခရစ္စတယ်ပဲလေ့စ်	W(H)	(1-0)
မန်စီးတီး	-(H)	(-)	လီဗာပူးလ်	-(A)	(-)



အိမ်ကွင်းထိပ်တိုက်တွေ့ဆုံခဲ့သမျှ

၂၀၀၇-၀၈(CH)	ဝက်စ်ဘရွန်း	၂-၀	နော့ဝစ်ချ်
၂၀၁၁-၁၂	ဝက်စ်ဘရွန်း	၁-၂	နော့ဝစ်ချ်
၂၀၁၂-၁၃	ဝက်စ်ဘရွန်း	၂-၁	နော့ဝစ်ချ်

ဝက်စ်ဘရွန်းက နော့ဝစ်ချ်ထက်ပိုကောင်းတယ်။ ဒါပေမဲ့ နောက်ပိုင်းပွဲတွေရဲ့ ရလဒ်ကိုကြည့်ရင် နော့ဝစ်ချ်ကိုမမိဘူး။ အဓိကပြဿနာက ခံစစ်ဖြစ်နေတယ်။ ဝက်စ်ဘရွန်းခံစစ်က ဂိုးတွေဆက်တိုက်ပေးနေရတယ်။ နော့ဝစ်ချ်ကိုတော့ အပြန်အလှန်ဂိုးတွေနဲ့ နိုင်ဖို့များပါတယ်။

ဆန်းဒါးလန်း နှင့် စပါး

နောက်ဆုံး(၅)ပွဲ အခြေအနေ

ဆန်းဒါးလန်း			စပါး		
ဟားလ်စီးတီး	L(A)	(0-1)	အဲဗာတန်	D(A)	(0-0)
မန်စီးတီး	W(H)	(1-0)	နယူးကာဆယ်	L(H)	(0-1)
စတုတ်စီးတီး	L(A)	(0-2)	မန်စီးတီး	L(A)	(0-6)
အက်စတွန်ဗီလာ	D(A)	(0-0)	မန်ယူ	D(H)	(2-2)
ချယ်လ်ဆီး	-(H)	(-)	ဖူလ်ဟမ်	-(A)	(-)



နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းထိပ်တိုက်ဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	ဆန်းဒါးလန်း	၁-၂	စပါး
၂၀၁၁-၁၂	ဆန်းဒါးလန်း	၀-၀	စပါး
၂၀၁၂-၁၃	ဆန်းဒါးလန်း	၁-၂	စပါး

ပုံမှန်အတိုင်းဆိုရင်တော့ ဆန်းဒါးလန်းကွင်းမှာ စပါးရုန်းကန်ရဖို့ရှိတယ်။ ဒါပေမဲ့ ဆန်းဒါးလန်းက အတော်လေးအခြေအနေဆိုးနေတယ်။ စပါးက ဖိအားတွေရှိနေတယ်ဆိုပေမယ့် သူ့အဆင့်နဲ့သူပါ။ ဆန်းဒါးလန်းလိုအသင်းထက်တော့ပိုကောင်းပါတယ်။ စပါးနိုင်လိမ့်မယ်။

ပရီးမီးယားလိဂ်စွမ်းဆောင်ရည်အကောင်းဆုံးကစားသမားစာရင်း

အသင်း	ပွဲထွက်ခွင့်	သွင်းဂိုး	ဂိုးဖန်တီးမှု	ပွဲစဉ်အလိုက်အကောင်းဆုံးဆု	ပျမ်းမျှစွမ်းဆောင်ရည်
ဂျရတ်	၁၃	၃	၅	၁	၇.၆၁
ဘယ်ရီ	၉	၁	၃	၁	၇.၅၈
တောင်ဆန်	၁၁	၁	-	၃	၇.၅၆
စတာရစ်ချ်	၁၂	၉	၂	၁	၇.၅၄
ဝင်စတန်ရီဒ်	၁၁	၁	-	၂	၇.၅၂
ဒီဘူချီ	၁၂	၁	၁	၃	၇.၅
အိုဇေးလ်	၁၁	၂	၆	၁	၇.၅
ဂျာဂယ်လ်ကာ	၁၃	-	၁	၂	၇.၄၈
ဂလင်ဂျွန်ဆင်	၈	-	-	-	၇.၄၆
ဂျီဒီနက်	၁၄	-	-	၁	၇.၄၆

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

THE FOOTBALL LEAGUE
CHAMPIONSHIP WEEK 19

လိဂ်ချန်ပီယံရှစ်ပွဲစဉ်တွေကို ကြားရက်မှာပါ ဆက်တိုက်ယှဉ်ပြိုင်ခဲ့တာကြောင့် အသင်းတွေ ပွဲပန်းနေကြမှာ သေချာပါတယ်။ ဒီတစ်ပတ်မှာလည်း အမှတ်ပေးဇယားထိပ်ဆုံးနဲ့အောက်ဆုံးကနေရာ အပြောင်းအလဲဖြစ်လာမလားဆိုတာ...

ဒါဘီ နှင့် ဘလက်ပူးလ်

ဒါဘီ	L(A)	W(H)	W(A)	W(A)	-
ဘလက်ပူးလ်	W(A)	L(H)	D(A)	W(H)	L(A)

နောက်ပိုင်းပွဲစဉ်တွေမှာ ဒါဘီခြေစွမ်းငြိမ်ပြီး ရလဒ်ကောင်းနေပေမယ့် ဘလက်ပူးလ်ကတော့ခြေအတက်အကျမမှန်ပါဘူး။ အိမ်ရှင်ဒါဘီ အနိုင်ရသွားမှာပါ။

ဘရိုက်တန် နှင့် လက်စတာ

ဘရိုက်တန်	W(A)	W(H)	W(A)	D(A)	L(H)
လက်စတာ	W(A)	L(H)	W(A)	W(H)	L(A)

ဘရိုက်တန်ရဲ့ အိမ်ကွင်းခြေစွမ်းက အားရစရာမရှိပါဘူး။ လက်စတာကလည်း အမှတ်ပေးဇယားထိပ်ဆုံးရောက်နေပေမယ့် အဝေးကွင်းဆိုရင် ကစားပုံပျက်တတ်ပါတယ်။ သရေကျဖို့ များပါတယ်။

ဘာမင်ဂမ် နှင့် မစ်ဒယ်ဘရော့

ဘာမင်ဂမ်	L(H)	W(A)	D(H)	W(A)	D(H)
မစ်ဒယ်ဘရော့	D(H)	L(A)	L(A)	W(H)	-

ဘာမင်ဂမ် ခြေပြန်မှန်လာပေမယ့် အိမ်ကွင်းသရေပွဲတွေ များနေပါတယ်။ မစ်ဒယ်ဘရော့ရဲ့ အဝေးကွင်းခြေစွမ်းကလည်း အဆိုးရွားဆုံးအသင်းထဲမှာ ပါနေလို့ အိမ်ရှင်ဘာမင်ဂမ် ကပ်နိုင်သွားမှာပါ။

ဘော်လ်တန် နှင့် ဒွန်ကက်စတာ

ဘော်လ်တန်	W(A)	W(H)	W(A)	L(A)	L(H)
ဒွန်ကက်စတာ	D(A)	W(H)	L(A)	W(H)	D(A)

(၂)ပွဲဆက်ရှုံးပွဲတွေထားတဲ့ ဘော်လ်တန်တို့ အိမ်ကွင်းမှာ နိုင်ပွဲရအောင် အစွမ်းကုန်ကြိုးစားလာမှာပါ။ အခုနောက်ပိုင်း ဒွန်ကက်စတာခြေစွမ်းတက်လာပေမယ့် အိမ်ရှင်ဘော်လ်တန်ကို ကျော်ဖြတ်ဖို့ခက်ပါတယ်။ ဘော်လ်တန်အနိုင်ရမှာပါ။

လီဒ်စ် နှင့် ဝက်ဖို့ဒ်

လီဒ်စ်	W(A)	W(H)	W(H)	L(A)	-
ဝက်ဖို့ဒ်	L(H)	D(A)	L(H)	L(H)	D(A)

ခြေအတက်အကျမမှန်ပေမယ့် လီဒ်စ်ဟာ အိမ်ကွင်းဆိုရင်တော့ ရလဒ်ကောင်းအောင် ကစားနိုင်ပါတယ်။ (၅)ပွဲဆက် နိုင်ပွဲပျောက်နေမှုကို ဝက်ဖို့ဒ် ရပ်တန့်နိုင်ဖို့ ခက်နေပြီး အိမ်ရှင်လီဒ်စ်အမှတ်ပြည့်ယူမယ့်ပွဲပါ။

ရက်ဒင်း နှင့် ဘုန်းမောက်

ရက်ဒင်း	L(A)	D(H)	D(A)	W(A)	W(H)
ဘုန်းမောက်	L(H)	D(A)	L(H)	D(H)	L(A)

ရက်ဒင်းခြေပြန်ငြိမ်လာပြီး ရလဒ်တွေလည်း ကောင်းနေပါတယ်။ ဘုန်းမောက်ရဲ့ အဝေးကွင်းပေးဂိုးအများဆုံးခံစစ်ကို အိမ်ရှင်ရက်ဒင်း အနည်းဆုံး(၂)ဂိုးလောက် သွင်းပြမှာပါ။

➢➢➢➢

လိဂ်ချန်ပီယံရှစ်ထိပ်ဆုံး(၁၂)သင်း

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁။	လက်စတာ	၁၈	၁၂	၂	၄	၃၀	၁၈	၃၈
၂။	QPR	၁၈	၁၁	၅	၂	၂၂	၁၀	၃၈
၃။	ဘန်လေ	၁၈	၁၀	၆	၂	၂၉	၁၃	၃၆
၄။	ရက်ဒင်း	၁၈	၈	၇	၃	၂၇	၂၀	၃၁
၅။	ဘလက်ပူးလ်	၁၈	၈	၇	၃	၂၂	၁၆	၃၁
၆။	ဒါဘီ	၁၇	၈	၄	၅	၃၃	၂၄	၂၈
၇။	နော့တင်ဟမ်	၁၈	၇	၇	၄	၂၈	၂၂	၂၈
၈။	အစ်ပဆ်ဝှစ်	၁၈	၇	၅	၆	၂၈	၂၃	၂၆
၉။	လီဒ်စ်	၁၇	၈	၂	၇	၂၄	၂၀	၂၆
၁၀။	ဟတ်ဒါဖီးလ်	၁၈	၇	၅	၆	၂၄	၂၁	၂၆
၁၁။	ဘရိုက်တန်	၁၈	၆	၇	၅	၂၁	၁၇	၂၅
၁၂။	ဝက်ဖို့ဒ်	၁၈	၆	၆	၆	၂၇	၂၄	၂၄

အယ်လ်လိုင်ဒါ နှင့် ဘက်တစ်

အယ်လ်လိုင်ဒါ နောက်ဆုံး(၅)ပွဲ		ဘက်တစ်	
ဟော်စပီတာလတ်	D(A)(1-1)	ဗွီမာရေ့စ်	W(A)(1-0)
ဘီလာရက်စ်	D(H)(1-1)	ဘာစီလိုနာ	L(H)(1-4)
အွန်တီယန့်	W(A)(2-1)	ဆီဗီလာ	L(A)(0-4)
ဒီဇာတီဗာ	D(H)(0-0)	လိုင်ယွန်	L(A)(0-1)
ဗလင်စီယာII	D(A)(0-0)	ဗယ်လက်ကာနို	D(H)(2-2)

အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

မရှိ

ရလဒ်ဆိုးတွေကြောင့် နည်းပြအပြောင်းအလဲလုပ်ထားရတဲ့ဘက်တစ် ဒီလိုပွဲမျိုးမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားမှာပါ။ ဒါပေမဲ့ အိမ်ရှင်အယ်လ်လိုင်ဒါရဲ့ ခံစစ်ပိုင်းတည်ငြိမ်နေတာကြောင့် ဂိုးပြတ်ဖို့တော့ မဖြစ်နိုင်ပါဘူး။

ဗီလာရီးယဲယ် နှင့် အယ်လ်ချီ

ဗီလာရီးယဲယ် နောက်ဆုံး(၅)ပွဲ		အယ်လ်ချီ	
ဂီတာဖေး	L(H)(0-2)	ဘီလ်ဘာအို	D(A)(2-2)
အယ်လ်ချီ	W(A)(1-0)	ဗီလာရီးယဲယ်	L(H)(0-1)
အက်သလက်တီကို	D(H)(1-1)	ဂီတာဖေး	D(A)(1-1)
လီဗန်တေး	W(A)(3-0)	ဗလင်စီယာ	W(H)(2-1)
မာလာဂါ	D(H)(1-1)	အက်သလက်တီကို	L(H)(0-2)

၁၉၉၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၁၉၉၇-၉၈ ဗီလာရီးယဲယ် ၀-၁ အယ်လ်ချီ
၂၀၁၂-၁၃ ဗီလာရီးယဲယ် ၂-၃ အယ်လ်ချီ

အယ်လ်ချီက အစဉ်အလာမှာ ဗီလာရီးယဲယ်ကို ဒုက္ခပေးတတ်သလို၊ လက်ရှိခြေစွမ်းကလည်း မညံ့ပါဘူး။ ဒါပေမဲ့ ပိုကောင်းတဲ့အိမ်ရှင်ဗီလာရီးယဲယ် အနိုင်ကစားမှာပါ။

အယ်လ်ဂျီစီရက်စ် နှင့် ဆိုစီဒက်

အယ်လ်ဂျီစီရက်စ် နောက်ဆုံး(၅)ပွဲ		ဆိုစီဒက်	
အယ်လ်ပီရီယာII	W(A)(1-0)	မန်ယူ	D(H)(0-0)
ကော်ဒိုဘာII	W(H)(2-1)	ရီးယဲယ်မက်ဒရစ်	L(A)(1-5)
လီနန့်စ်	L(A)(0-1)	ဆယ်လ်တာဗီဂို	W(H)(4-3)
ဆန်လူကာ့ဒ်	D(H)(2-2)	ရှက်တာဒိုးနက်	L(A)(0-4)
ဂရန်နာဒါII	D(A)(2-2)	အက်စ်ပန်ညို	W(A)(2-1)

အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

မရှိ

ဆီဂန်ဒါ(ခ)က အယ်လ်ဂျီစီရက်စ်အတွက် အိမ်ကွင်းကိုပဲ အားကိုးရဖို့ရှိပါတယ်။ အဆင့်ချင်းကွာသလို ခံစစ်ပိုင်းလည်း ပေါက်နေတာကြောင့် ဂိုးပြတ်ရှုံးသွားနိုင်ပါတယ်။

ရီခရီယေတီဗို နှင့် လီဗန်တေး

ရီခရီယေတီဗို နောက်ဆုံး(၅)ပွဲ		လီဗန်တေး	
ပွန်ဖာရာဒီနာ	L(A)(1-3)	ဘက်တစ်	D(A)(0-0)
ဒီပို့တီဗို	L(H)(0-1)	ဂရန်နာဒါ	L(H)(0-1)
အလာဗတ်စ်	D(A)(3-3)	ဘီလ်ဘာအို	L(A)(1-2)
အိုက်ဘာ	L(H)(1-2)	ဗီလာရီးယဲယ်	L(H)(0-3)
နူမန်စီယာ	W(A)(3-2)	ဂီတာဖေး	L(A)(0-1)

၂၀၀၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၇-၀၈ ရီခရီယေတီဗို ၂-၀ လီဗန်တေး
၂၀၀၉-၁၀ ရီခရီယေတီဗို ၀-၁ လီဗန်တေး

လာလီဂါမှာ နောက်ဆုံး(၄)ပွဲဆက်တိုက် ရှုံးနိမ့်ထားတဲ့ လီဗန်တေးလည်း ပြန်လာနိုင်ဖို့ လိုနေပါပြီ။ ရီခရီယေတီဗိုက ဆီဂန်ဒါမှာခြေစွမ်းပြနေပေမယ့် ခံစစ်စိတ်မချရပါဘူး။ အပြန်အလှန်ဂိုးတွေနဲ့ သရေကျဖို့ များပါတယ်။

ဆန့်အန်ဒရူး နှင့် အက်သလက်တီကို

ဆန့်အန်ဒရူး နောက်ဆုံး(၅)ပွဲ		အက်သလက်တီကို	
ပရတ်	D(H)(0-0)	ဗီအန်	W(H)(4-0)
အက်စ်ပန်ညိုII	L(A)(0-1)	ဗီလာရီးယဲယ်	D(A)(1-1)
ကွန်စတန်စီယာ	W(H)(1-0)	ဂီတာဖေး	W(H)(7-0)
ဟော်စပီတာလတ်	D(H)(2-2)	ဇင်းနစ်	D(A)(1-1)
ဘီလာရက်စ်	L(A)(0-1)	အယ်လ်ချီ	W(A)(2-0)

ဒီလိုပွဲမျိုးမှာ အက်သလက်တီကို လူစုံထုတ်ဖို့မရှိပေမယ့် စပိန်ဘုရင့်ဖလားရဲ့လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်အတွက် အမှားခံမှာတော့ မဟုတ်ပါဘူး။ ဆန့်အန်ဒရူးအသင်း ဂိုးပြတ်မရှုံးဖို့ပဲ မျှော်လင့်ရမယ့်ပွဲပါ။

COPA DEL REY
COPA DEL REY 4th

နှစ်ပွဲဆက်အရှုံးအတွက်

စပိန်ဘုရင့်ဖလားပြိုင်ပွဲက လာလီဂါအသင်း(၂၀)အပါအဝင် စုစုပေါင်း(၃၂)သင်း ယှဉ်ပြိုင်အက်သလက်တီကို စတဲ့လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးအသင်းတွေ အောက်တန်းအသင်းတွေနဲ့ပဲ ရလဒ်ကောင်းဖို့များနေပြီး ချန်ပီယံလိဂ်မှာ အေဂျက်စ်၊ လာလီဂါမှာ ဘီလ်ဘာအိုတို့ကို နှစ်ပွဲဆက်

အိုလင်ပစ် နှင့် ရီးယဲယ်မက်ဒရစ်

အိုလင်ပစ် နှင့် ရီးယဲယ် နောက်ဆုံး(၅)ပွဲ			
အိုလင်ပစ်		ရီးယဲယ်မက်ဒရစ်	
အယ်လ်ချီII	W(H)(1-0)	ဗယ်လက်ကာနို	W(A)(3-2)
ဗီလာရီးယဲယ်II	W(A)(2-0)	ဆိုစီဒက်	W(H)(5-1)
ဟူရာကန်	D(H)(0-0)	အယ်လ်မီရီယာ	W(A)(0-5)
အယ်လ်လိုင်ဒါ	D(A)(0-0)	ဂါလာတာစာရေ	W(H)(4-1)
ပရတ်	W(H)(2-0)	ဗယ်လာဒိုလစ်	W(H)(4-0)

REAL MADRID PROBABLE LINE-UP

ဆီဂန်ဒါ(ခ)မှာတော့ အိုလင်ပစ်ရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံရှိနေပါတယ်။ နောက်ဆုံး(၅)ပွဲမှာ ရှုံးပွဲမရှိဘဲ (၃)ပွဲနိုင်ထားပါတယ်။ ဒါပေမဲ့ ရီးယဲယ်က ဂိုးပြတ်နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့အသင်းပါ။ ဒါက နောက်ဆုံး(၇)ပွဲဆက် ပေးဂိုးမရှိတဲ့ အိုလင်ပစ်ခံစစ်အတွက် အကောင်းဆုံးစိန်ခေါ်မှုဖြစ်လာမှာပါ။ ရီးယဲယ်အသင်းက အဆင့်ကွာတဲ့ပြိုင်ဘက်နဲ့ ဆုံတွေ့ရမှာဖြစ်တာကြောင့် အမာခံကစားသမားတွေကို အနားပေးယှဉ်ပြိုင်သွားမှာတော့ သေချာနေပါတယ်။ ဒါပေမဲ့ ရီးယဲယ်အသင်းရဲ့အရန်ကစားသမားတွေကလည်း အိုလင်ပစ်လို အသင်းတစ်သင်းကို အသာစီးယူဖို့ လုံလောက်ပါတယ်။ အနိမ့်ဆုံး(၃)ဂိုးနဲ့အထက် သွင်းနေတဲ့တိုက်စစ်ပိုင်း အားလျော့သွားမယ်ဆိုရင်တောင် အနိုင်ရလဒ်နဲ့တော့ လွဲချော်ဖို့မရှိပါဘူး။ ရီးယဲယ်ပဲ ဂိုးပြတ်အနိုင်ရသွားဦးမှာပါ။

အိုလင်ပစ်နှင့် ရီးယဲယ်မက်ဒရစ်ပွဲမှ ထူးခြားချက်များ

➢ အိုလင်ပစ်အသင်းသည် စပိန်ဘုရင့်ဖလားပြိုင်ပွဲ Round of 32 ကို ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး (၃)ပွဲကစားခဲ့မှုမှာ အိမ်ကွင်း၌ တစ်ပွဲတွင်သာ အနိုင်ရရှိထားသည်။

➢ ရီးယဲယ်မက်ဒရစ်အသင်းသည် စပိန်ဘုရင့်ဖလားပြိုင်ပွဲနောက်ဆုံး(၆)ပွဲတွင် (၅)ပွဲအထိ [illegible] ရီးယဲယ်မက်ဒရစ်အသင်း၏ စပိန်ဘုရင့်ဖလားပြိုင်ပွဲ နောက်ဆုံး(၈)ပွဲနောက်(၆)ပွဲတွင် [illegible] (၂.၅) အထက်တွင်ရှိသည်။

ဗယ်လာဒိုလစ် နှင့် ဗယ်လက်ကာနို

ဗယ်လာဒိုလစ် နောက်ဆုံး(၅)ပွဲ		ဗယ်လက်ကာနို	
ဆိုစီဒက်	D(H)(2-2)	အိုဆာဆူနာ	L(A)(1-3)
အယ်လ်မီရီယာ	L(A)(0-1)	ရီးယဲယ်မက်ဒရစ်	L(H)(2-3)
ဗလင်စီယာ	D(A)(2-2)	ဆယ်လ်တာဗီဂို	W(A)(2-0)
အိုဆာဆူနာ	L(H)(0-1)	အက်စ်ပန်ညို	L(H)(1-4)
ရီးယဲယ်မက်ဒရစ်	L(A)(0-4)	ဘက်တစ်	D(A)(2-2)

၂၀၀၁ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၂-၀၃ ဗယ်လာဒိုလစ် ၂-၀ ဗယ်လက်ကာနို
၂၀၁၀-၁၁ ဗယ်လာဒိုလစ် ၂-၂ ဗယ်လက်ကာနို
၂၀၁၂-၁၃ ဗယ်လာဒိုလစ် ၆-၁ ဗယ်လက်ကာနို

ဗယ်လာဒိုလစ်က နိုင်ပွဲပျောက်နေတာကြာပြီဖြစ်သလို၊ ဗယ်လက်ကာနိုကလည်း နောက်ဆုံး(၅)ပွဲမှာ (၁)ပွဲပဲ နိုင်ခဲ့တာပါ။ ဒါကြောင့် အခြေအနေတူအသင်းတွေလို့ ဆိုနိုင်ပြီး အိမ်ရှင်အခွင့်အရေးကို ဗယ်လာဒိုလစ်အသုံးချနိုင်ဖို့ရှိပါတယ်။ ဗယ်လာဒိုလစ်နဲ့ ဂိုးအများကို ရွေးချယ်သင့်ပါတယ်။

ရေးဆင်း နှင့် ဆီဗီလာ

ရေးဆင်း နောက်ဆုံး(၅)ပွဲ		ဆီဗီလာ	
စပို့တင်းဂီဂျွန်II	D(H)(1-1)	ဆလိုဝန်	D(H)(1-1)
ရီးယဲယ်အိုဗီဒို	W(A)(3-2)	အက်စ်ပန်ညို	W(A)(3-1)
ဘာဂို့စ်	L(A)(0-1)	ဘက်တစ်	W(H)(4-0)
နီဂျာ	W(H)(3-0)	အက်စ်တိုရီ	D(H)(1-1)
ထရိုပီဇွန်	W(A)(5-0)	ဂရန်နာဒါ	W(A)(2-1)

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၉-၁၀ ဆီဗီလာ ၁-၂ ရေးဆင်း
၂၀၁၀-၁၁ ဆီဗီလာ ၁-၁ ရေးဆင်း
၂၀၁၁-၁၂ ဆီဗီလာ ၂-၂ ရေးဆင်း

ရေးဆင်းက တစ်ချိန်တုန်းက ဆီဗီလာကို အန္တရာယ်ပေးနိုင်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ဆီဂန်ဒါ(ခ)အထိရောက်ပြီး အဆင့်ကွာနေခဲ့ပါပြီ။ လက်ရှိအချိန်မှာ ရေးဆင်း တိုက်စစ်ခြေစွမ်းပြနေပေမယ့် အခုနောက်ပိုင်း ပုံစံကောင်းရနေတဲ့ဆီဗီလာကို သရေကစားနိုင်ဖို့တောင် မလွယ်ပါဘူး။

ကစားမယ့် စတုတ္ထအဆင့်ကိုရောက်ရှိလာပြီး ဒီတစ်ပတ် ပထမအကျော့အဖြစ် ယှဉ်ပြိုင်မှာပါ။ ဒီအဆင့်မှာ ဘာစီလိုနာ၊ ရီးယဲလ် ဆိုတွေ့ရမှာဖြစ်ပေမယ့် အကြိတ်အနယ်ရှိမယ့် လာလီဂါအသင်းအချင်းချင်း ဆုံတွေ့တဲ့ပွဲတွေလည်း ပါဝင်နေပါတယ်။ အသင်းကြီးတွေပဲ ရှုံးထားတဲ့ ဘာစီလိုနာအသင်းကတော့ အသင်းငယ် ကာတာဂျီနာကို ပေါက်ကွဲပြဖို့ အလားအလာများနေပါတယ်…. ။

ဘာစီလိုနာပေါက်ကွဲပြတော့မယ်

ဝေယံအောင်

Photo : AFP

ကာတာဂျီနာ နှင့် ဘာစီလိုနာ

ကာတာဂျီနာ နှင့် ဘာစီလိုနာ နောက်ဆုံး(၅)ပွဲ

ကာတာဂျီနာ		ဘာစီလိုနာ	
ဆီဗီလာ။	**W**(A)(1-0)	အက်စပန်ညို	**W**(H)(1-0)
ဂွါဒါလာဂျာရာ	**D**(A)(1-1)	ဘက်တစ်	**W**(A)(4-1)
လာရီဒါ	**W**(H)(1-0)	ဂရန်နာဒါ	**W**(H)(4-0)
ကာစာရီနီ	**L**(A)(0-2)	အေဂျက်စ်	**L**(A)(1-2)
ဆန်ဖာနန်ဒို	**W**(H)(3-1)	ဘီလ်ဘာအို	**L**(A)(0-1)

BARCELONA PROBABLE LINE-UP

နောက်ဆုံး(၅)ပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိထားတဲ့ ကာတာဂျီနာရဲ့ခြေစွမ်းက မဆိုးပါဘူး။ ဒါပေမဲ့ အဲဒီရလဒ်ပိုင်းက ဆီဂန်ဒါ(ခ)မှာပါ။ ဘာစီလိုနာက လာလီဂါကို ဦးဆောင်နေတဲ့အသင်းဖြစ်တာကြောင့် အခြေအနေချင်း ကွာခြားလွန်းပါတယ်။ ဒီလိုပွဲမျိုးမှာ ဘာစီလိုနာအသင်း လူငယ်တွေနဲ့ အရန်ကစားသမားတွေကို ပွဲထုတ်နေရာပေးသွားမှာသေချာပေမယ့် ချန်ပီယံလိဂ်နဲ့ လာလီဂါမှာ နှစ်ပွဲဆက်ရှုံးထားတဲ့ဖိအားရှိနေတာကိုတော့ သတိပြုရဖို့ရှိပါတယ်။ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်လာရတဲ့ ဘာစီလိုနာနည်းပြမာတီနိုအနေနဲ့ ဒီပွဲမှာ အနိုင်ယူပြီး ဖိအားတွေအောက်က ရုန်းထွက်ဖို့လည်း ရည်ရွယ်ထားပါလိမ့်မယ်။ ဘာစီလိုနာအသင်း ဂိုးဘယ်လောက်သွင်းမလဲဆိုတာကပဲ အဓိက အဆုံးအဖြတ်ဖြစ်လာဖို့ရှိပါတယ်။ အဝေးကွင်းဆိုပေမယ့် ဘာစီလိုနာရဲ့အနိုင်က ပြတ်သားသွားမှာ သေချာပါတယ်။

ကာတာဂျီနာနှင့် ဘာစီလိုနာပွဲမှ ထူးခြားချက်များ

➢ ကာတာဂျီနာအသင်းသည် ယခင်ဘုရင့်ဖလားပြိုင်ပွဲနောက်ဆုံး(၃)ပွဲဆက် အနိုင်ရထားသည်။ ကာတာဂျီနာအသင်း၏ ယခင်ဘုရင့်ဖလားပြိုင်ပွဲနောက်ဆုံး (၈)ပွဲတွင် ဂိုးပေးရသည့်ပွဲ တစ်ပွဲသာရှိသည်။

➢ ဘာစီလိုနာအသင်းသည် ယခင်ဘုရင့်ဖလားပြိုင်ပွဲနောက်ဆုံး(၈)ပွဲတွင် (၅)ပွဲအထိ ရှုံးပွဲမရှိအောင် ကစားလာခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခင်ဘုရင့်ဖလားပြိုင်ပွဲနောက်ဆုံး(၈)ပွဲအနက် (၆)ပွဲတွင် တစ်ပွဲလျှင် အနည်းဆုံး (၂)ဂိုးသွင်းယူထားခဲ့သည်။

ဆယ်လ်တာဗီဂို နှင့် ဘီလ်ဘာအို

ဆယ်လ်တာဗီဂို နောက်ဆုံး(၅)ပွဲ ဘီလ်ဘာအို

ဆယ်လ်တာဗီဂို		ဘီလ်ဘာအို	
ဘာစီလိုနာ	**L**(H)(0-3)	အယ်လ်ချီ	**D**(H)(2-2)
ဆီဗီလာ	**W**(A)(1-0)	အက်သလက်တီကို	**L**(A)(0-2)
ဗယ်လင်ကာနီ	**L**(H)(0-2)	လီဗန်တေး	**W**(H)(2-1)
ဆိုစီဒက်	**L**(A)(3-4)	မာလာဂါ	**W**(A)(2-1)
အယ်လ်မီရီယာ	**W**(H)(3-1)	ဘာစီလိုနာ	**W**(H)(1-0)

၂၀၀၄ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၅-၀၆ ဆယ်လ်တာဗီဂို ၀-၁ ဘီလ်ဘာအို
၂၀၀၆-၀၇ ဆယ်လ်တာဗီဂို ၁-၁ ဘီလ်ဘာအို
၂၀၁၂-၁၃ ဆယ်လ်တာဗီဂို ၁-၁ ဘီလ်ဘာအို

(၃)ပွဲဆက်အနိုင်ရလဒ်နဲ့အတူ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခြေအနေကောင်းလာတဲ့ဘီလ်ဘာအိုရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဒီလိုဖလားပွဲမျိုးမှာလည်း အာရုံစိုက်ကစားလေ့ရှိပါတယ်။ ဆယ်လ်တာအိမ်ကွင်းဖြစ်နေပေမယ့် အနိုင်က ဘီလ်ဘာအိုဘက်မှာပါ။

မာလာဂါ နှင့် အိုဆာဆူနာ

မာလာဂါ နောက်ဆုံး(၅)ပွဲ အိုဆာဆူနာ

မာလာဂါ		အိုဆာဆူနာ	
အက်စပန်ညို	**D**(A)(0-0)	ဗယ်လင်ကာနီ	**W**(H)(3-1)
ဘက်တစ်	**W**(H)(3-2)	ဆိုစီဒက်	**L**(A)(0-5)
ဂရန်နာဒါ	**L**(A)(1-3)	အယ်လ်မီရီယာ	**L**(H)(0-1)
ဘီလ်ဘာအို	**L**(H)(1-2)	ဗယ်လာဒိုလစ်	**W**(A)(1-0)
ဗီလာရီးယဲယ်	**D**(A)(1-1)	ဗလင်စီယာ	**L**(A)(0-3)

၂၀၁၀ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၁-၁၂ မာလာဂါ ၁-၁ အိုဆာဆူနာ
၂၀၁၂-၁၃ မာလာဂါ ၁-၀ အိုဆာဆူနာ
၂၀၁၃-၁၄ မာလာဂါ ၀-၁ အိုဆာဆူနာ

မာလာဂါ ဘယ်လိုကစားမလဲဆိုတာကိုပဲ အဓိကစောင့်ကြည့်ရမယ့်ပွဲပါ။ တကယ်ကစားရင် ကောင်းတတ်ပေမယ့် အသင်းရဲ့စိတ်ဓာတ်ပိုင်းက ချို့ယွင်းချက်ရှိနေပါတယ်။ ဒါပေမဲ့ အိုဆာလို ခပ်ညံ့ညံ့အသင်းကိုတော့ အိမ်ကွင်းမှာ အနိုင်ရအောင်ကစားသွားပါလိမ့်မယ်။

ဂျင်နက်စတစ် နှင့် ဗလင်စီယာ

ဂျင်နက်စတစ် နောက်ဆုံး(၅)ပွဲ ဗလင်စီယာ

ဂျင်နက်စတစ်		ဗလင်စီယာ	
ဘာဒါလိုနာ	**L**(A)(0-2)	ဂီတာဖေး	**W**(A)(1-0)
ကွန်စတန်စီယာ	**D**(A)(1-1)	ဗယ်လာဒိုလစ်	**D**(H)(2-2)
ဒီပို့တီယူ	**D**(H)(2-2)	အယ်လ်ချီ	**L**(A)(1-2)
လီရာဂိုစတီယာ	**D**(A)(0-0)	ဆွမ်ဆီး	**W**(A)(1-0)
လီဗန်တေး။	**W**(H)(2-1)	အိုဆာဆူနာ	**W**(H)(3-0)

၂၀၀၁ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၂-၀၃ ဂျင်နက်စတစ် ၀-၀ ဗလင်စီယာ
၂၀၀၆-၀၇ ဂျင်နက်စတစ် ၁-၁ ဗလင်စီယာ

ဗလင်စီယာရဲ့ခြေစွမ်းက မတည်ငြိမ်ပါဘူး။ မာကျောတဲ့ အသင်းတွေနဲ့တွေ့ရင် ဂိုးရဖို့ခက်ခဲသွားတတ်ပါတယ်။ အိမ်ရှင်အသင်း သရေမျှော်လင့်လို့ ရနေပါတယ်။

ရီးယဲယ်ဂျင်း နှင့် အက်စပန်ညို

ရီးယဲယ်ဂျင်း နောက်ဆုံး(၅)ပွဲ အက်စပန်ညို

ရီးယဲယ်ဂျင်း		အက်စပန်ညို	
မီရန်ဒက်စ်	**L**(H)(1-2)	မာလာဂါ	**D**(H)(0-0)
ဘာစီလိုနာ။	**W**(A)(3-0)	ဘာစီလိုနာ	**L**(A)(0-1)
ဇာရာဂိုဇာ	**W**(H)(3-0)	ဆီဗီလာ	**L**(H)(1-3)
တီနီရိုက်ဖ်	**L**(A)(1-2)	ဗယ်လက်ကာနီ	**W**(A)(4-1)
ရီးယဲယ်မက်ဒရစ်။	**L**(H)(0-1)	ဆိုစီဒက်	**L**(H)(1-2)

၁၉၉၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၁၉၅၆-၅၇ ရီးယဲယ်ဂျင်း ၀-၀ အက်စပန်ညို
၁၉၅၇-၅၈ ရီးယဲယ်ဂျင်း ၄-၂ အက်စပန်ညို

ရီးယဲယ်ဂျင်းက ဆီဂန်ဒါဗယားအောက်ပိုင်းက အသင်းပါ။ နှစ်ပွဲဆက်ရှုံးထားတဲ့ခြေစွမ်းကလည်း အက်စပန်ညိုအတွက်အခွင့်အရေးပါ။ သရေကျဖို့ များပါတယ်။

အယ်လ်ကော်ကွန် နှင့် ဂရန်နာဒါ

အယ်လ်ကော်ကွန် နောက်ဆုံး(၅)ပွဲ ဂရန်နာဒါ

အယ်လ်ကော်ကွန်		ဂရန်နာဒါ	
လားစ်ပါမားစ်	**L**(A)(0-1)	အက်သလက်တီကို	**L**(H)(1-2)
ကော်ဒိုဘာ	**D**(H)(0-0)	လီဗန်တေး	**W**(A)(1-0)
ဆာဘာဒယ်လ်	**W**(A)(2-1)	မာလာဂါ	**W**(H)(3-1)
ရီးယဲယ်မာစီယာ	**D**(H)(0-0)	ဘာစီလိုနာ	**L**(A)(0-4)
စပို့တင်းဂီဂျွန်	**D**(A)(2-2)	ဆီဗီလာ	**L**(H)(1-2)

၂၀၀၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁ အယ်လ်ကော်ကွန် ၂-၀ ဂရန်နာဒါ

အယ်လ်ကော်ကွန်က ဆီဂန်ဒါရဲ့ ဒုတိယခံစစ်အကောင်းဆုံးအသင်းပါ။ တိုက်စစ်ကတော့ တစ်ပွဲ(၁)ဂိုးသွင်းနိုင်ဖို့တောင် အနိုင်နိုင်ပါ။ ခံစစ်နှစ်သင်းအားပြိုင်မယ့်ပွဲဖြစ်တာကြောင့် ဂိုးနည်းဖို့သေချာသလောက်ဖြစ်နေပြီး နိုင်ရင်အိမ်ရှင်ပါပဲ။

လားစ်ပါမားစ် နှင့် အယ်လ်မီရီယာ

လားစ်ပါမားစ် နောက်ဆုံး(၅)ပွဲ အယ်လ်မီရီယာ

လားစ်ပါမားစ်		အယ်လ်မီရီယာ	
အယ်လ်ကော်ကွန်	**W**(A)(1-0)	ဗလင်စီယာ	**W**(A)(2-1)
ဟာကျူလက်စ်	**L**(A)(1-2)	ဗယ်လာဒိုလစ်	**W**(H)(1-0)
မီရန်ဒက်စ်	**W**(H)(3-1)	အိုဆာဆူနာ	**W**(A)(1-0)
ဘာစီလိုနာ။	**W**(A)(2-1)	ရီးယဲယ်မက်ဒရစ်	**L**(H)(0-5)
ဇာရာဂိုဇာ	**L**(H)(0-1)	ဆယ်လ်တာဗီဂို	**L**(A)(1-3)

၂၀၁၀ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၂ လားစ်ပါမားစ် ၂-၂ အယ်လ်မီရီယာ
၂၀၁၂-၁၃ လားစ်ပါမားစ် ၁-၂ အယ်လ်မီရီယာ

လားစ်ပါးမားစ်က ဆီဂန်ဒါမှာ ခြေစွမ်းပြနေပါတယ်။ အယ်လ်မီရီယာကတော့ တန်းဆင်းဇုန်မှာရုန်းကန်နေရတဲ့အသင်းပါ။ အယ်လ်မီရီယာ သရေပဲထိန်းကစားမှာပါ။

ဂီရိုနာ နှင့် ဂီတာဖေး

ဂီရိုနာ နောက်ဆုံး(၅)ပွဲ ဂီတာဖေး

ဂီရိုနာ		ဂီတာဖေး	
ဟာကျူလက်စ်	**D**(H)(2-2)	ဗီလာရီးယဲယ်	**W**(A)(2-0)
မီရန်ဒက်စ်	**W**(A)(2-1)	ဗလင်စီယာ	**L**(H)(0-1)
ဘာစီလိုနာ။	**L**(H)(1-2)	အယ်လ်ချီ	**D**(H)(1-1)
ဇာရာဂိုဇာ	**L**(A)(0-1)	အက်သလက်တီကို	**L**(A)(7-0)
တီနီရိုက်ဖ်	**D**(H)(2-2)	လီဗန်တေး	**W**(H)(1-0)

ဆီဂန်ဒါကလပ်ဂီရိုနာရဲ့တိုက်စစ်က ဂီတာဖေးခံစစ်ကို ကျော်ဖြတ်နိုင်ဖို့မရှိပါဘူး။ အက်သလက်တီကိုကို (၇)ဂိုးပေးခဲ့ရပေမယ့် အသင်းငယ်တွေကိုတော့ ဂီတာဖေးအခွင့်အရေးပေးလေ့မရှိပါဘူး။ ဂီတာဖေး(၂-၀)လောက်နဲ့ နိုင်မှာပါ။

THE FOOTBALL LEAGUE

CHAMPIONSHIP

WEEK 19

➢➢➢➢

အစ်ဝစ်ချ် နှင့် ဟတ်ဒါဖီးလ်

အစ်ဝစ်ချ်	**D**(H)	**W**(A)	**L**(H)	**W**(A)	**W**(H)
ဟတ်ဒါဖီးလ်	**L**(A)	**L**(H)	**W**(A)	**W**(H)	**W**(A)

ဟတ်ဒါဖီးလ်နိုင်ပွဲဆက်နေပေမယ့် အဝေးကွင်းမှာ အစ်ဝစ်ချ်ဆီက အမှတ်ခွဲယူနိုင်ဖို့တောင် ခက်ခက်ခဲခဲကစားရမှာပါ။ အကြိတ်အနယ်ကစားပြီး အိမ်ရှင်အစ်ဝစ်ချ်ကပ်နိုင်သွားမှာပါ။

ယိုဗီးလ် နှင့် ချာလ်တန်

ယိုဗီးလ်	**L**(A)	**L**(H)	**L**(A)	**W**(A)	**W**(H)
ချာလ်တန်	**L**(H)	**L**(A)	**W**(H)	**L**(H)	**L**(A)

ယိုဗီးလ်(၂)ပွဲဆက် နိုင်ပွဲရထားသလို ခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ချာလ်တန်ရဲ့ အဝေးကွင်းခြေစွမ်းကလည်း အားရစရာမရှိလို့ အိမ်ရှင်ယိုဗီးလ် နိုင်ပွဲဆက်မှာပါ။

ဘန်လေ နှင့် ဘန်စလေ

ဘန်လေ	**D**(A)	**D**(H)	**D**(A)	**L**(A)	**D**(H)
ဘန်စလေ	**D**(A)	**D**(H)	**L**(A)	**L**(H)	**W**(A)

အမှတ်ပေးဇယားအောက်ခြေရောက် ဘန်စလေတို့ နိုင်ပွဲပြန်ရဖို့ အားထည့်လာမယ့် ဘန်လေနဲ့ အဝေးကွင်းမှာတွေ့လို့ ဂိုးပြတ်မရှုံးအောင်ဘဲ ကစားရမှာပါ။ အိမ်ရှင်ဘန်လေ ဂိုးပြတ်နိုင်မှာပါ။

ရှက်ဖီးဝင်းစ်ဒေး နှင့် နော်တင်ဟမ်

ရှက်ဖီးဝင်းစ်ဒေး	**W**(H)	**L**(A)	**L**(H)	**L**(A)	**W**(H)
နော်တင်ဟမ်	**L**(H)	**W**(A)	**D**(H)	**L**(H)	**D**(A)

လက်စတာကိုအနိုင်ရခဲ့တဲ့ ရှက်ဖီးရဲ့ခြေစွမ်းက အားရစရာရှိခဲ့ပြီး အခုပွဲမှာလည်း နော်တင်ဟမ်ကို အခက်တွေ့စေမှာပါ။ ရလဒ်ကျနေတဲ့ နော်တင်ဟမ် အဝေးကွင်းမှာ ရှုံးပွဲမကြုံအောင် ကစားမှာဖြစ်လို့ သရေကျမှာပါ။

မီဝေါလ် နှင့် ဝီဂန်

မီဝေါလ်	**D**(H)	**L**(A)	**W**(H)	**L**(A)	**D**(H)
ဝီဂန်	**W**(A)	**L**(H)	**L**(H)	**L**(A)	-

မီဝေါလ်ဟာ အိမ်ကွင်းဆိုရင် တိုက်စစ်အလွန်အကျွံဖွင့်ကစားတတ်လို့ ခံစစ်ကပေးဂိုးများပါတယ်။ ဝီဂန်က အဝေးကွင်းမှာ ခံစစ်အားပြုပြီး သရေကိုပဲ ဦးတည်ကစားမှာပါ။ မီဝေါလ်အနိုင်သေချာပါတယ်။

QPR နှင့် ဘလက်ဘန်း

QPR	**W**(H)	**D**(A)	**W**(H)	**L**(A)	**W**(H)
ဘလက်ဘန်း	**W**(H)	**L**(A)	**D**(H)	**W**(H)	**L**(A)

QPR နိုင်ပွဲဆက်ဖို့ အာရုံစိုက်ကစားနေပါပြီ။ ဘလက်ဘန်းရဲ့ အဝေးကွင်းခံစစ်ကလည်း အဆိုးရွားဆုံးဖြစ်နေလို့ QPR ဂိုးပြတ်နိုင်မှာပါ။

လိဂ်ချန်ပီယံရှစ်အောက်ဆုံး(၁၂)သင်း

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁၃။	ဘလက်ဘန်း	၁၈	၆	၅	၇	၂၂	၂၂	၂၃
၁၄။	ဝီဂန်	၁၆	၆	၄	၆	၁၈	၁၆	၂၂
၁၅။	ဒွန်ကက်စတာ	၁၈	၅	၅	၈	၁၇	၂၀	၂၀
၁၆။	မစ်ဒယ်ဘရော့	၁၇	၄	၇	၆	၂၇	၂၆	၁၉
၁၇။	ဘာမင်ဂမ်	၁၈	၅	၄	၉	၂၂	၂၄	၁၉
၁၈။	ဘော်လ်တန်	၁၈	၄	၇	၇	၁၇	၂၃	၁၉
၁၉။	ဘုန်းမောက်	၁၈	၅	၄	၉	၂၂	၃၅	၁၉
၂၀။	မီဝေါလ်	၁၈	၄	၆	၈	၂၁	၃၆	၁၈
၂၁။	ချာလ်တန်	၁၈	၄	၅	၉	၁၄	၂၁	၁၇
၂၂။	ယိုဗီးလ်	၁၈	၄	၃	၁၁	၁၄	၂၄	၁၅
၂၃။	ရှက်ဖီးဝင်းစ်ဒေး	၁၇	၂	၈	၇	၂၀	၂၈	၁၄
၂၄။	ဘန်စလေ	၁၈	၃	၅	၁၀	၁၈	၃၆	၁၄

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

SERIE-A WEEK 15

ဂျူဗင်တပ်စ်အသင်းကတော့ နိုင်ပွဲတွေကိုဆက်တိုက်ရယူနေပြီး အမှတ်ပေးဇယားရပ်တည်မှုမှာလည်း လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်ခွင့်ရယူနိုင်ခဲ့ပါပြီ။ ရိုးမားအသင်းကတော့ ကံကောင်းလို့သာရှုံးပွဲမတွေ့ခဲ့တာဖြစ်ပြီး ခြေစွမ်းပိုင်းကလည်းအရှင်လောက်တောင့်တင်းမှုမရှိသလိုဖြစ်နေတယ်။ ဒီတစ်ပတ်မှာလည်း ရိုးမားအတွက်ခက်ခဲမယ့်ပြိုင်ဘက်ကအသင့်စောင့်ကြိုနေပါပြီ။ အေစီမီလန်အသင်းကတော့နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ဒီတစ်ပတ်တွေ့ဆုံမယ့်တန်းတက်လီဇော်နီအသင်းက အေစီမီလန်ကိုခက်ခဲစေမှာမဟုတ်ပါဘူး။

အိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာရမယ့် ရိုးမား

စီးရီးအေပွဲစဉ်(၁၆)

၁၄/၁၅/၁၆-၁၂-၂၀၁၃

ကာတာနီယာ	ဗီရိုနာ
ဂျူဗင်တပ်စ်	ဆာဆူအိုလို
ချီယေဗို	ဆမ်ဒိုးရီးယား
ဖီအိုရင်တီးနား	ဘိုလော့ဂ်နာ
ဂျီနိုအာ	အတ္တလန်တာ
လာဇီယို	လီဗော်နို
ပါးမား	ကာဂလီယာရီ
အူဒီးနီးစ်	တိုရီနို
နာပိုလီ	အင်တာမီလန်
အေစီမီလန်	ရိုးမား

Photo-AFP

ယမန်နှစ်ရာသီဆုံတွေ့ခဲ့စဉ်က ဖီအိုရင်တီးနားကွင်းလယ်လူ အာကွီလာနီအား ကျော်ဖြတ်ဂိုးသွင်းယူနေသည့် ရိုးမားအသင်းခေါင်းဆောင် တော့တီ

ဘိုလော့ဂ်နာ နှင့် ဂျူဗင်တပ်စ်

ဘိုလော့ဂ်နာ နောက်ဆုံး(၅)ပွဲ ဂျူဗင်တပ်စ်

ဘိုလော့ဂ်နာ			ဂျူဗင်တပ်စ်		
ကာဂလီယာရီ	W(A)	(3-0)	ကာတာနီယာ	W(H)	(4-0)
ချီယေဗို	D(H)	(0-0)	ပါးမား	W(A)	(1-0)
အတ္တလန်တာ	L(A)	(1-2)	နာပိုလီ	W(H)	(3-0)
အင်တာမီလန်	D(H)	(1-1)	လီဗော်နို	W(A)	(2-0)
ပါးမား	D(A)	(1-1)	အူဒီးနီးစ်	W(H)	(1-0)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	ဘိုလော့ဂ်နာ	၀-၀	ဂျူဗင်တပ်စ်
၂၀၁၁-၁၂	ဘိုလော့ဂ်နာ	၁-၁	ဂျူဗင်တပ်စ်
၂၀၁၂-၁၃	ဘိုလော့ဂ်နာ	၀-၂	ဂျူဗင်တပ်စ်

ရိုးမားရဲ့ အမှားတွေကို ဆက်တိုက်အခွင့်အရေးယူခဲ့တဲ့ ဂျူဗင်တပ်စ်က ဒီတစ်ပတ်လည်း ရိုးမားအသင်းပွဲကျပ်ချိန်မှာ ဘိုလော့ဂ်နာကို အနိုင်ကစားဦးမယ်။ ချန်ပီယံလိဂ်မှာ ရီးယဲယမက်ဒရစ်နဲ့ ကစားပြီးကတည်းက ပျောက်ဆုံးနေတဲ့ ဟန်ချက်တွေကို ဂျူဗင်တပ်စ်ပြန်ရခဲ့ပြီ၊ နိုင်ပွဲတွေလည်း ဆက်နေတယ်။ ခံစစ်ကလည်း အရမ်းအားကောင်းတယ်။ ဂျူဗင်တပ်စ်အနိုင်သေချာတယ်။

အင်တာမီလန် နှင့် ပါးမား

အင်တာမီလန် နောက်ဆုံး(၅)ပွဲ ပါးမား

အင်တာမီလန်			ပါးမား		
အတ္တလန်တာ	D(A)	(1-1)	ဂျီနိုအာ	L(A)	(0-1)
အူဒီးနီးစ်	W(A)	(3-0)	ဂျူဗင်တပ်စ်	L(H)	(0-1)
လီဗော်နို	W(H)	(2-0)	လာဇီယို	D(H)	(1-1)
ဘိုလော့ဂ်နာ	D(A)	(1-1)	နာပိုလီ	W(A)	(1-0)
ဆမ်ဒိုးရီးယား	D(H)	(1-1)	ဘိုလော့ဂ်နာ	D(H)	(1-1)

နောက်ဆုံး(၃)ကြိမ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	အင်တာမီလန်	၅-၂	ပါးမား
၂၀၁၁-၁၂	အင်တာမီလန်	၅-၀	ပါးမား
၂၀၁၂-၁၃	အင်တာမီလန်	၁-၀	ပါးမား

အင်တာမီလန်က နောက်ဆုံးပွဲမှာ ဆမ်ဒိုးရီးယားကို အိမ်ကွင်းမှာသရေကစားခဲ့တယ်၊ ကစားကွက်ကတော့ကောင်းတယ်။ ခြေစွမ်းကလည်း အတိုင်းအတာတစ်ခုအထိ စိတ်ချရတယ်။ ပါးမားက အဝေးကွင်းနောက်ဆုံးပွဲမှာ နာပိုလီကို နိုင်ခဲ့တယ်။ ဒါပေမဲ့ နာပိုလီအာရုံများနေတဲ့ အချိန်ဖြစ်လို့ပါ။ ဒီပွဲကတော့ အင်တာမီလန်နိုင်မယ်။

ရိုးမား နှင့် ဖီအိုရင်တီးနား

နောက်ဆုံး(၅)ပွဲအခြေအနေ

ရိုးမား			ဖီအိုရင်တီးနား		
ချီယေဗို	W(H)	(1-0)	နာပိုလီ	L(H)	(1-2)
တိုရီနို	D(A)	(1-1)	အေစီမီလန်	W(A)	(2-0)
ဆာဆူအိုလို	D(H)	(1-1)	ဆမ်ဒိုးရီးယား	W(H)	(2-1)
ကာဂလီယာရီ	D(H)	(0-0)	အူဒီးနီးစ်	L(A)	(0-1)
အတ္တလန်တာ	D(A)	(1-1)	ဗီရိုနာ	W(H)	(4-3)

နောက်ဆုံး(၅)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၈-၀၉	ရိုးမား	၁-၀	ဖီအိုရင်တီးနား
၂၀၀၉-၁၀	ရိုးမား	၃-၁	ဖီအိုရင်တီးနား
၂၀၁၀-၁၁	ရိုးမား	၃-၂	ဖီအိုရင်တီးနား
၂၀၁၁-၁၂	ရိုးမား	၁-၂	ဖီအိုရင်တီးနား
၂၀၁၂-၁၃	ရိုးမား	၄-၂	ဖီအိုရင်တီးနား

ရိုးမားရဲ့ အခြေအနေက အတော်လေးစိတ်ပျက်စရာကောင်းနေပြီ။ ခြေစွမ်းကလည်း သိသိသာသာကျဆင်းလာတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်း။ ခံစစ်က အခုအချိန်အထိ တောင့်တင်းဆဲဖြစ်တယ်။ ကွင်းလယ်ကတော့ ဖန်တီးမှုစွမ်းရည်ကျလာပြီ။ ခံစစ်ကိုတော့ ကောင်းကောင်းကူနိုင်ဆဲပဲ။ တစ်ပတ်တစ်ပတ် ရိုးမားဘယ်အချိန်နိုင်ပွဲပြန်ရမလဲဆိုတာစောင့်ရင်း နောက်ဆုံး(၄)ပွဲဆက်သရေရလဒ်ထဲက ရုန်းမထွက်နိုင်ခဲ့ဘူး။ ဖီအိုရင်တီးနားက နောက်ပိုင်းပွဲတွေမှာ နာပိုလီကိုရှုံးတယ်။ အူဒီးနီးစ်ကိုရှုံးတယ်။ ဒါပေမဲ့ အေစီမီလန်၊ ဆမ်ဒိုးရီးယားနဲ့ ဗီရိုနာတို့ကို အနိုင်ရခဲ့တယ်။ တည်ငြိမ်တဲ့ ကစားပုံမဟုတ်သေးဘူး။ ခြေတွေ့ရင်တော့ ကောင်းတယ်။ ခံစစ်က စိတ်ချလို့မရတဲ့ ခံစစ်ဖြစ်နေတယ်။ ဒီပွဲတော့ ဘယ်လိုပဲဖြစ်ဖြစ် ရိုးမားပြန်နိုင်သင့်ပါပြီ။ အိမ်ကွင်းလည်းဖြစ်နေတယ်။ အစဉ်အလာပိုင်းအရလည်း ဖီအိုရင်တီးနားကို အမြဲနိုင်လေ့ရှိတယ်။ ရိုးမားနည်းပြဟောင်း မွန်တဲလားကတော့ အတိုင်းအတာတစ်ခုအထိ ဒုက္ခပြန်ပေးမယ်။ ဂိုးမပြတ်တဲ့ ရိုးမားရဲ့ နိုင်ပွဲကို တွေ့ရလိမ့်မယ်။

PROBABLE LINE-UP

စီးရီးအေ အမှတ်ပေးဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ဂျူဗင်တပ်စ်	၁၄	၁၂	၁	၁	၂၉	၁၀	၃၇
၂	ရိုးမား	၁၄	၁၀	၄	၀	၂၇	၄	၃၄
၃	နာပိုလီ	၁၄	၁၀	၁	၃	၂၈	၁၄	၃၁
၄	အင်တာမီလန်	၁၄	၇	၆	၁	၃၁	၁၄	၂၇
၅	ဖီအိုရင်တီးနား	၁၄	၈	၃	၃	၂၈	၁၈	၂၇
၆	ဗီရိုနာ	၁၄	၇	၁	၆	၂၅	၂၄	၂၂
၇	ဂျီနိုအာ	၁၄	၅	၄	၅	၁၅	၁၆	၁၉
၈	လာဇီယို	၁၄	၄	၅	၅	၁၉	၂၁	၁၇
၉	အေစီမီလန်	၁၄	၄	၅	၅	၂၁	၂၁	၁၇
၁၀	ပါးမား	၁၄	၄	၅	၅	၁၉	၂၁	၁၇
၁၁	အတ္တလန်တာ	၁၄	၅	၂	၇	၁၅	၁၈	၁၇
၁၂	တိုရီနို	၁၄	၃	၇	၄	၂၃	၂၃	၁၆
၁၃	အူဒီးနီးစ်	၁၄	၅	၁	၈	၁၂	၁၆	၁၆
၁၄	ကာဂလီယာရီ	၁၄	၃	၆	၅	၁၅	၂၂	၁၅
၁၅	ဆာဆူအိုလို	၁၄	၃	၅	၆	၁၇	၃၀	၁၄
၁၆	ချီယေဗို	၁၄	၃	၃	၈	၁၁	၁၈	၁၂
၁၇	ဘိုလော့ဂ်နာ	၁၄	၂	၆	၆	၁၆	၂၆	၁၂
၁၈	လီဗော်နို	၁၄	၃	၃	၈	၁၃	၂၃	၁၂
၁၉	ဆမ်ဒိုးရီးယား	၁၄	၂	၅	၇	၁၅	၂၄	၁၁
၂၀	ကာတာနီယာ	၁၄	၂	၃	၉	၁၀	၂၆	၉

နာပိုလီ နှင့် အူဒီးနီးစ်

နာပိုလီ နောက်ဆုံး(၅)ပွဲ အူဒီးနီးစ်

နာပိုလီ			အူဒီးနီးစ်		
ဖီအိုရင်တီးနား	W(A)	(2-1)	ဆာဆူအိုလို	W(A)	(2-1)
ကာတာနီယာ	W(H)	(2-1)	အင်တာမီလန်	L(H)	(0-3)
ဂျူဗင်တပ်စ်	L(A)	(0-3)	ကာတာနီယာ	L(A)	(0-1)
ပါးမား	L(H)	(0-1)	ဖီအိုရင်တီးနား	W(H)	(1-0)
လာဇီယို	W(A)	(4-2)	ဂျူဗင်တပ်စ်	L(A)	(0-1)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	နာပိုလီ	၁-၂	အူဒီးနီးစ်
၂၀၁၁-၁၂	နာပိုလီ	၂-၀	အူဒီးနီးစ်
၂၀၁၂-၁၃	နာပိုလီ	၂-၁	အူဒီးနီးစ်

အူဒီးနီးစ်က အသင်းကြီးတွေကို ခံကစားနိုင်စွမ်းပျောက်ဆုံးနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ဂျူဗင်တပ်စ်ကို အတော်လေးဒုက္ခပေးနိုင်ခဲ့တယ်။ ဒါပေမဲ့နောက်ဆုံးမိနစ်အထိ ဂိုးမပေးရအောင် တောင့်ခံနိုင်ခဲ့တာသာဖြစ်ပြီး၊ တိုက်စစ်မရှိ၊ ရုပ်ပြုပိတ်ဆို့ကစားသွားတာပါ။ နာပိုလီလို တိုက်စစ်ကောင်းတဲ့ အသင်းတစ်သင်းရဲ့ အိမ်ကွင်းမှာ တောင့်ခံနိုင်ဖို့မလွယ်ပါဘူး။ နာပိုလီအနိုင်သေချာတယ်။

လီဗော်နို နှင့် အေစီမီလန်

လီဗော်နို နောက်ဆုံး(၅)ပွဲ အေစီမီလန်

လီဗော်နို			အေစီမီလန်		
ဘိုလော့ဂ်နာ	L(A)	(0-1)	လာဇီယို	D(H)	(1-1)
တိုရီနို	D(H)	(3-3)	ဖီအိုရင်တီးနား	L(H)	(0-2)
အင်တာမီလန်	L(A)	(0-2)	ချီယေဗို	D(A)	(0-0)
ဂျူဗင်တပ်စ်	L(H)	(0-2)	ဂျီနိုအာ	D(H)	(1-1)
ချီယေဗို	L(A)	(0-3)	ကာတာနီယာ	W(A)	(3-1)

လီဗော်နိုနှင့်အေစီမီလန်ပွဲမှ ထူးခြားချက်များ

➢ အေစီမီလန်အသင်း၏ စီးရီးအေနောက်ဆုံး(၉)ပွဲအနက် (၈)ပွဲတွင်နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်ရှိပြီး နောက်ဆုံး(၆)ပွဲအနက် (၅)ပွဲတွင် တစ်ပွဲလျှင်အနည်းဆုံး(၂)ဂိုးသွင်းယူထားနိုင်သည်။

လီဗော်နိုရဲ့ တိုက်စစ်ပိုင်းက စိတ်ပျက်စရာပဲ။ နောက်ဆုံး(၅)ပွဲမှာ (၄)ပွဲက ဂိုးမရခဲ့ဘူး။ ကစားပုံကိုကြည့်ရင်လည်း ပျင်းတိပျင်းခြောက်။ ကွင်းလယ်ကလည်း နောက်ကိုပဲဆင်းချင်နေတယ်။ အေစီမီလန်က ကာကာပုံစံကောင်းပြန်ပြနေပြီး၊ အသင်းကို ဦးဆောင်နိုင်တယ်။ တိုက်စစ်လည်း မဆိုးဘူး။ အေစီမီလန်ကိုပဲကြိုက်ပါတယ်။

စာမျက်နှာ(၉)သို့ ➢➢➢➢

LIGUE-1 WEEK 17

ပြင်သစ်လီဂူးမှာတော့ ထိပ်ဆုံးက(၄)သင်းနဲ့ တခြားအသင်းတွေကြား တဖြည်းဖြည်း ကွာခြားလာတယ်။ အထူးသဖြင့် PSG ၊ လိုင်လီ၊ မိုနာကိုစတဲ့အသင်းတွေက ပြိုင်ဘက်တွေ ရပ်တန့်ရခက်လာတယ်။ ဒီတစ်ပတ်မှာလည်း အဲဒီအသင်းတွေအနိုင်ရဖို့ အခြေအနေကောင်းနေပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲတွေခဲ့တဲ့ မာဆေးလ်အသင်းလည်း နိုင်ပွဲပြန်ယူဖို့များနေပါတယ်။ ကျန်ပွဲအများစုမှာတော့ အိမ်ရှင်အသင်းတွေဘက်က ရပ်တည်သင့်ပါတယ်...

အိမ်ရှင်အသင်းတွေရလဒ်ကောင်းမယ်

ပြင်သစ်လီဂူးပွဲစဉ်(၁၇)

မာဆေးလ်	-	နန့်စ်
PSG	-	ဆိုးချော့စ်
လော်ရီယန့်	-	ရိန်းစ်
ရိမ်းစ်	-	နိုက်စ်
စိန့်အက်တီယန်	-	အီဗီယန်
ဗလင်စီနက်စ်	-	ဂွအင်ဂမ့်
ဘော်ဒိုး	-	လိုင်လီ
ဘတ်စတီယာ	-	လိုင်ယွန်
တူးလော့စ်	-	မောင့်ပယ်လီယာ
မိုနာကို	-	အေယက်စီယို

လေ့ကျင့်ရေးကွင်းတွင်တွေ့ရသည့် PSG အသင်းသားများ

➢➢➢➢

ကာဂလီယာရီ နှင့် ဂျီနိုအာ

ကာဂလီယာရီ	နောက်ဆုံး(၅)ပွဲ		ဂျီနိုအာ		
ဘိုလော့ဂ်နာ	L(H)	(0-3)	ပါးမား	W(H)	(1-0)
ဗီရိုနာ	L(A)	(1-2)	လာဇီယို	W(A)	(2-0)
တိုရီနို	W(H)	(2-1)	ဗီရိုနာ	W(H)	(2-0)
ရိုးမား	D(A)	(0-0)	အေစီမီလန်	D(A)	(1-1)
ဆာဆူအိုလို	D(H)	(2-2)	တိုရီနို	D(H)	(1-1)

ဥရောပဝင်ခွင့်တစ်နေရာကိုပစ်မှတ်ထားနေတဲ့ဂျီနိုအာအသင်းအတွက် ဒီပွဲကစမ်းသပ်မှုတစ်ခုဖြစ်ပါတယ်။ ကာဂလီယာရီအသင်းရဲ့ အိမ်ကွင်း၊ အဝေးကွင်းကစားပုံနဲ့ခြေစွမ်းကသာမန်ထက်မပိုပါဘူး။ ဒါပေမဲ့နောက်ပိုင်းပွဲတွေမှာတော့ ကာဂလီယာရီကစားပုံအနည်းငယ်တက်လာပါတယ်။ သရေရလဒ်ကနှစ်သင်းစလုံးအတွက်အဖြစ်သင့်ဆုံးပါ။

ဗီရိုနာ နှင့် အတ္တလန်တာ

ဗီရိုနာ	နောက်ဆုံး(၅)ပွဲ		အတ္တလန်တာ		
ဆမ်ဒိုးရီးယား	W(H)	(2-0)	အင်တာမီလန်	D(H)	(1-1)
ကာဂလီယာရီ	W(H)	(2-1)	လီဗော်နို	L(A)	(0-1)
ဂျီနိုအာ	L(A)	(0-2)	ဘိုလော့ဂ်နာ	W(H)	(2-1)
ချီယေဗို	L(H)	(0-1)	ဆာဆူအိုလို	L(A)	(0-2)
ဖီအိုရင်တီးနား	L(A)	(3-4)	ရိုးမား	D(H)	(1-1)

ဖီအိုရင်တီးနားကို ရှုံးခဲ့ပေမယ့်ဗီရိုနာအသင်းရဲ့ ခြေစွမ်းကိုတော့အသိအမှတ်ပြုရမှာပါ။ စီးရီးအေအသင်းကြီးတစ်သင်းကိုရှိန်နေတာမျိုး၊ မကစားရဲတာမျိုးရှိမနေဘဲသူတင်ကိုယ်တင်ကစားသွားနိုင်တဲ့အသင်းပါ။ အတ္တလန်တာအသင်းရဲ့ကစားပုံနဲ့ဆို ဗီရိုနာအသင်း အိမ်ကွင်းကစားအား တိုက်စစ်ထက်မြက်မှုနဲ့ (၂-၀)လောက်နဲ့အနိုင်ယူမှာပါ။

ဆမ်ဒိုးရီးယား နှင့် ကာတာနီယာ

ဆမ်ဒိုးရီးယား	နောက်ဆုံး(၅)ပွဲ		ကာတာနီယာ		
ဗီရိုနာ	L(A)	(0-2)	ဂျူဗင်တပ်စ်	L(A)	(0-4)
ဆာဆူအိုလို	L(H)	(3-4)	နာပိုလီ	L(A)	(1-2)
ဖီအိုရင်တီးနား	L(A)	(1-2)	အူဒီးနီးစ်	W(H)	(1-0)
လာဇီယို	D(H)	(1-1)	တိုရီနို	L(A)	(1-4)
အင်တာမီလန်	D(A)	(1-1)	အေစီမီလန်	L(H)	(1-3)

ဆမ်ဒိုးရီးယားရဲ့ လာဇီယို၊ အင်တာမီလန်အသင်းတွေကို(၂)ပွဲဆက်တိုက်သရေကစားထားတဲ့ခြေစွမ်းကဒီပွဲမှာအကျိုးရှိမလားဆိုတာကစောင့်ကြည့်ရမယ့်အချက်ပါ။ ကာတာနီယာရဲ့အဝေးကွင်းကစားပုံညံ့ဖျင်းမှုကိုအခွင့်ကောင်းယူနိုင်ရင် ဆမ်ဒိုးရီးယားအတွက်သရေနဲ့အနိုင်ဆိုတာပဲရှိပါတယ်။ ဂိုးတော့နည်းမယ်။

ဆာဆူအိုလို နှင့် ချီယေဗို

ဆာဆူအိုလို	နောက်ဆုံး(၅)ပွဲ		ချီယေဗို		
အူဒီးနီးစ်	L(H)	(1-2)	ရိုးမား	L(A)	(0-1)
ဆမ်ဒိုးရီးယား	W(A)	(4-3)	ဘိုလော့ဂ်နာ	D(A)	(0-0)
ရိုးမား	D(A)	(1-1)	အေစီမီလန်	D(H)	(0-0)
အတ္တလန်တာ	W(H)	(2-0)	ဗီရိုနာ	W(A)	(1-0)
ကာဂလီယာရီ	D(A)	(2-2)	လီဗော်နို	W(H)	(3-0)

ဆာဆူအိုလိုအသင်းရဲ့နောက်ပိုင်းပွဲတွေမှာကစားထား တဲ့ခြေစွမ်းရော၊ ရလဒ်ပိုင်းပါကျေနပ်စရာကောင်းပါတယ်။ ချီယေဗိုအသင်းရဲ့အောက်ဆုံးကနေတက်လာတဲ့ခြေစွမ်းနဲ့စိတ်ဓာတ်ပိုင်းကလည်းချီးကျူးစရာပါ။ တိုက်စစ်ပိုင်းချင်းယှဉ်ရင်ဆာဆူအိုလိုကသာပါတယ်။ ဒါပေမဲ့ချီယေဗိုကလည်းစိတ်ဓာတ်တက်နေတာကြောင့်သရေကျမယ့်ပွဲပါ။

တိုရီနို နှင့် လာဇီယို

တိုရီနို	နောက်ဆုံး(၅)ပွဲ		လာဇီယို		
လီဗော်နို	D(A)	(3-3)	အေစီမီလန်	D(A)	(1-1)
ရိုးမား	D(H)	(1-1)	ဂျီနိုအာ	L(H)	(0-2)
ကာဂလီယာရီ	L(A)	(1-2)	ပါးမား	D(A)	(1-1)
ကာတာနီယာ	W(H)	(4-1)	ဆမ်ဒိုးရီးယား	D(A)	(1-1)
ဂျီနိုအာ	D(A)	(1-1)	နာပိုလီ	L(H)	(2-4)

တိုရီနိုနဲ့ လာဇီယိုက ကစားပုံသိပ်မကွာသလို ရမှတ်ကွာခြားချက်ကလည်း (၁)မှတ်သာရှိပါတယ်။ လာဇီယိုကနာပိုလီကိုအကြိတ်အနယ်ကစားပြီးရှုံးခဲ့တာဖြစ်ပေမယ့် ဒီပွဲမှာတိုရီနိုအသင်းရဲ့အိမ်ကွင်းရန်းအားကိုတော့သတိထားရမယ်။ ဂျူဗင်တပ်စ်တစ်သင်းကိုသာရှုံးထားတဲ့ တိုရီနိုအသင်းဒီပွဲမှာလည်း အိမ်ကွင်းကစားအားနဲ့လာဇီယိုကိုအနိုင်ယူပါလိမ့်မယ်။

မာဆေးလ် နှင့် နန့်စ်

မာဆေးလ်	နောက်ဆုံး(၅)ပွဲ		နန့်စ်		
ရိန်းစ်	D(A)	(1-1)	မောင့်ပယ်လီယာ	D(H)	(1-1)
ဆိုးချော့စ်	W(H)	(2-1)	ဘော်ဒိုး	W(A)	(3-0)
အေယက်စီယို	W(A)	(3-1)	မိုနာကို	L(H)	(0-1)
မောင့်ပယ်လီယာ	W(H)	(2-0)	ဂွအင်ဂမ့်	L(A)	(0-1)
လိုင်လီ	-(A)	(-)	ဗလင်စီနက်စ်	-(H)	(-)

မာဆေးလ်ရဲ့ အိမ်ကွင်းခြေစွမ်းက ရာသီအစကလို မဟုတ်ဘဲ ပြန်တည်ငြိမ်လာတယ်။ အိမ်ကွင်း(၃)ပွဲဆက်လည်း အနည်းဆုံး(၂)ဂိုးစီသွင်းထားနိုင်တယ်။ အဝေးကွင်းမှာ နန့်စ် အမှတ်ရာတတ်ပေမယ့် ဒီပွဲတော့အရှုံးပေးရမယ်။

PSG နှင့် ဆိုးချော့စ်

PSG	နောက်ဆုံး(၅)ပွဲ		ဆိုးချော့စ်		
လော်ရီယန့်	W(H)	(4-0)	စိန့်အက်တီယန်	D(H)	(0-0)
နိုက်စ်	W(H)	(3-1)	မာဆေးလ်	L(A)	(1-2)
ရိမ်းစ်	W(A)	(3-0)	ဘတ်စတီယာ	D(H)	(1-1)
လိုင်ယွန်	W(H)	(4-0)	တူးလော့စ်	L(A)	(1-5)
အီဗီယန်	-(A)	(-)	ရိမ်းစ်	-(H)	(-)

(၂၆)ပွဲဆက်ရှုံးပွဲမရှိသေးတဲ့ PSG အတွက် အောက်ဆုံးက ဆိုးချော့စ်က အလေးထားစရာမလိုတဲ့ပြိုင်ဘက်ပါ။ ဆိုးချော့စ်က ရှန်းနေတယ်ဆိုပေမယ့် အိမ်ကွင်းမှာသာ အမှတ်ရတတ်လို့ ဒီပွဲမှာ PSG ကိုဂိုးပြတ်ရှုံးဦးမှာပါ။

မိုနာကို နှင့် အေယက်စီယို

မိုနာကို	နောက်ဆုံး(၅)ပွဲ		အေယက်စီယို		
လိုင်လီ	L(A)	(0-2)	ဗလင်စီနက်စ်	L(H)	(1-3)
မိုနာကို	D(H)	(1-1)	တူးလော့စ်	D(A)	(1-1)
နန့်စ်	W(A)	(1-0)	မာဆေးလ်	L(H)	(1-3)
ရိန်းစ်	W(A)	(2-0)	ဘော်ဒိုး	L(A)	(0-4)
နိုက်စ်	W(A)	(3-0)	ဘတ်စတီယာ	-(H)	(-)

မိုနာကို ကစားပုံပြန်တက်လာသလို ဂိုးသွင်းအားလည်း ပြန်ကောင်းလာပါတယ်။ အေယက်စီယိုက နိုင်ပွဲပျောက်နေတာ ကြာပြီဖြစ်သလို၊ အဝေးကွင်းခြေစွမ်းလည်းညံ့လို့ မိုနာကိုအတွက် နောက်ထပ်ဂိုးပြတ်နိုင်ပွဲတစ်ပွဲပါ။

ဘော်ဒိုး နှင့် လိုင်လီ

ဘော်ဒိုး	နောက်ဆုံး(၅)ပွဲ		လိုင်လီ		
နိုက်စ်	W(A)	(2-1)	မိုနာကို	W(H)	(2-0)
နန့်စ်	L(H)	(0-3)	လိုင်ယွန်	L(A)	(0-2)
ရိန်းစ်	D(A)	(1-1)	တူးလော့စ်	W(H)	(1-0)
အေယက်စီယို	W(H)	(4-0)	ဗလင်စီနက်စ်	W(A)	(1-0)
ဂွအင်ဂမ့်	-(A)	(-)	လိုင်လီ	W(H)	(1-0)

လိုင်လီရဲ့ခြေစွမ်းက အကောင်းဆုံးဖြစ်နေတယ်။ (၁၁)ပွဲဆက်ပေးဂိုးမရှိတဲ့ အနေအထားကလည်း ပြိုင်ဘက်တွေအတွက် ခက်ခဲမှာပါ။ ဘော်ဒိုးက ခြေမငြိမ်တဲ့အသင်းပါ။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်ပေမယ့် လိုင်လီကိုပိုကြိုက်တယ်။

ဘတ်စတီယာ နှင့် လိုင်ယွန်

ဘတ်စတီယာ	L(A)	W(H)	D(A)	W(H)	-(A)
လိုင်ယွန်	W(H)	L(A)	D(H)	L(A)	-(H)

ဘတ်စတီယာ အိမ်ကွင်း(၇)ပွဲမှာ (၁)ပွဲပဲသရေကျထားပြီး ကျန်ပွဲအားလုံးအနိုင်ကစားထားတယ်။ ပေးဂိုးကလည်း (၂)ဂိုးသာရှိသေးလို့ အဝေးကွင်းညံ့တဲ့ ခြေကျနေတဲ့ လိုင်ယွန် အရှုံးပေးရဖို့များပါတယ်။

ဂိုးအများဆုံးသွင်းထားသူ(၁၀)ဦး

အမည်	အသင်း	သွင်းဂိုး	[illegible]	[illegible]
အီဘရာဟီမိုဗစ်	PSG	(၁၁)ဂိုး	(၁၄)ပွဲ	(၃၂)မိနစ်နှုန်း
ကာဗာနီ	PSG	(၁၀)ဂိုး	(၁၄)ပွဲ	(၂၉)မိနစ်နှုန်း
ဖယ်လ်ကာအို	မိုနာကို	(၉)ဂိုး	(၁၂)ပွဲ	(၁၃)မိနစ်နှုန်း
[illegible]	လော်ရီယန့်	(၈)ဂိုး	(၁၁)ပွဲ	(၃၄)မိနစ်နှုန်း
[illegible]	နန့်စ်	(၈)ဂိုး	(၁၃)ပွဲ	(၃၁)မိနစ်နှုန်း
[illegible]	မိုနာကို	(၇)ဂိုး	(၁၄)ပွဲ	(၂၆)မိနစ်နှုန်း
[illegible]	ရိန်းစ်	(၇)ဂိုး	(၁၀)ပွဲ	(၅၁)မိနစ်နှုန်း
[illegible]	ဘော်ဒိုး	(၇)ဂိုး	(၁၃)ပွဲ	(၃၃)မိနစ်နှုန်း
[illegible]	နိုက်စ်	(၇)ဂိုး	(၁၄)ပွဲ	(၅၀)မိနစ်နှုန်း
[illegible]	စိန့်အက်တီယန်	(၆)ဂိုး	(၁၂)ပွဲ	(၂၆)မိနစ်နှုန်း

ဂိုးပန့်တီမှုအများဆုံး		ချမ်းမျှစွမ်းဆောင်ရည်အကောင်းဆုံး	
ဂျူလ်ဖရီ(လော်ရီယန့်)	၈ ကြိမ်	အီဘရာဟီမိုဗစ်(PSG)	(၇.၆၃)
ရိုဒရီဂွက်ဇ်(မိုနာကို)	၅ ကြိမ်	တူလာလန်(မိုနာကို)	(၇.၃၉)
လူးကပ်စ်မော်ရာ(PSG)	၅ ကြိမ်	ပက်ဂျီဆီနိုဗစ်(နိုက်စ်)	(၇.၃၈)
အီဘရာဟီမိုဗစ်(PSG)	၄ ကြိမ်	ပါရှင်(စိန့်အက်တီယန်)	(၇.၃၆)
[illegible](စိန့်အက်တီယန်)	၄ ကြိမ်	မန်ဂါ(လော်ရီယန့်)	(၇.၃၂)

(အမှတ်ပေးစာရင်းကို [illegible] ၁၅ တွင် ဖော်ပြထားပါသည်။)

စိန့်အက်တီယန် နှင့် အီဗီယန်

စိန့်အက်တီယန်	နောက်ဆုံး(၅)ပွဲ		အီဗီယန်		
ဆိုးချော့စ်	D(A)	(0-0)	တူးလော့စ်	W(H)	(2-1)
လိုင်ယွန်	L(H)	(1-2)	မိုနာကို	D(A)	(1-1)
နိုက်စ်	W(A)	(1-0)	လော်ရီယန့်	L(H)	(0-4)
ရိမ်းစ်	W(H)	(4-0)	ဘတ်စတီယာ	L(A)	(0-2)
ရိန်းစ်	-(A)	(-)	PSG	-(H)	(-)

စိန့်အက်တီယန် အိမ်ကွင်းရလဒ်အကောင်းကြီးမဟုတ်ပေမယ့် နောက်ပိုင်းပွဲတွေမှာ ခြေပြန်မှန်လာပြီး အီဗီယန်ထက်သာတဲ့အနေအထားပါ။ ရှုံးပွဲတွေဆက်နေတဲ့ အီဗီယန် ဒီပွဲမှာလည်း အရှုံးပေးရဦးမှာပါ။

တူးလော့စ် နှင့် မောင့်ပယ်လီယာ

တူးလော့စ်	L(A)	D(H)	L(A)	W(H)	-(A)
မောင့်ပယ်လီယာ	D(H)	D(A)	D(H)	L(A)	-(H)

တူးလော့စ်ရဲ့ ဒီရာသီအမှတ်ယူနိုင်စွမ်းက အိမ်ကွင်းမှာပိုများတယ်။ အိမ်ကွင်း(၇)ပွဲမှာ (၁)ပွဲသာရှုံးထားပြီး ကျန်ပွဲတွေမှာ ပွဲတိုင်းဂိုးသွင်းထားနိုင်တယ်။ ဒါကြောင့် အဝေးကွင်းနိုင်ပွဲမရသေးတဲ့ မောင့်ပယ်လီယာ အလွန်ဆုံးသရေပဲ။

ရိမ်းစ် နှင့် နိုက်စ်

ရိမ်းစ်	W(H)	D(A)	L(H)	L(A)	-(A)
နိုက်စ်	L(H)	L(A)	L(H)	L(A)	L(H)

နိုက်စ်(၆)ပွဲဆက်ရှုံးထားပြီး အဝေးကွင်းမှာဆိုလည်း အနိုင်ကစားဖို့ထက် ဂိုးမရတာတောင် (၆)ပွဲဆက်လောက်ရှိပါတယ်။ ရိမ်းစ်က ရလဒ်ဆိုးတွေကြားထဲက ရုန်းထွက်ဖို့ ဒီလိုအိမ်ကွင်းပွဲမျိုးမှာ အနိုင်ပြန်ရှာမှာပါ။

ဗလင်စီနက်စ် နှင့် ဂွအင်ဂမ့်

ဗလင်စီနက်စ်	L(A)	D(H)	D(A)	L(H)	L(A)
ဂွအင်ဂမ့်	L(A)	D(H)	D(A)	W(H)	L(H)

ဂွအင်ဂမ့် အဝေးကွင်းဆို ခံစစ်လုံအောင်ထားပြီး အမှတ်ရာတတ်တယ်။ ဒီအနေအထားက ဂိုးသွင်းအားမရှိတဲ့ ဗလင်စီနက်စ်အတွက် အခက်အခဲဖြစ်လာနိုင်လို့ ဂွအင်ဂမ့် သရေရသွားဖို့များပါတယ်။

လော်ရီယန့် နှင့် ရိန်းစ်

လော်ရီယန့်	L(A)	D(H)	W(A)	W(H)	-(A)
ရိန်းစ်	D(H)	L(A)	D(H)	L(A)	-H)

လော်ရီယန့် အိမ်ကွင်းကစားပုံ စိတ်ချရတယ်။ လက်ရှိအချိန်မှာ ခြေလည်းတက်နေလို့ အဝေးကွင်းမှာ ဂိုးရဖို့ခက်တဲ့ ရိန်းစ် ယှဉ်နိုင်ဖို့မရှိဘူး။ လော်ရီယန့်အနိုင်သေချာပြီး ဂိုးတော့နည်းမယ်။

BUNDESLIGA WEEK 15

ဒီတစ်ပတ်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကိုကြည့်ရင် အမှတ်ပေးဇယားဒုတိယနေရာအတွက် ဒေါ့မွန်နဲ့လေဗာကူဆင်တို့ စီးချင်းထိုးပါလိမ့်မယ်။ ဘေယန်မြူးနစ်ကတော့ အဝေးကွင်းသွားကစားရမှာဖြစ်ပေမယ့် ဂိုးပြတ်၊ မပြတ်မသေချာတာကလွဲလို့ နိုင်ပွဲကတော့ဆက်မယ့်အနေအထားမှာရှိပါတယ်။ မိုချန်ဂလာဘတ်၊ စတုဂတ်၊ ဘရန့်ရှဝစ်နဲ့ ဖရိုင်းဘတ်တို့ကတော့ နိုင်ပွဲကိုယ်စီရှာတွေ့ကြပါလိမ့်မယ်…

ဒုတိယနေရာလုမယ့် ဒေါ့မွန်နဲ့လေဗာကူဆင်

ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၄)	ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၅)
၁-၁၂-၂၀၁၃	၁၄/၁၅-၁၂-၂၀၁၃
ဝုလ်ဖ်ဘတ် ၁-၁ ဟမ်းဘတ်	ဟာသာဘာလင် - ဝါဒါဘရီမင်
ဘေယန်မြူးနစ် ၂-၀ ဘရန့်ရှဝစ်	ဘေယန်မြူးနစ် - ဟမ်းဘတ်
လေဗာကူဆင် ၃-၀ နုရင်ဘတ်	ဟန်နိုဗာ - နုရင်ဘတ်
ဟော်ဖန်ဟိုင်မ် ၄-၄ ဝါဒါဘရီမင်	ဟော်ဖန်ဟိုင်မ် - ဒေါ့မွန်
မိန့်ဇ် ၁-၃ ဒေါ့မွန်	မိန့်ဇ် - မိုချန်ဂလာဘတ်
ဟာသာဘာလင် ၀-၀ အော့စ်ဘတ်	အော့စ်ဘတ် - ဘရန့်ရှဝစ်
ရှော်လ်ကာ ၃-၀ စတုဂတ်	ဝုလ်ဖ်ဘတ် - စတုဂတ်
ဟန်နိုဗာ ၂-၀ ဖရန့်ဖတ်	ရှော်လ်ကာ - ဖရိုင်းဘတ်
မိုချန်ဂလာဘတ် ၁-၀ ဖရိုင်းဘတ်	လေဗာကူဆင် - ဖရန့်ဖတ်

ပြီးခဲ့သည့်ရာသီက ဒေါ့မွန်ကွင်းတွင် ဒေါ့မွန်နှင့် လေဗာကူဆင်တို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် ဒေါ့မွန်က ၃-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်) (Photo: AFP)

ဝါဒါဘရီမင် နှင့် ဘေယန်မြူးနစ်

ဝါဒါဘရီမင်	နောက်ဆုံး(၅)ပွဲ		ဘေယန်မြူးနစ်		
ဝုလ်ဖ်ဘတ်	L(A)	(0-3)	ဟာသာဘာလင်	W(H)	(3-2)
ဟန်နိုဗာ	W(H)	(3-2)	ဟော်ဖန်ဟိုင်မ်	W(A)	(2-1)
ရှော်လ်ကာ	L(A)	(1-3)	အော့စ်ဘတ်	W(H)	(3-0)
မိန့်ဇ်	L(H)	(2-3)	ဒေါ့မွန်	W(A)	(3-0)
ဟော်ဖန်ဟိုင်မ်	D(A)	(4-4)	ဘရန့်ရှဝစ်	W(H)	(2-0)

အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံထားတဲ့(၅)ကြိမ်ကိုကြည့်ရင် ဝါဒါဘရီမင်တို့ ဘေယန်မြူးနစ်ကို (၅)ကြိမ်စလုံး ရှုံးနိမ့်ထားပါတယ်။ ဒီရာသီမှာ ဘေယန်မြူးနစ်တို့ အဝေးကွင်းရှုံးပွဲလည်း မရှိသေးပါဘူး။ အိမ်ကွင်းဆိုပေမယ့် ဝါဒါဘရီမင် အမြင့်ဆုံးမျှော်မှန်းနိုင်မှာ သရေပါ။

ဒေါ့မွန် နှင့် လေဗာကူဆင်

ဒေါ့မွန်	နောက်ဆုံး(၅)ပွဲ		လေဗာကူဆင်		
ရှော်လ်ကာ	W(A)	(3-1)	အော့စ်ဘတ်	W(H)	(2-1)
စတုဂတ်	W(H)	(6-1)	ဘရန့်ရှဝစ်	L(A)	(0-1)
ဝုလ်ဖ်ဘတ်	L(A)	(1-2)	ဟမ်းဘတ်	W(H)	(5-3)
ဘေယန်မြူးနစ်	L(H)	(0-3)	ဟာသာဘာလင်	W(A)	(1-0)
မိန့်ဇ်	W(A)	(3-1)	နုရင်ဘတ်	W(H)	(3-0)

ဒေါ့မွန်အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်ဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	ဒေါ့မွန်	၀-၂	လေဗာကူဆင်
၂၀၁၁-၁၂	ဒေါ့မွန်	၁-၀	လေဗာကူဆင်
၂၀၁၂-၁၃	ဒေါ့မွန်	၃-၀	လေဗာကူဆင်

ဒီပွဲကတော့ စိတ်ဝင်စားစရာပါ။ ဒေါ့မွန်က အိမ်ကွင်းအားကိုးနဲ့ အမှတ်ပေးဇယားဒုတိယနေရာကို ပြန်ရယူဖို့ သေချာပေါက်ကြိုးစားမှာပါ။ လေဗာကူဆင်ကလည်း ဒေါ့မွန်ဆီကယူထားတဲ့ ဒုတိယနေရာကိုဖယ်မပေးရအောင် ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းတွေ့တိုင်း အကြိတ်အနယ်ရှိတတ်ပေမယ့် ဒေါ့မွန်ကွင်းမှာဆိုရင်တော့ လေဗာကူဆင်တို့ ရှန်းကန်ရတတ်တဲ့အစဉ်အလာရှိပါတယ်။ ဒေါ့မွန်ကွင်းမှာ နောက်ဆုံးတွေ့ဆုံထားတဲ့(၅)ကြိမ်ကိုကြည့်ရင် လေဗာကူဆင်တို့ တစ်ကြိမ်သာ အနိုင်ရထားဖူးတာက သက်သေပါပဲ။ ဒေါ့မွန်ရဲ့ ဒီရာသီအိမ်ကွင်းရလဒ်ကလည်း ကျေနပ်စရာကောင်းပါတယ်။ ဒါပေမဲ့ လေဗာကူဆင်ရဲ့ အဝေးကွင်းရလဒ်ကိုကြည့်ရင်လည်း အဆိုးရွားကြီးမဟုတ်တာကို တွေ့ရပါလိမ့်မယ်။ တစ်ခုရှိတာက ဒေါ့မွန်တို့ ဒဏ်ရာပြဿနာတွေနဲ့ ရှန်းကန်နေရတာပါပဲ။ သေချာတာကတော့ အိမ်ရှင် လုံးဝမရှုံးပါဘူး။

မိုချန်ဂလာဘတ် နှင့် ရှော်လ်ကာ

မိုချန်ဂလာဘတ်	နောက်ဆုံး(၅)ပွဲ		ရှော်လ်ကာ		
ဖရန့်ဖတ်	W(H)	(4-1)	ဒေါ့မွန်	L(H)	(1-3)
ဟမ်းဘတ်	W(A)	(2-0)	ဟာသာဘာလင်	W(A)	(2-0)
နုရင်ဘတ်	W(H)	(3-1)	ဝါဒါဘရီမင်	W(H)	(3-1)
စတုဂတ်	W(A)	(2-0)	ဖရန့်ဖတ်	D(A)	(3-3)
ဖရိုင်းဘတ်	W(H)	(1-0)	စတုဂတ်	W(H)	(3-0)

ရှော်လ်ကာနဲ့တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းရလဒ်တွေကိုကြည့်ရင် မိုချန်ဂလာဘတ်တို့ ပြတ်ပြတ်သားသားအသာရထားပေမယ့် ပြီးခဲ့တဲ့ရာသီကတော့ ရှုံးနိမ့်ထားပါတယ်။ ဒါပေမဲ့ ဒီရာသီမှာတော့ မိုချန်ဂလာဘတ်တို့ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ မိုချန်ဂလာဘတ် အနိုင်သေချာပါတယ်။

နုရင်ဘတ် နှင့် မိန့်ဇ်

နုရင်ဘတ်	နောက်ဆုံး(၅)ပွဲ		မိန့်ဇ်		
စတုဂတ်	D(A)	(1-1)	ဘရန့်ရှဝစ်	W(H)	(2-0)
ဖရိုင်းဘတ်	L(H)	(0-3)	အော့စ်ဘတ်	L(A)	(1-2)
မိုချန်ဂလာဘတ်	L(A)	(1-3)	ဖရန့်ဖတ်	W(H)	(1-0)
ဝုလ်ဖ်ဘတ်	D(H)	(1-1)	ဝါဒါဘရီမင်	W(A)	(3-2)
လေဗာကူဆင်	L(A)	(0-3)	ဒေါ့မွန်	L(H)	(1-3)

ဒီရာသီမှာ နုရင်ဘတ်တို့ အိမ်ကွင်းနိုင်ပွဲမရှိသေးပါဘူး။ အိမ်ကွင်းမှာနောက်ဆုံးတွေ့ဆုံထားတဲ့(၃)ကြိမ်ကိုကြည့်ရင်လည်း နုရင်ဘတ်တို့ တစ်ကြိမ်သာ အနိုင်ရထားပါတယ်။ ဒါပေမဲ့ နုရင်ဘတ် မရှုံးပါဘူး။

စတုဂတ် နှင့် ဟန်နိုဗာ

စတုဂတ်	နောက်ဆုံး(၅)ပွဲ		ဟန်နိုဗာ		
နုရင်ဘတ်	D(H)	(1-1)	ဟော်ဖန်ဟိုင်မ်	L(H)	(1-4)
ဒေါ့မွန်	L(A)	(1-6)	ဝါဒါဘရီမင်	L(A)	(2-3)
ဖရိုင်းဘတ်	W(A)	(3-1)	ဘရန့်ရှဝစ်	D(H)	(0-0)
မိုချန်ဂလာဘတ်	L(H)	(0-2)	ဟမ်းဘတ်	L(A)	(1-3)
ရှော်လ်ကာ	L(A)	(0-3)	ဖရန့်ဖတ်	W(H)	(2-0)

ထိပ်တိုက်တွေ့ဆုံမှုမှာ စတုဂတ်တို့အသာရထားသလို စတုဂတ်ကွင်းမှာဆိုရင်လည်း ဟန်နိုဗာတို့ ရှန်းကန်ရတတ်တဲ့ အစဉ်အလာရှိပါတယ်။ ပြီးခဲ့တဲ့ရာသီက အိမ်ကွင်းရှုံးပွဲကို ဒီရာသီမှာ စတုဂတ်တို့ ပြန်ချေပါလိမ့်မယ်။

ဟမ်းဘတ် နှင့် အော့စ်ဘတ်

ဟမ်းဘတ်	နောက်ဆုံး(၅)ပွဲ		အော့စ်ဘတ်		
ဖရိုင်းဘတ်	W(A)	(3-0)	လေဗာကူဆင်	L(A)	(1-2)
မိုချန်ဂလာဘတ်	L(H)	(0-2)	မိန့်ဇ်	W(H)	(2-1)
လေဗာကူဆင်	L(A)	(3-5)	ဘေယန်မြူးနစ်	L(A)	(0-3)
ဟန်နိုဗာ	W(H)	(3-1)	ဟော်ဖန်ဟိုင်မ်	W(H)	(2-0)
ဝုလ်ဖ်ဘတ်	D(A)	(1-1)	ဟာသာဘာလင်	D(A)	(0-0)

အိမ်ကွင်းမှာ ဟမ်းဘတ်တို့ အော့စ်ဘတ်ကို အနိုင်မရဖူးပါဘူး။ အော့စ်ဘတ်ရဲ့ ဒီရာသီအဝေးကွင်းရလဒ်ကလည်း ကျေနပ်စရာမရှိပါဘူး။ အော့စ်ဘတ် အမြင့်ဆုံးမျှော်မှန်းနိုင်မှာ သရေပါ။

ဖရန့်ဖတ် နှင့် ဟော်ဖန်ဟိုင်မ်

ဖရန့်ဖတ်	နောက်ဆုံး(၅)ပွဲ		ဟော်ဖန်ဟိုင်မ်		
မိုချန်ဂလာဘတ်	L(A)	(1-4)	ဟန်နိုဗာ	W(A)	(4-1)
ဝုလ်ဖ်ဘတ်	L(H)	(1-2)	ဘေယန်မြူးနစ်	L(H)	(1-2)
မိန့်ဇ်	L(A)	(0-1)	ဟာသာဘာလင်	L(H)	(2-3)
ရှော်လ်ကာ	D(H)	(3-3)	အော့စ်ဘတ်	L(A)	(0-2)
ဟန်နိုဗာ	L(A)	(0-2)	ဝါဒါဘရီမင်	D(H)	(4-4)

အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံထားတဲ့(၄)ကြိမ်ကိုကြည့်ရင် ဖရန့်ဖတ်တို့ ဟော်ဖန်ဟိုင်မ်ကို တစ်ကြိမ်သာ အနိုင်ရဖူးပါတယ်။ အိမ်ကွင်းဆိုပေမယ့်ဖရန့်ဖတ်အမြင့်ဆုံး မျှော်မှန်းနိုင်မှာ သရေပါ။

ဘရန့်ရှဝစ် နှင့် ဟာသာဘာလင်

ဘရန့်ရှဝစ်	နောက်ဆုံး(၅)ပွဲ		ဟာသာဘာလင်		
မိန့်ဇ်	L(A)	(0-2)	ဘေယန်မြူးနစ်	L(A)	(2-3)
လေဗာကူဆင်	W(H)	(1-0)	ရှော်လ်ကာ	L(H)	(0-2)
ဟန်နိုဗာ	D(A)	(0-0)	ဟော်ဖန်ဟိုင်မ်	W(A)	(3-2)
ဖရိုင်းဘတ်	L(H)	(0-1)	လေဗာကူဆင်	L(H)	(0-1)
ဘေယန်မြူးနစ်	L(A)	(0-2)	အော့စ်ဘတ်	D(H)	(0-0)

အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံထားတဲ့(၅)ကြိမ်ကိုကြည့်ရင် ဘရန့်ရှဝစ်တို့ တစ်ကြိမ်သာ ရှုံးနိမ့်ထားပါတယ်။ ဘရန့်ရှဝစ်ကွင်းမှာဆိုရင်လည်း ဟာသာဘာလင်တို့ ရှန်းကန်ရလေ့ရှိပါတယ်။ အိမ်ရှင်အနိုင်ပါ။

ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယား

		စုစုပေါင်း						အိမ်ကွင်း			အဝေးကွင်း			
စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	နိုင်	သရေ	ရှုံး	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘေယန်မြူးနစ်	၁၄	၁၂	၂	၀	၃၂	၇	၈	၀	၀	၄	၂	၀	၃၈
၂	လေဗာကူဆင်	၁၄	၁၁	၁	၂	၃၁	၁၄	၇	၁	၀	၄	၀	၂	၃၄
၃	ဒေါ့မွန်	၁၄	၁၀	၁	၃	၃၅	၁၅	၆	၀	၁	၄	၁	၂	၃၁
၄	မိုချန်ဂလာဘတ်	၁၄	၉	၁	၄	၃၁	၁၆	၇	၀	၀	၂	၁	၄	၂၈
၅	ရှော်လ်ကာ	၁၄	၇	၃	၄	၂၉	၂၆	၄	၁	၂	၃	၂	၂	၂၄
၆	ဝုလ်ဖ်ဘတ်	၁၄	၇	၂	၅	၂၀	၁၆	၅	၁	၁	၂	၁	၄	၂၃
၇	ဟာသာဘာလင်	၁၄	၅	၄	၅	၂၀	၁၇	၄	၁	၃	၁	၃	၂	၁၉
၈	မိန့်ဇ်	၁၄	၆	၁	၇	၂၁	၂၈	၄	၁	၃	၂	၀	၄	၁၉
၉	ဟန်နိုဗာ	၁၄	၅	၂	၇	၁၇	၂၂	၅	၂	၁	၀	၀	၆	၁၇
၁၀	အော့စ်ဘတ်	၁၄	၅	၂	၇	၁၅	၂၃	၄	၁	၂	၁	၁	၅	၁၇
၁၁	ဟမ်းဘတ်	၁၄	၄	၄	၆	၃၀	၃၁	၂	၁	၃	၂	၃	၃	၁၆
၁၂	စတုဂတ်	၁၄	၄	၄	၆	၂၄	၂၆	၁	၃	၂	၃	၁	၄	၁၆
၁၃	ဝါဒါဘရီမင်	၁၄	၄	၄	၆	၁၉	၂၇	၂	၂	၂	၂	၂	၄	၁၆
၁၄	ဟော်ဖန်ဟိုင်မ်	၁၄	၃	၅	၆	၃၂	၃၄	၁	၄	၃	၂	၁	၃	၁၄
၁၅	ဖရန့်ဖတ်	၁၄	၂	၅	၇	၁၇	၂၆	၀	၃	၃	၂	၂	၄	၁၁
၁၆	ဖရိုင်းဘတ်	၁၄	၂	၅	၇	၁၄	၂၅	၀	၃	၃	၂	၂	၄	၁၁
၁၇	နုရင်ဘတ်	၁၄	၀	၈	၆	၁၃	၂၉	၀	၃	၃	၀	၅	၃	၈
၁၈	ဘရန့်ရှဝစ်	၁၄	၂	၂	၁၀	၈	၂၆	၁	၁	၅	၁	၁	၅	၈

ဖရိုင်းဘတ် နှင့် ဝုလ်ဖ်ဘတ်

ဖရိုင်းဘတ်	နောက်ဆုံး(၅)ပွဲ		ဝုလ်ဖ်ဘတ်		
ဟမ်းဘတ်	L(H)	(0-3)	ဝါဒါဘရီမင်	W(H)	(3-0)
နုရင်ဘတ်	W(A)	(3-0)	ဖရန့်ဖတ်	W(A)	(2-1)
စတုဂတ်	L(H)	(1-3)	ဒေါ့မွန်	W(H)	(2-1)
ဘရန့်ရှဝစ်	W(H)	(1-0)	နုရင်ဘတ်	D(A)	(1-1)
မိုချန်ဂလာဘတ်	L(A)	(0-1)	ဟမ်းဘတ်	D(H)	(1-1)

ဖရိုင်းဘတ်ကွင်းမှာဆိုရင် ဝုလ်ဖ်ဘတ်တို့ အစဉ်အမြဲ ရှန်းကန်ရလေ့ရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ရာသီကတော့ အိမ်ကွင်းမှာ ဖရိုင်းဘတ်တို့ ဝုလ်ဖ်ဘတ်ကို ရှုံးနိမ့်ထားခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ အိမ်ရှင် ရှုံးကြွေးပြန်ဆပ်လိမ့်မယ်။

၂၀၁၄ကမ္ဘာ့ဖလားအုပ်စုမဲခွဲပွဲမတိုင်မီ စည်းမျဉ်းအချို့ပြောင်းလဲခဲ့ခြင်းကြောင့် အင်္ဂလန်အသင်း အုပ်စုကျုပ်အတွင်းကျရောက်ရန်အခွင့်အရေးပိုမိုများပြား

Photo : AFP

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုမဲခွဲပွဲမတိုင်မီ ဖီဖာမှစည်းမျဉ်းအချို့ပြောင်းလဲခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းမှာ အုပ်စုကျုပ် (Group Of Death) အတွင်းကျရောက်ရန် အခွင့်အရေး ပိုမိုများပြားလျက်ရှိနေကြောင်း ဗြိတိန်ထုတ် Guardianသတင်းစာမှသုံးသပ်ဖော်ပြခဲ့သည်။

မူလက သတ်မှတ်ထားသည့် စည်းမျဉ်းအရ မဲအိုး(၁)နှင့်(၃)တွင် အသင်း(၈)သင်း ပါဝင်သော်လည်း မဲအိုး(၂)နှင့် (၄)တို့တွင် (၇)သင်းနှင့်(၉)သင်းဖြစ်နေ၍ မဲအိုးအားလုံး ညီမျှမှုရှိစေရန် မဲအိုး(၄)မှ တစ်သင်းကို မဲအိုး(၂)တွင် ပေါင်းထည့်ရန်စီစဉ်ထားပြီး ဖီဖာ၏သတ်မှတ်ချက်အရ ဥရောပအသင်းများထဲတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အနိမ့်ဆုံးဖြစ်နေသည့် ပြင်သစ်အသင်းမှာ ရွေးချယ်ခံရရန် ရာနှုန်းပြည့်သေချာခဲ့သည်။ သို့သော်လည်း မဲခွဲပွဲကျင်းပရန် ရက်ပိုင်းအလိုမှာပင် ဖီဖာမှကမ္ဘာ့အဆင့်သတ်မှတ်ချက်အစား မဲအိုး(၄)မှ အသင်း(၉)သင်းကို ကျပန်းမဲနှိုက်၍ ရွေးချယ်သွားရန် ပြောင်းလဲသတ်မှတ်ခဲ့ရာ အကယ်၍ အင်္ဂလန်အသင်းသာ မဲအိုး (၂)အတွင်း ကျရောက်ခဲ့ပါက ဆီဒင်ရ တောင်အမေရိကအသင်းများဖြစ်သည့် အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဥရုဂွေး (သို့မဟုတ်) အိမ်ရှင်ဘရာဇီးလ်တို့နှင့် တစ်အုပ်စုတည်းကျရောက်မည်ဖြစ်သလို၊ ဆီဒင်မဲ့ အခြားဥရောပတစ်သင်းနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်းသိရသည်။ သို့ဖြစ်ရာ အင်္ဂလန်အသင်းအနေဖြင့် အိမ်ရှင်ဘရာဇီးလ်အသင်းအပါအဝင် တောင်အမေရိကမှတစ်သင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည့်အပြင် ဆီဒင်မဲ့ဥရောပအသင်းများတွင်လည်း အီတလီ၊ ဟော်လန်စသည့်နာမည်ကျော်အသင်းများရှိနေရာ အင်္ဂလန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အုပ်စုကျုပ်အတွင်း ကျရောက်မည့်အနေအထားဖြစ်နေကြောင်း Guardian သတင်းစာက ဖော်ပြခဲ့သည်။

ယခုကဲ့သို့ ဖီဖာမှ ရုတ်တရက် စည်းမျဉ်းပြောင်းလဲခဲ့ခြင်းမှာ ဖီဖာဥက္ကဋ္ဌဘလက်တာ၏နေရာကိုရယူမည့်သူအဖြစ်ရေပန်းစားနေသည့် UEFA ဥက္ကဋ္ဌပလာတီနီ၏စီမံမှုများပါဝင်နေပြီး ပလာတီနီသည် သူ၏နိုင်ငံအသင်းဖြစ်သောပြင်သစ်အသင်းကိုအုပ်စုကျုပ်အတွင်းမကျစေရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ခွဲမှုများထွက်ပေါ်လျက်ရှိနေသည်။ သို့သော်လည်း ဖီဖာအထွေထွေအတွင်း ရေးမှူးဖြစ်သူဗယ်လ်ကီက ယခုအစီအစဉ်မှာ အနည်းငယ်ရှုပ်ထွေးသော်လည်း စည်းမျဉ်းတကျဆောင်ရွက်သွားမည်ဖြစ်၍အုပ်စုများကိုကြိုတင်ဟောကိန်းထုတ်၍ မရနိုင်ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယခုသောကြာနေ့တွင် ဘရာဇီးလ်နိုင်ငံ၊ ဘာဟီယာပြည်နယ်ရှိ Mata de Sao Joao မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်(၃၂)သင်း၏ ကမ္ဘာ့အဆင့်နှင့်ဆီဒင်သတ်မှတ်မှု

အသင်း	အဆင့်	အသင်း	အဆင့်
ဘရာဇီးလ်	၁၁	ဒိုင်ဗရီကို့စ်	၁၇
စပိန်	၁	ခရိုအေးရှား	၁၈
ဂျာမနီ	၂	ရုရှား	၁၉
အာဂျင်တီးနား	၃	ပြင်သစ်	၂၁
ကိုလံဘီယာ	၄	အီကွေဒေါ	၂၂
ဘယ်လ်ဂျီယံ	၅	ဂါနာ	၂၃
ဥရုဂွေး	၆	မက္ကဆီကို	၂၄
ဆွစ်ဇာလန်	၇	ကော်စတာရီကာ	၃၁
ဟော်လန်	၈	အယ်လ်ဂျီးရီးယား	၃၂
အီတလီ	၉	နိုက်ဂျီးရီးယား	၃၃
အင်္ဂလန်	၁၀	ဟွန်ဒူးရပ်စ်	၃၄
ချီလီ	၁၂	ဂျပန်	၄၄
အမေရိကန်	၁၃	အီရန်	၄၉
ပေါ်တူဂီ	၁၄	တောင်ကိုရီးယား	၅၆
ဂရိ	၁၅	ဩစတြေးလျ	၅၇
ဘော့စနီးယား	၁၆	ကင်မရွန်း	၅၉

မဲအိုး(၁) - ဘရာဇီးလ်၊ စပိန်၊ ဂျာမနီ၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဘယ်လ်ဂျီယံ၊ ဥရုဂွေး၊ ဆွစ်ဇာလန် (ဆီဒင်ရအသင်းများ)
မဲအိုး(၂) - ဒိုင်ဗရီကို့စ်၊ ဂါနာ၊ အယ်လ်ဂျီးရီးယား၊ နိုက်ဂျီးရီးယား၊ ကင်မရွန်း၊ ချီလီ၊ အီကွေဒေါ
မဲအိုး(၃) - ဂျပန်၊ အီရန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အမေရိကန်၊ မက္ကဆီကို၊ ကော်စတာရီကာ၊ ဟွန်ဒူးရပ်စ်
မဲအိုး(၄) - ဘော့စနီးယား၊ ခရိုအေးရှား၊ အင်္ဂလန်၊ ဂရိ၊ အီတလီ၊ ဟော်လန်၊ ပေါ်တူဂီ၊ ရုရှား၊ ပြင်သစ်

၂၀၁၃ ခုနှစ် လူငယ်အကောင်းဆုံးကစားသမားဆုကို ဂျူဗင်တပ်စ်ကွင်းလယ်လူ ပေါ့ဘာဆွတ်ခူး

၂၀၁၃ခုနှစ်၏ ဥရောပလူငယ်အကောင်းဆုံးကစားသမား(Golden Boy Award)ဆုကို ဂျူဗင်တပ်စ်အသင်းမှ ပြင်သစ်လက်ရွေးစင် ကွင်းလယ်လူ ပေါ့ဘာက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အသက် (၂၀)နှစ်သာရှိသေးသူ ပေါ့ဘာသည် ယခုနှစ်ရာသီအစက မန်ယူအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် ယခုနှစ်အတွင်း ကျင်းပခဲ့သည့် ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ ဖိုလ်စွဲခဲ့သဖြင့် ယခုဆုအား ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။ ဥရောပလူငယ်အကောင်းဆုံးကစားသမားဆုမှာ အသက်(၂၁)နှစ်အောက် ကစားသမားများထဲမှ ခြေစွမ်းပြနိုင်သူကို ကမ္ဘာတစ်ဝှမ်းရှိ သတင်းစာအစောင်(၃၀)မှ တာဝန်ရှိသူများက မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး ပေါ့ဘာမှာ လူကာကူ(အဲဗာတန်/ ချယ်လ်ဆီး)၊ ဒရက်ဇ်လာ(ရှော်လ်ကာ)၊ ဗာရာနီ(ရီးယဲလ်)၊ မာကွင်ဟို(ရိုးမား) တို့ကိုကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

Golden Boy Award ဆုကို ရရှိခဲ့ကြသူများ

ခုနှစ်	အမည်	လက်ရှိ	ခုနှစ်	အမည်	လက်ရှိ
၂၀၀၃	ဗန်ဒါဗတ်	ဟော်လန်	၂၀၀၈	အန်ဒါဆန်	ဘရာဇီးလ်
၂၀၀၄	ရွန်နီ	အင်္ဂလန်	၂၀၀၉	ပါတို	ဘရာဇီးလ်
၂၀၀၅	မက်ဆီ	အာဂျင်တီးနား	၂၀၁၀	ဘာလိုတယ်လီ	အီတလီ
၂၀၀၆	ဖာဘရီဂတ်စ်	စပိန်	၂၀၁၁	ဂေါ့ဇီ	ဂျာမနီ
၂၀၀၇	အဂူရို	အာဂျင်တီးနား	၂၀၁၂	အစ္စကို	စပိန်

ဆောက်သမ်တန်ဂိုးသမားဘိုရပ်ဂ် (၆)ပတ်ခန့်နားရမည်

ဆောက်သမ်တန်အသင်းဂိုးသမားဖြစ်သူဘိုရပ်ဂ်သည် လက်ချောင်းကျိုးသည့်ဒဏ်ရာကြောင့် (၆)ပတ်ခန့်အထိအနားယူရမည်ဖြစ်ကြောင်းသိရသည်။ ဘိုရပ်ဂ်သည် ပြီးခဲ့သည့်တစ်ပတ်က ချယ်လ်ဆီးအသင်းနှင့်ကစားခဲ့သောပွဲတွင် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အရန်ဂိုးသမားဖြစ်သူဂက်ဇ်ဇာနီဂါနှင့် လူစားလဲခံခဲ့ရသည်။ အဆိုပါပွဲအပြီးတွင် ဘိုရပ်ဂ်၏ဒဏ်ရာကိုစမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် (၆)ပတ်ခန့်အနားယူရမည်ဖြစ်ရာ ၎င်းအနေဖြင့် လာမည့်နှစ်စပိုင်းမှ အသင်းအတွက်ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အီတူးကိုခေါ်ယူရန် တိုရွန်တိုအသင်းပစ်မှတ်ထား

မေဂျာလိဂ်ကလပ် တိုရွန်တိုအသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး အီတူးကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိနေကြောင်း သိရသည်။ ကင်မရွန်းဝါရင့်တိုက်စစ်မှူး အီတူးသည် ချယ်လ်ဆီးအသင်းနှင့် (၁)နှစ်စာချုပ်သာချုပ်ဆိုထားခြင်းဖြစ်ပြီး လာမည့်ဇန်နဝါရီလ(၁)ရက်နေ့တွင်မည်သည့်ပြည်ပကလပ်အသင်းနှင့်မဆို အကြိုစာချုပ်ချုပ်ဆိုရန် ဆွေးနွေးခွင့်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ တိုရွန်တိုအသင်းအနေဖြင့် အီတူးအားခေါ်ယူရန်စီစဉ်နေခြင်းဖြစ်ပြီး တိုရွန်တိုအသင်းသည် စပါးတိုက်စစ်မှူး ဒီဖိုးကိုလည်း ပေါင်(၆)သန်းကျော်ဖြင့်ခေါ်ယူရန်ဆွေးနွေးနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိနေသည်။

Brief

❒ ဖူလ်ဟမ်အသင်း တိုက်စစ်မှူး ဘာဘာတော့ဗ်သည် ရလဒ်များဆိုးရွားနေသည့် ဖူလ်ဟမ်အသင်းမှထွက်ခွာရန်ဆန္ဒရှိနေကြောင်းသိရသည်။

❒ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နီးယဲဘက်တစ်နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူ ပီပီမဲလ်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းက ဆက်သွယ်မှုများပြုလုပ်နေကြောင်း သိရသည်။

❒ မန်စီးတီးအသင်း နည်းပြပယ်လီဂရီနီက အာဆင်နယ်အသင်းမှခေါ်ယူရန် စိတ်ဝင်စားနေသည့် တိုက်စစ်မှူးဇီကိုအားရောင်းချမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

❒ ချယ်လ်ဆီးအသင်းတွင် ပုံမှန်ကစားခွင့်ပျောက်ဆုံးနေသည့် ဒီဘာရိုင်းက သူ၏အနာဂတ်နှင့်ပတ်သက်၍ မော်ရင်ဟိုနှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

BBC Young Sports Personality of the Year ဆုအတွက် ဆန်ခါတင်(၁၀)ဦးစာရင်းတွင် မန်ယူလူငယ်ကစားသမားယာနူဇေး ပါဝင်လာ

၂၀၁၃ခုနှစ်အတွက် BBC အားကစားဆိုင်ရာ ပုဂ္ဂိုလ်ရေးထူးချွန်ဆု(လူငယ်) (Sports Personality of the Year) ဆန်ခါတင်(၁၀)ဦးစာရင်းကို ပြီးခဲ့သည့်အင်္ဂါနေ့ကထုတ်ပြန်ကြေညာခဲ့ရာ မန်ယူအသင်းမှ ဘယ်လ်ဂျီယံလူငယ်တောင်ပံကစားသမား ယာနူဇေးမှာ အံ့အားသင့်ဖွယ်ပါဝင်လာခဲ့ကြောင်းသိရသည်။

အသက်(၁၈)နှစ်အရွယ်သာရှိသေးသူ ယာနူဇေးသည် ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ပွဲအနည်းငယ်သာကစားခဲ့ရသူဖြစ်ပြီး ဗြိတိန်နိုင်ငံသားမဟုတ်သော်လည်း လက်ရှိအချိန်တွင်ဗြိတိန်နိုင်ငံ၌နေထိုင်နေသည့်အတွက် ယခုဆန်ခါတင်စာရင်းတွင်ပါဝင်လာခဲ့ခြင်းဖြစ်သည်။BBC အားကစားဆိုင်ရာပုဂ္ဂိုလ်ရေးထူးချွန်ဆု(လူငယ်)မှာ အသက်(၁၇)နှစ်ပြည့်ပြီးသူ(သို့မဟုတ်) (၁၇)နှစ်အောက်အားကစားသမားများထဲမှ သက်ဆိုင်ရာအားကစားကဏ္ဍအသီးသီးတွင် အကောင်းဆုံးစွမ်းဆောင်နိုင်သည့်သူကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ ယခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် ဆန်ခါတင်(၁၀)ဦးစာရင်းတွင် ဒီနာအက်ရှ်ရှာစမစ်(ပြေးခုန်ပစ်)၊ကျိမ်းစ်ဂိုင်း(ရေကူး)၊ အမ်ဘာဟေးလ်(သေနတ်ပစ်)၊ ချာလေမော်လ်(ဂေါက်သီး)၊ ယာနူဇေး (ဘောလုံး)၊ ဂျက်ဇ်ဂျူဒ် (ပြေးခုန်ပစ်)၊ အေမီမာရင် (မသန်စွမ်းရေကူး)၊ ရေဘက်ကာတိုင်လာ (အလေးမ)၊ အိုင်ဆက်တာဝါ (ဘီးတပ်အားကစား)၊ ကင်ဘာလေဝုဒ်(ကနူး)တို့ ပါဝင်ခဲ့ကြောင်းသိရသည်။ ယခုဆုအတွက် နောက်ဆုံးဆန်ခါတင်(၃)ဦးစာရင်းကို လာမည့်ဒီဇင်ဘာ(၁၂)ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကိုမူ ဒီဇင်ဘာ(၁၅)ရက်နေ့၌ အင်္ဂလန်နိုင်ငံ၊ လိဒ်စ်မြို့တွင်ရှိသော First Direcet Arena ခန်းမ၌ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

BBC Young Sports Personality of the Year ဆုကို ဘောလုံးသမားများထဲမှ ၂၀၀၂ ခုနှစ်တွင် ထိုစဉ်ကအဲဗာတန်အသင်း၌ကစားနေသူ လက်ရှိမန်ယူတိုက်စစ်မှူး ဝိန်းရွန်နီက ဆွတ်ခူးရရှိခဲ့ပြီး ၂၀၀၆ ခုနှစ်၌ ဆောက်သမ်တန်အသင်းမှ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ခဲ့သည့်အပြင် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ရွေးချယ်ခံခဲ့ရသည့် တိုက်စစ်မှူး ဝေါလ်ကော့တို့ရရှိခဲ့ဖူးကြောင်းသိရသည်။

BBC Young Sports Personality of the Year ဆုရရှိခဲ့သည့်ကစားသမားများ

ခုနှစ်	အမည်	အသက်	အားကစား
၁၉၉၉	ဒိန်းမက်စီ	၂၀	ပြေးခုန်ပစ်
၂၀၀၀	ဂျေဆင်ဘာတ်တန်	၂၀	ဖော်မြူလာဝမ်း
၂၀၀၁	အေမီစပန်ဆာ	၁၆	ပြေးခုန်ပစ်
၂၀၀၂	ဝိန်းရွန်နီ	၁၇	ဘောလုံး
၂၀၀၃	ကိတ်ဟေးဝုဒ်	၁၇	ရေကူး
၂၀၀၄	အန်ဒီမာရေး	၁၇	တင်းနစ်
၂၀၀၅	ဟယ်ရီအာယီတီ	၁၇	ပြေးခုန်ပစ်
၂၀၀၆	ဝေါလ်ကော့	၁၇	ဘောလုံး
၂၀၀၇	တွမ်ဒါလေ	၁၃	ဒိုင်ဗင်
၂၀၀၈	အီလီနောဆိမ်မွန်	၁၄	ရေကူး
၂၀၀၉	တွမ်ဒါလေ	၁၅	ဒိုင်ဗင်
၂၀၁၀	တွမ်ဒါလေ	၁၆	ဒိုင်ဗင်
၂၀၁၁	လောရမ်တေလာ	၁၇	ဂေါ့ဖ်
၂၀၁၂	ဂျိုးဆက်ခရစ်	၁၅	ရေကူး

ဝီဂန်နည်းပြဖြစ်လာရန် မိုက်ဖီလန် နီးစပ်

မန်ယူအသင်းတွင် ဖာဂူဆန်၏လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသည့် မိုက်ဖီလန်သည် လိဂ်ချန်ပီယံရှစ်ကလပ် ဝီဂန်အသင်းကို ကိုင်တွယ်ရန်နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ ဝီဂန်နည်းပြရာထူးအတွက်လျာထားသူများစာရင်းတွင် အီယန်ဟော်လိုဝေး၊ နေးလ်လန်နွန်စသူတို့ ပါဝင်နေသော်လည်း မိုက်ဖီလန်မှာ ပိုမိုရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

ဗလင်စီယာနင့် နာနီကို မန်ယူ ရောင်းချဖွယ်ရှိ

မန်ယူအသင်းသည် လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် အသင်းမှ တောင်ပံကစားသမား(၂)ဦးဖြစ်သည့် ဗလင်စီယာနင့်နာနီတို့ကို ရောင်းချရန်စီစဉ်နေကြောင်းသတင်းများထွက်ပေါ်လျက်ရှိနေသည်။ မန်ယူအသင်းသည် ဂါလာတာစရေးကွင်းလယ်လူဆနိုက်ဒါအား ခေါ်ယူရန်ကြိုးပမ်းနေရာ ၎င်းတို့(၂)ဦးကို ရောင်းချ၍ရသည့်ငွေဖြင့်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

အင်္ဂလန်လိဂ်ပြိုင်ပွဲများတွင် (၇)ရက်အတွင်းနည်းပြ(၂၇)ဦး အထိထုတ်ပယ်ခံခဲ့ရခြင်းအပေါ် ကာဒစ်ဖ်နည်းပြမက်ကေးဝေဖန်

ကာဒစ်ဖ်အသင်းနည်းပြ မက်ကေးက ယခုရက်ပိုင်းအတွင်း အင်္ဂလန်လိဂ်ပြိုင်ပွဲများတွင် နည်းပြအပြောင်းအလဲများစွာဖြစ်ပေါ်နေခြင်းကို မိမိအလွန်အံ့အားသင့်ရကြောင်း ဝန်ခံပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖူလ်ဟမ်အသင်းနည်းပြမာတင်ဂျိုးလ် ရာထူးမှထုတ်ပယ်ခံခဲ့ရပြီး၊ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း တစ်ပတ်အတွင်းနည်းပြ(၆)ဦးရာထူးမှထုတ်ပယ်ခံခဲ့ရခြင်းအပါအဝင် အင်္ဂလန်ကလပ်အသင်းများမှာ နည်းပြ(၂၇)ဦးအထိအပြောင်းအလဲပြုလုပ်ခဲ့သဖြင့် ယင်းအပေါ် မက်ကေးကဝေဖန်ပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။ မက်ကေးက "LMA(လိဂ်မန်နေဂျာများအဖွဲ့အစည်း)ရဲ့အစည်းအဝေးကို ကျွန်တော်တက်ရောက်ခဲ့တော့ အမှုဆောင်အရာရှိရစ်ချတ်ဘီဗန်က ပြီးခဲ့တဲ့(၇)ရက်အတွင်း နည်းပြ(၂၇)ဦးရာထူးက ထုတ်ပယ်ခံခဲ့ရတယ်လို့ အစည်းအဝေးတက်ရောက်တဲ့သူတွေကိုပြောကြားခဲ့ပါတယ်။ ဒါဟာတကယ့်ကိုဆိုးရွားတဲ့အပြင် နည်းပြတွေအတွက်လည်း စိတ်ပျက်စရာကောင်းတဲ့အနေအထားပါ" ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရာထူးမှထုတ်ပယ်ခံခဲ့ရသည့်နည်းပြအချို့

အမည်	အသင်း	အတန်း
မာတင်ဂျိုးလ်	ဖူလ်ဟမ်	ပရီးမီးယားလိဂ်
[illegible]	ပို့စ်မောက်	ဒုတိယတန်း
ရစ်ချီဘာကာ	ခရော်လေ	ပထမတန်း
[illegible]	ဘန်စလေ	လိဂ်ချန်ပီယံရှစ်
ဒေ့ဗ်ဂျုံးစ်	ရှက်ဖီးလ်ဝဲန်းစဒေး	လိဂ်ချန်ပီယံရှစ်
အိုဝင်ကွိုင်းလ်	ဝီဂန်	လိဂ်ချန်ပီယံရှစ်

ဖူလ်ဟမ်နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူ မာတင်ဂျိုးလ်

Brief

❒ စပါးအသင်းတွင် လိုရစ်၊ ဖရီဒယ်လ်တို့၏နောက် တတိယဦးစားပေးဂိုးသမားအဖြစ်သတ်မှတ်ခံထားရသည့် ဂိုးမက်စ်သည် အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာတော့မည်ဖြစ်ပြီး ၎င်းကိုခေါ်ယူရန် ဘရာဇီးလ်ကလပ်(၂)သင်းကစိတ်ဝင်စားလျက်ရှိနေကြောင်းသိရသည်။

❒ မန်ယူအသင်းလက်ထောက်နည်းပြဖြစ်သူဖီးလ်နဗီးလ်က အသင်းအတွက်ခြေစွမ်းပြနိုင်ခြင်းမရှိသဖြင့်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသော ကွင်းလယ်လူဖယ်လေနီအနေဖြင့် ဂိုးများသွင်းယူနိုင်ရန်လိုအပ်နေပြီး နိုင်ပွဲရရှိအောင်စွမ်းဆောင်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့သည်။

❒ ခြေသလုံးဒဏ်ရာကြောင့် မန်စီးတီးအသင်းကစားခဲ့သော နောက်ဆုံးပွဲစဉ်(၄)ပွဲကိုလွဲချော်ခဲ့သည့် ကွင်းလယ်ကစားသမားဒေးဗစ်ဆေးလ်ဗားသည် ယခုအခါဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်ပြီး မကြာမီအပြည့်အဝလေ့ကျင့်ခန်းဆင်းနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

❒ ဆွမ်ဆီးအသင်းနည်းပြ မိုက်ကယ်လောဒရပ်က နယူးကာဆယ်အသင်းတွင် ခြေစွမ်းပြဂိုးများသွင်းယူနေသည့် တိုက်စစ်မှူးရီမီသည် ပြီးပြည့်စုံသည့်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီက ၎င်းကိုခေါ်ယူရန် မိမိတို့ကြိုးပမ်းခဲ့ဖူးကြောင်း ဝန်ခံပြောကြားခဲ့သည်။

❒ ပြီးခဲ့သည့်ရာသီက အက်စတွန်ဗီလာအသင်းအတွက်ပြိုင်ပွဲစုံတွင်(၂၃)ဂိုးအထိသွင်းယူခဲ့သော်လည်း လက်ရှိအချိန်၌(၇)ပွဲဆက်ဂိုးပေါက်ပျောက်ဆုံးနေသည့်တိုက်စစ်မှူးဘန်တီကီအနေဖြင့် မကြာမီအကောင်းဆုံးခြေစွမ်းဖြင့်ပြန်လာနိုင်မည်ဟု နည်းပြပေါလ်လမ်းဘတ်ကအားပေးစကားပြောဆိုခဲ့သည်။

❒ ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုက ၎င်းကိုဝေဖန်ပြောဆိုမှုများပြုလုပ်ခဲ့သည့် တိုက်စစ်မှူးလူကာကူ၏ အနာဂတ်အား မိမိကိုယ်တိုင်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

❒ ဘာစီလိုနာအသင်းမှထွက်ခွာရန်အခွင့်ရှိနေသည်ဟု ပြောကြားခဲ့သူ စပိန်လက်ရွေးစင်တိုက်စစ်မှူးပတ်ဒရိုအားခေါ်ယူရန် မန်ယူနှင့်လီဗာပူးလ်အသင်းတို့ကအပြိုင်ဖြစ်နေကြပြီး ပတ်ဒရိုသည် လာမည့်နှစ်နွေရာသီတွင် အသင်းမှထွက်ခွာဖွယ်ရှိနေကြောင်းသိရသည်။

Premier Eleven Sports Journal   Vol:11 No.15 8, December, 2013   Premier Eleven Sports Journal

စာမျက်နှာ (၁၃)မှ ➤➤➤

(၄)ဂိုးသွင်းတဲ့ဆွာရက်ဇ်

လီဗာပူးလ် ၅-၁ နော်ဝစ်ချ်

ဒီရာသီ လီဗာပူးလ်အသင်းရလဒ်ကောင်းရနေတာမှာ အိမ်ကွင်းစွမ်းဆောင်မှုပိုင်းက အဓိကအရေးပါနေပါတယ်။ ဆောက်သမ်တန်ကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့တာကလွဲလို့ ကျန်တဲ့(၆)ပွဲလုံးအနိုင်ကစားထားပြီး ဒီပွဲတွေမှာ တစ်ပွဲပျမ်းမျှ (၃)ဂိုးနှုန်းအထိ သွင်းယူထားနိုင်ခဲ့တယ်။ ရာသီအစပိုင်းမှာ ဆွာရက်ဇ်ပွဲပယ်ပြစ်ဒဏ်ကြောင့် စတာရစ်ချ်ရဲ့သွင်းဂိုးတွေပဲ မှီခိုနေခဲ့ရပေမယ့် နောက်ပိုင်းပွဲတွေမှာတော့ လီဗာပူးလ်အသင်းမှာ ဆွာရက်ဇ်ရဲ့အခန်းကဏ္ဍက ပိုပေါ်လွင်စေခဲ့ပါတယ်။ ဒီပွဲမှာလည်း (၄)ဂိုးသွင်းခဲ့တဲ့ ဆွာရက်ဇ် စံချိန်မှတ်တမ်းတချို့ကိုလည်း ရရှိခဲ့တာပါ။ ပရီးမီးယားလိဂ်မှာ ပြိုင် ...

သွင်းယူခဲ့တာပါ။ နော်ဝစ်ချ်တိုက်စစ်က လီဗာပူးလ်နောက်တန်းကို ဖိအားပေးမှုတချို့လုပ်နိုင်ခဲ့ပေမယ့် (၈၃)မိနစ်မှာ ဘရက်ဒလေစ္စနိုဆင်သွင်းယူတဲ့ ချေပဂိုးတစ်ဂိုးသာ ပြန်ရခဲ့ပါတယ်။

(၃)ပွဲဆက်နိုင်တဲ့ချယ်လ်ဆီး

ဆန်းဒါးလန်း၃-၄ချယ်လ်ဆီး

ချယ်လ်ဆီးက အာဆင်နယ်ကို ဆက်လက်ဖိအားပေးနိုင်ဖို့ ဆန်းဒါးလန်းက တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ရုန်းကန်မှုတွေကြောင့် ပွဲကအကြိတ်အနယ်ရှိခဲ့တယ်။ စိတ်ပျက်စရာကောင်းတာက ဒီရာသီမှာ ချီးကျူးခံနေရတဲ့ ချယ်လ်ဆီးခံစစ်ပိုင်းက သွင်းဂိုးအနည်းဆုံးစာရင်းထဲမှာပါတဲ့ ဆန်းဒါးလန်းအသင်းကို ဂိုး(၃)ဂိုးအထိပေးခဲ့ရတာပါပဲ။ မာတာ၊ ဝီလီယံ၊ ဟာဇက် အတွဲအဖက်က ကစားပုံမဆိုးပေမယ့် ဟာဇက်ရဲ့ပံ့ပိုးပေးမှု ...

အခြားပွဲရလဒ်များ

ပဲလေ့စ် ၁-၀ ဝက်စ်ဟမ်း
ချာမက်(၄၂')

ဖူလ်ဟမ် ၁-၂ စပါး
ဒီဂျာဂတ်(၅၆')   ချဲ့ရစ်(၇၃')
ဟော့ဘီ(၈၂')

ဆောက်သမ်တန် ၂-၃ ဗီလာ
ဂျေးရိုအီဗွက်စ်(၄၈')   အဘွန်လဟော်(၁၅')
အော့စ်ထယ်လ်ဒို(၆၉')   ကိုဇက်(၆၄')
ဒဲလ်ဖ်(၈၀')

စတုတ်စီးတီး ၀-၀ ကာဒစ်ဖ်

ဆွမ်ဆီး ၃-၀ နယူးကာဆယ်
ဒိုင်ယာ(၄၅')
ဒီဘူချီ(၆၇'OG)
ရှယ်လ်ဗီ(၈၁')

ဝက်စ်ဘရွန်း ၂-၃ မန်စီးတီး
ယန်တီလီမွန်(၈၅'OG)   အဂွေရို(၉')
အနီချီဘီ(၉၀')   ယာယာတိုရေး(၂၄'၊ ၇၄'Pen)

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	ဂိုး
ဆွာရက်ဇ်	လီဗာပူးလ်	၁၂
အဂွေရို	မန်စီးတီး	၁၀
စတာရစ်ချ်	လီဗာပူးလ်	၉
လူကာကူ	အဲဗာတန်	၈
ရမ်ဆေး	အာဆင်နယ်	၈

ပရီးမီးယားလိဂ် ၈၆ ပွဲတွင် ၅၁ ဂိုးအထိရှိလာခဲ့သည့် လီဗာပူးလ်တိုက်စစ်မှူးဆွာရက်ဇ်

ပရီးမီးယားလိဂ်အမှတ်ပေးဇယား

		စုစုပေါင်း						အိမ်ကွင်း					အဝေးကွင်း						
		ပွဲ	နိုင်	သရေ	ရှုံး	ရှိုး	ပေးဂိုး	နိုင်	သရေ	ရှုံး	ရှိုး	ပေးဂိုး	နိုင်	သရေ	ရှုံး	ရှိုး	ပေးဂိုး	ဂိုးကွာခြားချက်	ရမှတ်
၁	အာဆင်နယ်	၁၄	၁၁	၁	၂	၂၉	၁၀	၆	၀	၁	၁၅	၅	၅	၁	၁	၁၄	၅	၁၉	၃၄
၂	ချယ်လ်ဆီး	၁၄	၉	၃	၂	၂၈	၁၄	၆	၁	၀	၁၇	၆	၃	၂	၂	၁၁	၈	၁၄	၃၀
၃	မန်စီးတီး	၁၄	၉	၁	၄	၄၀	၁၄	၇	၀	၀	၂၉	၂	၂	၁	၄	၁၁	၁၂	၂၆	၂၈
၄	လီဗာပူးလ်	၁၄	၈	၃	၃	၃၀	၁၇	၆	၀	၁	၁၈	၄	၂	၃	၂	၁၂	၁၃	၁၃	၂၇
၅	အဲဗာတန်	၁၄	၇	၆	၁	၂၂	၁၃	၄	၃	၀	၁၃	၆	၃	၃	၁	၉	၇	၉	၂၇
၆	စပါး	၁၄	၇	၃	၄	၁၃	၁၅	၃	၂	၂	၇	၇	၄	၁	၂	၆	၈	-၂	၂၄
၇	နယူးကာဆယ်	၁၄	၇	၂	၅	၁၈	၂၀	၄	၂	၁	၁၀	၇	၃	၀	၄	၈	၁၃	-၂	၂၃
၈	ဆောက်သမ်တန်	၁၄	၆	၄	၄	၁၈	၁၃	၄	၂	၁	၁၃	၅	၂	၂	၃	၅	၈	၅	၂၂
၉	မန်ယူ	၁၄	၆	၄	၄	၂၂	၁၈	၃	၂	၂	၈	၆	၃	၂	၂	၁၄	၁၂	၄	၂၂
၁၀	ဗီလာ	၁၄	၅	၄	၅	၁၆	၁၆	၂	၁	၄	၆	၉	၃	၃	၁	၁၀	၇	၀	၁၉
၁၁	ဆွမ်ဆီး	၁၄	၅	၃	၆	၂၀	၁၉	၂	၃	၂	၁၄	၁၀	၃	၀	၄	၆	၉	၁	၁၈
၁၂	ဟားလ်စီးတီး	၁၄	၅	၂	၇	၁၂	၁၈	၄	၂	၁	၇	၃	၁	၀	၆	၅	၁၅	-၆	၁၇
၁၃	ဝက်စ်ဘရွန်း	၁၄	၃	၆	၅	၁၇	၁၉	၂	၂	၃	၁၀	၉	၁	၄	၂	၇	၁၀	-၂	၁၅
၁၄	စတုတ်စီးတီး	၁၄	၃	၅	၆	၁၂	၁၈	၂	၄	၁	၅	၃	၁	၁	၅	၇	၁၅	-၆	၁၄
၁၅	ကာဒစ်ဖ်	၁၄	၃	၅	၆	၁၁	၂၀	၂	၂	၃	၇	၁၀	၁	၃	၃	၄	၁၀	-၉	၁၄
၁၆	နော်ဝစ်ချ်	၁၄	၄	၂	၈	၁၂	၂၉	၃	၂	၂	၈	၉	၁	၀	၆	၄	၂၀	-၁၆	၁၄
၁၇	ဝက်စ်ဟမ်း	၁၄	၃	၄	၇	၁၂	၁၅	၂	၁	၄	၈	၁၀	၁	၃	၃	၄	၅	-၃	၁၃
၁၈	ဖူလ်ဟမ်	၁၄	၃	၁	၁၀	၁၂	၂၆	၁	၁	၅	၇	၁၃	၂	၀	၅	၅	၁၃	-၁၄	၁၀
၁၉	ခရစ္စတယ်ပဲလေ့စ်	၁၄	၃	၁	၁၀	၈	၂၂	၂	၁	၄	၅	၁၀	၁	၀	၆	၃	၁၂	-၁၄	၁၀
၂၀	ဆန်းဒါးလန်း	၁၄	၂	၂	၁၀	၁၁	၂၈	၂	၀	၅	၉	၁၄	၀	၂	၅	၂	၁၄	-၁၇	၈

ကြားရက်မှာကစားခဲ့တဲ့ ပြင်သစ်လီဂူးပွဲစဉ်(၁၆)မှာ ထိပ်ဆုံးက PSG အသင်း အီဗီယန်ကို အဝေးကွင်းမှာ အံ့အားသင့်ဖွယ် အရေးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်မို့ လိုင်လီ၊ မိုနာကိုတို့နဲ့ အမှတ်ကွာဟချက် ပြန်လည်ကျဉ်းမြောင်းခဲ့ပြီး ချန်ပီယံပြေးလမ်းပေါ်မှာ ပိုမိုကျပ်တည်းတဲ့စိန်ခေါ်မှုနဲ့ ရင်ဆိုင်ရတော့မှာပါ•••

PSG ရဲ့ အံ့အားသင့်ဖွယ်အရှုံး

ပြင် သစ် လီ ဂူး ပွဲ စဉ် (၁၆) သုံး သပ် ချက်

PSG အသင်းကိုအနိုင်ရခဲ့သည့် အီဗီယန်အသင်းသားများ ဂိုးသွင်းပြီးအောင်ပွဲခံနေစဉ်

နိုက်စ် ၀-၃ မိုနာကို

လိုင်လီ ၁-၀ မာဆေးလ်

အီဗီယန် ၂-၀ PSG

အခြားပွဲရလဒ်များ

နန့်စ် ၂-၁ ဗလင်စီနက်စ်
ဘီနိုရာ(၅၉')   ဆာ့ဇ်(၅၂')
အရစ္စတီဂွီတာ(၈၉')

အေယက်စီယို ၁-၁ ဘတ်စတီယာ
အက်ဒွိုဒို(၈၂')   ရက်စ်ပန်တီနီ(၉')

ရှအင်ဂမ့် ၀-၁ ဘော်ဒိုး
ဖူလ်ဘတ်(၂၆')

မောင့်ပယ်လီယာ ၀-၂ လော်ရီယန့်
ဘာတယ်လ်မီ(၄၈')
အဘူဘက်ခ်ကာ(၉၀'Pen)

ရိန်းစ် ၃-၁ စိန့်အက်တီယန်
ရိုမီယို(၃၃'၊ ၅၈')
အလက်ဇန်ဒါနီ(၅၅')

ဆိုးချော့စ် ၀-၂ ရိမ်းစ်
ဂလွန်ဘတ်ဒ်(၁၆')
အိုနီယန်ဂို(၈၇')

(လိုင်ယွန်-တူးလော့စ်ပွဲရလဒ်ကို အချပ်ပိုတွင်ဖော်ပြထားပါသည်)

မယ့် ပွဲပြီးခါနီးမှာတော့ အနိုင်ဂိုးရခဲ့ပြီး နိုလန်ရှင်က ခေါင်းတိုက်သွင်းယူပေးခဲ့တာပါ။ ဒီရလဒ်ကြောင့် လိုင်လီအသင်း (၁၁)ပွဲဆက် ပေးဂိုးမရှိမှတ်တမ်းကို ...

ပြင်သစ်လီဂူး အမှတ်ပေးဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	PSG	၁၆	၁၁	၄	၁	၃၇
၂	လိုင်လီ	၁၆	၁၁	၃	၂	၃၆
၃	မိုနာကို	၁၆	၁၀	၅	၁	၃၅
၄	မာဆေးလ်	၁၆	၈	၃	၅	၂၇
၅	နန့်စ်	၁၆	၈	၂	၆	၂၆
၆	စိန့်အက်တီယန်	၁၆	၇	၃	၆	၂၄
၇	ဘော်ဒိုး	၁၆	၆	၆	၄	၂၄
၈	ဘတ်စတီယာ	၁၆	၆	၅	၅	၂၃
၉	ရှအင်ဂမ့်	၁၆	၆	၄	၆	၂၂
၁၀	ရိမ်းစ်	၁၆	၅	၇	၄	၂၂
၁၁	ရိန်းစ်	၁၆	၅	၆	၅	၂၁
၁၂	လော်ရီယန့်	၁၆	၆	၂	၈	၂၀
၁၃	လိုင်ယွန်	၁၅	၅	၄	၆	၁၉
၁၄	တူးလော့စ်	၁၅	၅	၄	၆	၁၉
၁၅	အီဗီယန်	၁၆	၅	၄	၇	၁၉
၁၆	နိုက်စ်	၁၆	၅	၂	၉	၁၇
၁၇	မောင့်ပယ်လီယာ	၁၆	၂	၉	၅	၁၅
၁၈	ဗလင်စီနက်စ်	၁၆	၂	၄	၁၀	၁၀
၁၉	အေယက်စီယို	၁၆	၁	၆	၉	၉
၂၀	ဆိုးချော့စ်	၁၆	၁	၅	၁၀	၈

ထွက်ခဲ့တာပါ။ ဒါအပြင် ဒုတိယပိုင်းမှာလည်း ဂိုးရဖို့အတွက် ပက်စ်တိုရီ၊ လူးကစ်စ်မော်ရာတို့ကို ထည့်ထပ်ခဲ့ပေမယ့် လိုအပ်နေတဲ့ဂိုးတော့ မရခဲ့ပါဘူး။ အီဗီ ...

ဂျာမန်ဖလားဖိုးထွက်(၁၆)သင်းအဆင့်ပွဲစဉ်တွေမှာ ဘေယန်၊ ဒေါ့မွန်၊ လေဗာကူဆင် စတဲ့အသင်းတွေအပါအဝင် ဘွန်းဒက်စ်လီဂါအသင်းအားလုံး အမှားမရှိပွဲရှေ့ဆက်နိုင်ခဲ့ပါတယ်။ ရော့လ်ကာအသင်းကတော့ အိမ်ကွင်းမှာ ဟော်ဖန်ဟင်မ်ကိုရှုံးက ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပါတယ်•••

ဘေယန်နဲ့ ဒေါ့မွန်အခက်အခဲမရှိခဲ့တဲ့

ဂျာမန်ဖလားဖိုးထွက်(၁၆)သင်းအဆင့်ပွဲစဉ်များသုံးသပ်ချက်

အော့စ်ဘတ် ၀-၂ ဘေယန်

ပထမဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေသည့် ဘေယန်အသင်းသားများ

ပွဲစဉ်ရလဒ်များ

ယူနီယံဘာလင် ၀-၃ ကိုင်ဇာစလော့တန်
ဟမ်းဘတ် ၂-၁ ကိုလုံး
ရော့လ်ကာ ၁-၃ ဟော်ဖန်ဟင်မ်
ဆာဘရက်ခန် ၀-၂ ဒေါ့မွန်
ဖရိုင်းဘတ် ၁-၂ လေဗာကူဆင်
ဝုလ်ဖ်ဘတ် ၂-၁ အင်ဂိုစတက်ဒ်
ဖရန့်ဖတ် ၄-၂ ဆန့်ပေါ်ဆန်
အော့စ်ဘတ် ၀-၂ ဘေယန်မြူးနစ်

ပွဲစဉ်နေ့ရက်များ

ကွာတားဖိုင်နယ် - ၁၁၊၁၂/၂/၂၀၁၄
ဆီမီးဖိုင်နယ် - ၁၅၊၁၆/၄/၂၀၁၄
ဖိုင်နယ် - ၁၇/၅/၂၀၁၄

စီးရီးအေအသင်းအများစုနိုင်ပွဲယူခဲ့တဲ့

ကိုပါအီတာလီယာဖလား(စတုတ္ထဆင့်)ပွဲပြီးသုံးသပ်ချက်

ပွဲစဉ်ရလဒ်များ

ဝေါ်ဒီးနီးယာ ၃-၀ ဟက်လ်လာဗာရော
အတယ်လန်တာ ၂-၁ ဇာဗီလီနို
ဘိုလောဂ်နာ ၁-၁ ဆီနာ
(အချိန်ပိုတွင် ဆီနာ ၁-၀ ဖြင့်နိုင်)
ချီဗို ၄-၁ ရက်ဂျီးနား
ပါမား ၄-၁ ဘာရီ
အဇ္ဇူလန်တာ ၂-၁ ဆာဆွိုလို
အင်တာမီလန် ၃-၂ ထရာပါနီ
(ဆမ့်ဒိုရီးယား- ဗိုရိုနာပွဲရလဒ်ကို အချပ်ပိုတွင် ဖော်ပြထားပါသည်)

ထိပ်ဆုံးက လက်စတာရှုံးပွဲတွေခဲ့တဲ့

လိဂ် ချန် ပီ ယံ ရှစ် ပွဲ စဉ် (၁၈) သုံး သပ် ချက်

လိဂ်ချန်ပီယံရှစ်ပွဲစဉ်(၁၈)မှာတော့ အမှတ်ပေးဇယားထိပ်ဆုံးက လက်စတာအသင်း ...

ရက်ဒီဝင်းဒီရေး ၂-၁ လက်စတာ	ဘော်လ်တန် ၀-၁ ဟတ်ဒါးစ်ဖီးလ်
ဘရိုက်တန် ၁-၂ ဘန်စလေ	ရက်ဒင်း ၁-၀ ချာလ်တန်
အစ်ပ်စ်ဝစ်ချ် ၃-၁ ဘလက်ဘန်း	ဒါဘီ ၂-၁ မစ်ဒယ်စ်ဘရော
ဘာမင်ဂမ် ၁-၁ ဒွန်ကက်စတာ	လီဒ်စ် ၂-၀ ဝီဂန်
QPR ၃-၀ ဘာန်းဆလေ	ဂိုးအများဆုံးသွင်းထားသူများ
မီလ်ဝေါလ် ၂-၂ နော်တင်ဟမ်	မက်ကော်မက် (လီဒ်စ်) ၁၂ ဂိုး
ယိုဗီးလ် ၁-၀ ဘလက်ပူးလ်	ဂရေးစ် (ဘလက်ဘန်း) ၁၁ ဂိုး
ဘန်လေ ၀-၀ ဝက်ဖို့ဒ်	ဆမ်ဗော့စ် (ဘန်လေ) ၁၁ ဂိုး

ယခုတစ်ပတ်အတွင်းကစားမည့်ပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
သောကြာနေ့(၆-၁၂-၂၀၁၃)		
Spain King's Cup(Round of 32, 1st Leg)		
5:30PM	အယ်လိုင်ဒါ - ဘက်တစ်	
9:30PM	ဗီလာရီးယဲယ် - အယ်လ်ချီ	
11:30PM	အယ်ဂျီစီရက်စ် - ဆိုစီဒက်	
စနေနေ့(၇-၁၂-၂၀၁၃)		
Premier League		
7:15PM	မန်ယူ - နယူးကာဆယ်	
9:30PM	ခရစ္စတယ်ပဲလေ့စ် - ကာဒစ်ဖ်	
9:30PM	လီဗာပူးလ် - ဝက်စ်ဟမ်း	
9:30PM	ဆောက်သမ်တန် - မန်စီးတီး	
9:30PM	စတုတ်စီးတီး - ချယ်လ်ဆီး	
9:30PM	ဝက်စ်ဘရွန်း - နော်ဝစ်ချ်	
12:00	ဆန်းဒါးလန်း - စပါး	
Spain King's Cup(Round of 32, 1st Leg)		
01:30AM	ရေဆင်း - ဆီဗီလာ	
03:30AM	ကာတာဂျီနာ - ဘာစီလိုနာ	
03:30AM	ဗယ်လာဒိုလစ် - ဗယ်လင်ကာနီ	
9:30PM	ဆန့်အန်ဒရူး - အက်သလက်တီကို	
11:30PM	ဂီရိုနာ - ဂီတာဖေး	
Serie-A		
02:15AM	ဘိုလောဂ်နာ - ဂျူဗင်တပ်စ်	TSP1
11:30PM	လီဗော်နို - အေစီမီလန်	TSP1
Bundesliga		
02:00AM	နူရင်ဘတ် - မိန့်စ်	
9:00PM	မိုချန်ဂလာဘတ် - ရော့လ်ကာ	
9:00PM	ဖရန့်ဖတ် - ဟော်ဖန်ဟင်မ်	
9:00PM	ဟမ်းဘတ် - အော့စ်ဘတ်	
9:00PM	စတုဂတ် - ဟန်နိုဗာ	
9:00PM	ဝဒါဘရီမင် - ဘေယန်မြူးနစ်	
12:00	ဒေါ့မွန် - လေဗာကူဆင်	
French Ligue		
02:00AM	မာဆေးလ် - နန့်စ်	
10:30PM	PSG - ဆိုးချော့စ်	
League Championship		
6:45PM	ဒါဘီ - ဘလက်ပူးလ်	
9:30PM	ဘာမင်ဂမ် - မစ်ဒယ်ဘရော	
9:30PM	ဘော်လ်တန် - ဒွန်ကက်စတာ	
9:30PM	ဘရိုက်တန် - လက်စတာ	
9:30PM	ဘန်လေ - ဘန်စလေ	
9:30PM	အစ်ပ်စ်ဝစ်ချ် - ဟတ်ဒါဖီးလ်	
9:30PM	လိဒ်စ် - ဝက်ဖို့ဒ်	
9:30PM	မီလ်ဝေါလ် - ဝီဂန်	
9:30PM	QPR - ဘလက်ဘန်း	
9:30PM	ရက်ဒင်း - ဘာန်းမောက်	
9:30PM	ရက်ဒီးဝင်းဒ်ဒေး - နော်တင်ဟမ်ဖောရက်စ်	
9:30PM	ယိုဗီးလ် - ချာလ်တန်	
တနင်္ဂနွေနေ့(၈-၁၂-၂၀၁၃)		
Premier League		
8:00PM	ဖူလ်ဟမ် - အက်စတွန်ဗီလာ	
10:30PM	အာဆင်နယ် - အဲဗာတန်	
Spain King's Cup(Round of 32, 1st Leg)		
01:30AM	ဆယ်လ်တာဗီဂို - ဘီလ်ဘာအို	
03:30AM	အိုလင်ပစ် - ရီးယဲယ်မက်ဒရစ်	
03:30AM	ရီခရီယေတီဗို - လီဗန်တေး	
5:30PM	အယ်လ်ကော်ကွန် - ဂရန်နာဒါ	
10:30PM	ဂျင်နက်စတစ် - ဗလင်စီယာ	
10:30PM	လာစ်ပါမာစ် - အယ်လ်မီရီယာ	
Serie-A		
02:15AM	နာပိုလီ - အူဒီနီစ်	TSP1
6:00PM	ရိုမား - ဖီအိုရင်တီးနား	TSP1
8:30PM	ကာဂလီယာရီ - ဂျီနိုအာ	TSP6
8:30PM	ဗီရိုနာ - အတ္တလန်တာ	TSP2
8:30PM	ဆမ်ဒိုရီးယား - ကာတာနီယာ	TSP3
8:30PM	ဆာဆူအိုလို - ချီယေဗို	TSP5
8:30PM	တိုရီနို - လာဇီယို	TSP1
Bundesliga		
9:00PM	ဖရိုင်းဘတ် - ဝုလ်ဖ်ဘတ်	
11:00PM	ဘရန့်ရှဝစ် - ဟာသာဘာလင်	
French Ligue		
01:30AM	လော်ရီယန့် - ရိန်းစ်	
01:30AM	စိန့်အက်တီယန် - အီဗီယန်	
01:30AM	ရိမ်းစ် - နိုက်စ်	
01:30AM	ဗလင်စီနက်စ် - ရှအင်ဂမ့်	
7:30PM	ဘော်ဒိုး - လိုင်လီ	
10:30PM	ဘတ်စတီယာ - လိုင်ယွန်	
10:30PM	တူးလော့စ် - မောင့်ပယ်လီယာ	
တနင်္လာနေ့(၉-၁၂-၂၀၁၃)		
Spain King's Cup(Round of 32, 1st Leg)		
00:30AM	ရီးယဲယ်ဂျင်း - အက်စ်ပန်ညို	
02:30AM	မာလာဂါ - အိုဆာဆူနာ	
Serie-A		
02:15AM	အင်တာမီလန် - ပါမား	TSP1
French Ligue		
02:30AM	မိုနာကို - အေယက်စီယို	
အင်္ဂါနေ့(၁၀-၁၂-၂၀၁၃)		
Premier League		
02:30AM	ဆွမ်ဆီး - ဟားလ်စီးတီး	
ဗုဒ္ဓဟူးနေ့(၁၁-၁၂-၂၀၁၃)		
Champions League		
02:15AM	မန်ယူ - ရှက်တာဒိုနက်	TSP3
02:15AM	ဆိုစီဒက် - လေဗာကူဆင်	
02:15AM	FCကိုပင်ဟေဂင် - ရီးယဲယ်မက်ဒရစ်	TSP5
02:15AM	ဂါလာတာဆာရေး - ဂျူဗင်တပ်စ်	
02:15AM	ဘင်ဖီကာ - PSG	
02:15AM	အိုလံပီယာကော့စ် - အန်ဒါလက်ချ်	
02:15AM	ဘေယန်မြူးနစ် - မန်စီးတီး	TSP6
02:15AM	ဗစ်တိုရီးယားပလ်ဇန်- CSKAမော်စကို	
ကြာသပတေးနေ့(၁၂-၁၂-၂၀၁၃)		
Champions League		
02:15AM	ချယ်လ်ဆီး - စတူအာဘူခါရက်	
02:15AM	ရော့လ်ကာ - ဘာဆယ်	
02:15AM	မာဆေးလ် - ဒေါ့မွန်	TSP5
02:15AM	နာပိုလီ - အာဆင်နယ်	TSP3
02:15AM	အက်သလက်တီကို - ပေါ်တို	
02:15AM	ဩစတြီးယားဗီအန် - ဇင်းနစ်	
02:15AM	အေစီမီလန် - အေဂျက်စ်	
02:15AM	ဘာစီလိုနာ - ဆဲလ်တစ်	TSP6
FIFA Club World Cup(Play-off)		
02:00AM	ရာဂျာ - အော့ကလန်	
သောကြာနေ့(၁၃-၁၂-၂၀၁၃)		
Europa League		
00:30AM	စိန့်ဂါလန် - ဆွမ်ဆီး	
00:30AM	ဗလင်စီယာ - ကူဘန်ခရက်နိုဒါ	TSP3
00:30AM	ဒိုင်နမိုဇာဂရက် - လူဒိုဂိုရတ်စ်	
00:30AM	PSV - ချာနိုမိုရတ်စ်	TSP6
00:30AM	စတန်းဒတ်လိဂ် - ဆဲလ်ဖ်ဘာ့ဂ်	TSP5
00:30AM	ဆာလ်ဇ်ဘာ့ဂ် - အက်ဂျက်ရှ်	
00:30AM	မာရီဘော - ဝီဂန်	
00:30AM	ရူလ်ဝါရီဂမ် - ရှဘင်ကာဇန်	
00:30AM	ဖီအိုရင်တီးနား - ဒီနီပရို	
00:30AM	ပန်ဒူရီ - ပါကို့စ်ဖာရဲရား	
00:30AM	ဖရန့်ဖတ် - အပိုလ်လိုနီကိုးရှား	
00:30AM	မက္ကာဘီတဲလ်အဗစ် - ဘော်ဒိုး	
02:35AM	ဒိုင်နမိုကိပ် - ရက်ပစ်ဝီအန်	
02:35AM	FCသွန်း - KRCဂျန့်	TSP5
02:35AM	အက်စတိုရယ်လ် - ဆလိုဗန်လီဘရက်	
02:35AM	ဖရိုင်းဘတ် - ဆီဗီလာ	TSP6
02:35AM	V.ဂွီမာရေ့စ် - လိုင်ယွန်	
02:35AM	ဘက်တစ် - ရီဂျီကာ	
02:35AM	အပိုလွန်လီမာဆိုးလ် - လီဂီယာဝါဆော	
02:35AM	လာဇီယို - ထရက်ဗ်ဇွန်စပေါ်	TSP3
02:35AM	ရာရစ်ဗ် - ထရွန်ဆို	
02:35AM	ဧပါး - အန်ဇီ	
02:35AM	မက္ကာဘီဟိုင်ဖာ - ရှက်တာကာရာဂန်ဒီ	
02:35AM	PAOK - အယ်လ်ဖ်ဗာ	

၂၀၁၂-၁၃ဘောလုံးရာသီ လာလီဂါပြိုင်ပွဲ၏ တန်ဖိုးအရှိဆုံးကစားသမားအဖြစ် စီရော်နယ်လ်ဒိုနှင့် အကောင်းဆုံးတိုက်စစ်မှူးအဖြစ် မက်ဆီရွေးချယ်ခံရ

၂၀၁၂-၁၃ ဘောလုံးရာသီ လာလီဂါပြိုင်ပွဲ၏ အကောင်းဆုံးဆုချီးမြှင့်ပွဲကို ပြီးခဲ့သည့် တနင်္လာနေ့ညက မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဆုပေးပွဲအခမ်းအနားတွင် တန်ဖိုးအရှိဆုံးကစားသမားဆု၊ နေရာအလိုက်အကောင်းဆုံးကစားသမားများ၊ အကောင်းဆုံးနည်းပြ၊ အသန့်ရှင်းဆုံးကစားသမားဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တန်ဖိုးအရှိဆုံးကစားသမားဆုကို ရီးယဲလ်တောင်ပံကစားသမား စီရော်နယ်လ်ဒိုက ရရှိခဲ့ပြီး ပြိုင်ဘက်တိုက်စစ်မှူး မက်ဆီမှာမူ အကောင်းဆုံးကစားသမားဆုနှင့် တိုက်စစ်မှူးဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်ရာသီတွင်မှ ပထမဆုံးအကြိမ်ချီးမြှင့်သည့် တန်ဖိုးအရှိဆုံးကစားသမားဆုကိုရရှိခဲ့သူ ရီးယဲလ်တောင်ပံကစားသမား စီရော်နယ်လ်ဒိုက တစ်ဦးချင်းဆုတံဆိပ်များထက် အသင်းအောင်မြင်မှုများရရှိရန်မှာ ဦးစားပေးရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စီရော်နယ်လ်ဒိုက "ကျွန်တော့်ရဲ့ ဦးစားပေးရည်မှန်းချက်က ဆုဖလားတွေရယူဖို့ပါပဲ။ ဒါမှလည်း တစ်ဦးချင်းဆုတံဆိပ်တွေအတွက် အခွင့်အရေးရှိလာမှာပါ။ ဒီလိုတန်ဖိုးကြီးမားတဲ့ဆုကို ရခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အသင်းဖော်တွေကူညီခဲ့လို့လည်း ဒီဆုကို ကျွန်တော်ရရှိခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

၂၀၁၂-၁၃ ဘောလုံးရာသီလာလီဂါပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုကို ကော်တိုယစ်(အက်သလက်တီကို)၊ အကောင်းဆုံးနောက်ခံလူဆုကို ရာမို့စ်(ရီးယဲလ်)၊ အကောင်းဆုံးကွင်းလယ်ကစားသမားဆုနှင့် အတိုးတက်ဆုံးကစားသမားဆုကို အီယာရာမန်ဒီ(ဆိုစီဒက်/ရီးယဲလ်)၊ အကောင်းဆုံးကွင်းလယ်တိုက်စစ်ကစားသမားဆုကို အင်နီယေစတာ(ဘာစီလိုနာ)နှင့် အကောင်းဆုံးနည်းပြဆုကို အက်သလက်တီကိုအသင်းနည်းပြ ဆီမွန်နီတို့က အသီးသီးရရှိခဲ့သည်။ အသန့်ရှင်းဆုံးကစားသမားဆုကို ရီးယဲလ်အသင်းခေါင်းဆောင်ဂိုးသမား ကာဆီးလက်စ်နှင့် အသန့်ရှင်းဆုံးအသင်းဆုကို ဘီလ်ဘာအိုအသင်းတို့က ရွေးချယ်ခံခဲ့ရသည်။ လာလီဂါပြိုင်ပွဲအကောင်းဆုံးဆုများကို ၂၀၀၈-၀၉ ဘောလုံးရာသီမှစတင်ကာ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်လာလီဂါအကောင်းဆုံးဆုပေးပွဲအခမ်းအနားကို ရီးယဲလ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်၊ ဘာစီလိုနာအသင်းဥက္ကဋ္ဌ ရိုဆဲလ်အပါအဝင် နာမည်ကျော်များတက်ရောက်ခဲ့ပြီး အကောင်းဆုံးတိုက်စစ်မှူးနှင့် ကစားသမားဆုရရှိခဲ့သူ မက်ဆီမှာမူ အာဂျင်တီးနားနိုင်ငံသို့ရောက်ရှိနေသဖြင့် ဆုတက်ရောက်ယူခဲ့ခြင်းမရှိချေ။

လာလီဂါတစ်နှစ်တာအကောင်းဆုံးဆုကို အများဆုံးရရှိခဲ့သူများ

အမည်	ရာသီ	အကောင်းဆုံးဆုအမျိုးအစား
မက်ဆီ	၂၀၀၈-၀၉၊ ၂၀၀၉-၁၀၊ ၂၀၁၀-၁၁၊ ၂၀၁၁-၁၂	တိုက်စစ်မှူး၊ ကစားသမား
ဂွါဒီယိုလာ	၂၀၀၈-၀၉၊ ၂၀၀၉-၁၀၊ ၂၀၁၀-၁၁၊ ၂၀၁၁-၁၂	နည်းပြ
ဇာဗီ	၂၀၀၈-၀၉၊ ၂၀၀၉-၁၀၊ ၂၀၁၀-၁၁	ကွင်းလယ်
အင်နီယေစတာ	၂၀၀၈-၀၉၊ ၂၀၁၀-၁၁၊ ၂၀၁၁-၁၂	ကွင်းလယ်တိုက်စစ်
ကာဆီးလက်စ်	၂၀၀၈-၀၉၊ ၂၀၁၁-၁၂	ဂိုးသမား
ဗဲလ်ဒက်စ်	၂၀၀၉-၁၀၊ ၂၀၁၀-၁၁	ဂိုးသမား

Photo : Marca

တန်ဖိုးအရှိဆုံးကစားသမားဆုရရှိခဲ့သည့် စီရော်နယ်လ်ဒို

အကောင်းဆုံးနောက်ခံလူ ရာမို့စ်နှင့် ကွင်းလယ်တိုက်စစ်ကစားသမား အင်နီယေစတာ

ရုပ်သံလွှင့်ခွင့်စာချုပ်သက်တမ်းပိုချုပ်ခဲ့သဖြင့် ရီးယဲလ်နှင့် ဘာစီလိုနာဒဏ်ရိုက်ခံရ

စပိန်ကလပ်အသင်းဘောလုံးလောကတွင် ရုပ်သံလွှင့်ခွင့်မှ ဝင်ငွေအများဆုံးရရှိနေသည့် ရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့သည် သတ်မှတ်ထားသည့်နှစ်ပမာဏထက် ရုပ်သံစာချုပ်ချုပ်ဆိုခဲ့ခြင်းအတွက် စပိန်နိုင်ငံဈေးကွက်စီးပွားရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(CNMC) မှ ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။ ရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့အပြင် ဆီဗီလာ၊ ဗလင်စီယာ ရေးဆင်းစသည့်အသင်းများလည်း ရုပ်သံစာချုပ်စည်းမျဉ်းကို ချိုးဖောက်ခဲ့ကြောင်း သိရပြီး အမြင့်ဆုံး(၃)နှစ်သာ ချုပ်ဆိုရမည့်နေရာတွင် (၄)နှစ်ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

CNMC သည် ရီးယဲလ်အသင်းကို ယူရို(၃.၉)သန်း၊ ဘာစီလိုနာအသင်းကို ယူရို(၃.၆)သန်း၊ ဆီဗီလာအသင်းကို ယူရို(၉)သိန်းနှင့် ရေးဆင်းအသင်းတို့ကို ယူရို(၃)သောင်းစီ အသီးသီးဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အဆိုပါအသင်း(၄)သင်းနှင့် ရုပ်သံလွှင့်ခွင့်စာချုပ်များ ချုပ်ဆိုခဲ့သည့် Mediapro ကုမ္ပဏီကိုလည်း ဒဏ်ငွေယူရို(၆.၅)သန်း ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဒဏ်ငွေချမှတ်ခံရသည့် လာလီဂါအသင်း(၄)သင်းနှင့် Mediapro ကုမ္ပဏီတို့သည် ပြစ်ဒဏ်အား(၂)ပတ်အတွင်း အယူခံဝင်ခွင့်ရှိမည်ဖြစ်ကြောင်း CNMC က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ရီးယဲလ်အသင်းက အဆိုပါဖြစ်ရပ်အတွက် တရားဝင်သတင်းထုတ်ပြန်ခြင်းမျိုး မရှိသေးသော်လည်း ဘာစီလိုနာအသင်းကမူ အယူခံဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ စပိန်ကလပ်အသင်းများအနေဖြင့် အမှတ်ပေးပြိုင်ပွဲများနှင့် ပြည်တွင်းဖလားပြိုင်ပွဲများ၏ ရုပ်သံလွှင့်ခွင့်များကို အခြားဥရောပအမှတ်ပေးပြိုင်ပွဲများနှင့်မတူဘဲ သီးခြားချုပ်ဆိုခွင့်ရသည်။

BRIEF

- ❒ ရီးယဲလ်ဘက်တစ်အသင်းသည် နည်းပြအဖြစ်(၃)နှစ်ကြာခေါင်းဆောင်ရွက်ခဲ့သူ နည်းပြပီဗီမယ်လ်အား ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ဗီလာရီးယဲလ်အသင်းနည်းပြဟောင်း ဟွမ်ကားလို့စ်ဂါရစ်ဒိုကို အစားထိုးခန့်အပ်ခဲ့သည်။
- ❒ ဆီဗီလာအသင်းသည် ရီးယဲလ်အသင်းလူငယ်တိုက်စစ်မှူး ဟီဆေးရိုဒရီဂွက်ဇ်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားခေါ်ယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။
- ❒ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရရှိခဲ့သည့်ဒဏ်ရာပြဿနာကြောင့် ပွဲထွက်ခွင့်မရခဲ့သူ ဘာစီလိုနာနောက်ခံလူအယ်လ်ဘာသည် ပြီးခဲ့သည့်အင်္ဂါနေ့က အသင်းနှင့်အတူ လေ့ကျင့်ခန်းပြန်ဆင်းနိုင်ခဲ့သည်။
- ❒ ကစားသမားဘဝတစ်လျှောက်ရရှိခဲ့သည့် ဆုတံဆိပ်များကိုပြသမည့် စီရော်နယ်လ်ဒို၏ကိုယ်ပိုင်ပြတိုက်ကို လာမည့် ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် မွေးရပ်မြေ ပေါ်တူဂီနိုင်ငံ၊ မာဒိုင်ရာ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။
- ❒ အက်သလက်တီကိုအသင်းသို့ အငှားလာရောက်ကစားနေသည့် ဂိုးသမားကော်တိုယစ်က မိခင်ကလပ်ချယ်လ်ဆီးအသင်းနှင့် အနာဂတ်အား မကြာမီအပြီးသတ်ဆုံးဖြတ်ချက်ချသွားမည်ဟု ပြောကြားခဲ့သည်။
- ❒ ရီးယဲလ်နည်းပြ အန်ဆယ်လော့တီက ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား ယူရိုသန်း(၁၅၀)ဖြင့်ခေါ်ယူရန် အခွင့်အရေးရခဲ့သော်လည်း ပယ်ချခဲ့ကြောင်း ပြောကြားခဲ့သည်။
- ❒ ဒေါ့မွန်အသင်းသည် အဓိကတိုက်စစ်မှူး လီဝန်ဒေါ့စကီးထွက်ခွာခဲ့ပါက အက်သလက်တီကိုအသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာအား အစားထိုးသွားရန် စီစဉ်လျက်ရှိသည်။

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

ဆိုးသွမ်းပရိသတ်များ၏ ကြမ်းတမ်းသည့်အားပေးပုံများ ကလေးပရိသတ်များထံ ကူးစက်လာခြင်းအပေါ် FIGC စိုးရိမ်

အီတလီဘောလုံးအဖွဲ့ချုပ်(FIGC)သည် အီတလီပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် ဆိုးသွမ်းပရိသတ်များ၏ ကြမ်းတမ်းသည့်အားပေးပုံများ ကလေးပရိသတ်များထံ ကူးစက်လာခြင်းအပေါ် စိုးရိမ်နေကြောင်း သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဂျူဗင်တပ်စ်နှင့် အူဒီးနီးစ်ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်း၏ကလေးပရိသတ်များသည် အူဒီးနီးစ်ဂိုးသမားဘာကစ်အား ကြမ်းတမ်းစွာဆဲဆိုအော်ဟစ်ခဲ့ကြသည့်ဖြစ်ရပ်များဖြစ်ပေါ်လာခြင်းအတွက် FIGC က စိုးရိမ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် အဆိုပါပွဲစဉ်၌ ယခင်ပြစ်ဒဏ်များကြောင့် ပိတ်ပင်ခံထားရသည့် Curva Nord နှင့် Curva Sud (မြောက်ဘက်တန်းနှင့် တောင်ဘက်တန်းထောင့်ကန်ဘောကန်သည့်နေရာမှ ဂိုးတိုင်နောက်ဘက်ဧရိယာ)တို့တွင် ကလေးပရိသတ်(၁၂၀၀၀)ဖြင့် အစားထိုးအားပေးစေခဲ့ရာ ယင်းကလေးပရိသတ်အချို့က ဂိုးသမားဘာကစ်ကို ဆဲဆိုအော်ဟစ်ခဲ့ခြင်းဖြစ်သည်။ FIGC သည် ယင်းဖြစ်ရပ်အတွက် ဂျူဗင်တပ်စ်အသင်းကို ဒဏ်ကြေးငွေယူရို(၅၀၀၀)ချမှတ်ခဲ့သည်။ FIGC ၏ ဖော်ပြချက်တွင် ဂျူဗင်တပ်စ်အသင်း၏ အလွန်ငယ်ရွယ်သောပရိသတ်အချို့သည် ပြိုင်ဘက်ကစားသမားအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ကြမ်းတမ်းသောအော်ဟစ်မှု

> " FIGC ၏ဖော်ပြချက်တွင် ဂျူဗင်တပ်စ်အသင်း၏ အလွန်ငယ်ရွယ်သော ပရိသတ်အချို့သည် ပြိုင်ဘက်ကစားသမားအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ကြမ်းတမ်းသောအော်ဟစ်မှုများ အကြိမ်ကြိမ် အော်ဟစ်ခဲ့ခြင်းကြောင့် ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်… "

များအကြိမ်ကြိမ်အော်ဟစ်ခဲ့ခြင်းကြောင့် ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

ယင်းကဲ့သို့ ကလေးပရိသတ်များထံမှ ကြမ်းတမ်းသည့်အားပေးပုံများ ပထမဆုံးအကြိမ်အဖြစ် ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်ပြီး FIGC မှ စိုးရိမ်ပူပန်နေသလို၊ စီးရီးအေအသင်းတာဝန်ရှိသူအချို့ကလည်း ပရိသတ်များကို အသင်းအားပေးမှုနှင့်ပတ်သက်ပြီး ပညာပေးအစီအစဉ်များပြုလုပ်သင့်ပြီဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။ အူဒီးနီးစ်အသင်းနည်းပြ ဂွီဒိုလင်က "ကလေးပရိသတ်တွေအနေနဲ့ ဆိုးသွမ်းပရိသတ်တွေရဲ့အားပေးမှုကို အတုခိုးများနေကြတာပါ။ ဒီဖြစ်ရပ်ဟာ နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အားကစားစိမ်ခန့်ခွဲမှုကို မေးခွန်းထုတ်စရာဖြစ်လာနေပြီး ကျွန်တော်တို့အနေနဲ့ အသင်းပရိသတ်တွေကို အားပေးမှုနဲ့ပတ်သက်ပြီး ပညာပေးအစီအစဉ်တွေ ပြုလုပ်ပေးဖို့လိုအပ်နေပါပြီ။ ဒီလိုမပြုလုပ်ပေးနိုင်ခဲ့ရင် အနာဂတ်မျိုးဆက်သစ်တွေကို လမ်းကြောင်းမှားတွေဆီ ပို့ပေးသလိုဖြစ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

Photos : AFP

BRIEF

- ❒ ဂျူဗင်တပ်စ်အသင်း၏ဝါရင့်ကွင်းလယ်လူပီယာလိုသည် ဒူးအရွတ်ဒဏ်ရာကြောင့် ရက်(၄၀)ခန့် အနားယူရတော့မည်ဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်က အတည်ပြုခဲ့သည်။
- ❒ အေစီမီလန်နည်းပြဟောင်းဖြစ်သူကာပယ်လိုက ဂယ်လီယာနီနှင့် ဘာဘရာဘာလူစကိုနီတို့ကို ဒုဥက္ကဋ္ဌနှစ်ဦးအဖြစ် ပူးတွဲတာဝန်ခန့်အပ်ခဲ့သည့် အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီ၏လုပ်ရပ်ကို ထောက်ခံခဲ့သည်။
- ❒ အင်တာမီလန်နည်းပြမက်ဇာရီသည် နာပိုလီအသင်းတွင် လက်တွဲခဲ့ဖူးသည့် တိုက်စစ်မှူးလာဗက်ဇီကို PSG အသင်းထံမှ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေသည်။
- ❒ အင်တာမီလန်နှင့်ဆမ်ဒိုးရီးယားပွဲစဉ်ကိုဆန်စီရိုကွင်းတွင် လာရောက်ကြည့်ရှုခဲ့သည့် အင်တာမီလန်ဥက္ကဋ္ဌသစ်သိုဟာက မီလန်ဒါဘီပွဲစဉ်ကိုလည်း ကိုယ်တိုင်လာရောက်ကြည့်ရှု၍ အသင်းကို အားပေးသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ❒ အေစီမီလန်အသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့၌ မန်စီးတီးအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် နောက်ခံလူမီကာရစ်ချက်ကိုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။
- ❒ ဖီအိုရင်တီးနားအသင်းနည်းပြမွန်တဲလားက ဗီရိုနာအသင်းကို အနိုင်ရရှိသည့်ပွဲစဉ်မှ အသင်း၏တိုက်စစ်ပိုင်းကို အားရကျေနပ်မိသော်လည်း ပွဲတိုင်း(၄)ဂိုးသွင်းနိုင်ရန် မမျှော်လင့်သင့်ကြောင်း ပရိသတ်များကို သတိပေးခဲ့သည်။

ဂျူဗင်တပ်စ်နှင့်ဗီဒယ်လ် ၂၀၁၇ အထိစာချုပ်သက်တမ်းတိုး

ဂျူဗင်တပ်စ်အသင်း၏ အဓိကကွင်းလယ်လူ ဗီဒယ်လ်သည် အသင်းနှင့် ၂၀၁၇ ခုနှစ်အထိ (၄)နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း ဂျူဗင်တပ်စ်အသင်းဝက်ဘ်ဆိုက်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ဗီဒယ်လ်သည် စာချုပ်သစ်အရ တစ်နှစ်လစာယူရို(၃.၅)သန်းအထိ ရရှိသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျူဗင်တပ်စ်အသင်းဝက်ဘ်ဆိုက်၏ကြေညာချက်တွင် "ဂျူဗင်တပ်စ်အသင်းအနေဖြင့် အသင်းနှင့် ၂၀၁၇ ခုနှစ်အထိစာချုပ်သက်တမ်းတိုးခဲ့သည့် ဗီဒယ်လ်အား ကျေးဇူးတင်ရှိကြောင်း၊ အသင်းအတွက် အောင်မြင်မှုများထပ်မံရယူပေးနိုင်မည်ဟု ယုံကြည်ကြောင်း" ဖော်ပြခဲ့သည်။

အီတလီဘောလုံးအဖွဲ့ချုပ်ကို ဘာလိုတယ်လီ လှောင်ပြောင်

အေစီမီလန်တိုက်စစ်မှူး ဘာလိုတယ်လီသည် ကာတာနီယာအသင်းနောက်ခံလူစပိုလီအား ပြစ်ဒဏ်ချမှတ်ခြင်းမရှိခဲ့သည့် အီတလီဘောလုံးအဖွဲ့ချုပ်(FIGC)အား ၎င်း၏ Twitter စာမျက်နှာမှတစ်ဆင့် လှောင်ပြောင်ရေးသားခဲ့ကြောင်း သိရသည်။ အေစီမီလန်နှင့် ကာတာနီယာပွဲစဉ်တွင် ဘာလိုတယ်လီက စပိုလီသည် မိမိကို လူမျိုးရေးခွဲခြားပြောဆိုခဲ့ကြောင်း စွပ်စွဲခဲ့သော်လည်း သက်သေမခိုင်လုံသဖြင့် FIGC က အရေးမယူခဲ့ခြင်းဖြစ်သည်။ ယင်းအတွက် ဘာလိုတယ်လီက "ဒီနိုင်ငံ(အီတလီ)မှာ တရားမျှတမှု ဘယ်မှာလဲ"ဟု Twitter တွင် ရေးသားခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ် ကစားသမားသစ်ထပ်မံခေါ်ယူဖွယ်မရှိ

ဂျူဗင်တပ်စ်အသင်းစီအီးအိုမာရော့တာက လက်ရှိအသင်း၏လူစာရင်းကို အားရကျေနပ်မှုရှိပြီး လာမည့်ဇန်နဝါရီအပြောင်းအရွှေ့၌ ကစားသမားသစ် ထပ်မံခေါ်ယူရန် မလိုအပ်ကြောင်း Tuttosport သတင်းစာသို့ ထုတ်ဖော်ပြောကြားလိုက်သည်။ မာရော့တာက "ကျွန်တော်တို့အသင်းအနေနဲ့ လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့မှာ ကစားသမားထပ်ခေါ်ဖို့ မလိုအပ်ပါဘူး။ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့တုန်းက ကမ္ဘာ့အဆင့်တိုက်စစ်မှူးတွေခေါ်ယူနိုင်ခဲ့သလို၊ အသင်းက နာမည်ကြီးကစားသမားတွေကိုလည်း မရောင်းချခဲ့လို့ လက်ရှိလူစာရင်းကို အားရကျေနပ်ပါတယ်"ဟု ဆိုခဲ့သည်။

Alfred Dunhill ပြိုင်ပွဲတွင် ရှဝါဇယ်လ် (၂)နှစ်ဆက် ဗိုလ်စွဲ

တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သည့် Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်ဂေါက်သီးသမား ရှဝါဇယ်လ်က ချန်ပီယံဘွဲ့ကို ကာကွယ်သွားနိုင်ခဲ့သည်။ ရှဝါဇယ်လ်သည် (၄)ရက်ပေါင်းတွင် လျှော့ရိုက်ချက်(၁၇)ချက်ရိုက်ကာ စုစုပေါင်း(၂၇၁)ချက်ဖြင့် ဒုတိယရသူကို (၄)ချက်အသာရပြီး ပြိုင်ပွဲသက်တမ်း(၁၅)ကြိမ်တွင် တတိယအကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့သည်။ တစ်နိုင်ငံတည်းသား ရစ်ချတ်ဖင့်ချ်က(၄)ချက်အကွာဖြင့် ဒုတိယ၊ အခြားဂေါက်သီးသမား(၃)ဦးက (၇)ချက်အကွာဖြင့် တတိယပူးတွဲရရှိခဲ့သည်။

ထိုးသတ်မည့်ပြိုင်ဘက်ကို ယခုတစ်ပတ်အတွင်း မေဝယ်သာကြေညာမည်

ရှုံးပွဲမရှိသေးသည့် အမေရိကန်လက်ဝှေ့အကျော်အမော် ဖလွိုက်မေဝယ်သာက သူ၏လာမည့်ပွဲစဉ်အတွက် ထိုးသတ်မည့်ပြိုင်ဘက်ကို ယခုတစ်ပတ်အတွင်းကြေညာသွားဖွယ်ရှိကြောင်း MLive Media Group ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ မေဝယ်သာအနေဖြင့် ဗြိတိန်လက်ဝှေ့သမား အာမီခန်းနှင့်ထိုးသတ်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး လာမည့်နှစ် မေလ(၃)ရက်နေ့တွင်မှ ယင်းပွဲကို ထိုးသတ်ဖွယ်ရှိနေကြောင်း သိရသည်။

ဖာရာရီအသင်းမှ အလွန်ဆိုကို မက္ကလာရင်ခေါ်ယူသွားဖွယ်ရှိ

အလွန်ဆိုအတွက်စိတ်ပျက်မိသည်ဟု အက်ကလက်စတုန်း ဆို


Photo : AFP

Alonso Collection ပွဲတွင်တွေ့ရသည့် ဖာနန်ဒိုအလွန်ဆို

ဗြိတိန်အခြေစိုက် ဖော်မြူလာဝမ်းအသင်းတစ်သင်းဖြစ်သည့် မက္ကလာရင်အသင်းသည် ဖာရာရီအသင်းမှ စပိန်ကားမောင်းသမား ဖာနန်ဒိုအလွန်ဆိုကို အရခေါ်ယူရန် ကြိုးပမ်းသွားဖွယ်ရှိကြောင်း သိရသည်။ မက္ကလာရင်အသင်းအကြီးအကဲဖြစ်သူ ဝှိုက်မက်ရှ်အနေဖြင့် အလွန်ဆိုကို ခေါ်ယူနိုင်ရေးအတွက် လန်ဒန်မြို့တွင်ကျင်းပခဲ့သော အသင်းနှင့်သက်ဆိုင်သည့် ဆုပေးပွဲအခမ်းအနားသို့ပင် တက်ရောက်ခြင်းမရှိခဲ့ဘဲ မက်ဒရစ်မြို့တွင်ကျင်းပလျက်ရှိသည့် အလွန်ဆို၏ပြပွဲတစ်ခုဖြစ်သည့် Alonso Collection ပွဲသို့ ပြီးခဲ့သည့်တနင်္လာနေ့က သွားရောက်ခဲ့ကြောင်း ဗြိတိန်သတင်းစာ DailyMail က ဖော်ပြခဲ့သည်။

ဝှိုက်မက်ရှ်ကိုယ်တိုင်ကလည်း ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်ခန့်က အလွန်ဆိုကို ထုတ်ဖော်ချီးကျူးခဲ့ပြီး ၎င်းကဲ့သို့ အရည်အသွေးမြင့်ကားမောင်းသမားတစ်ယောက်ကို အသင်းအနေဖြင့် အမြဲတမ်းတံခါးဖွင့်ထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အလွန်ဆိုသည် ၂၀၀၇ ခုနှစ်က မက္ကလာရင်အသင်းနှင့်အတူ တစ်နှစ်ကြာလက်တွဲခဲ့ဖူးပြီး လက်ရှိအသင်း ဖာရာရီနှင့် အဆင်မပြေမှုများကြောင့် အသင်းဟောင်း မက္ကလာရင်သို့ပြန်လာရန် ဖြစ်နိုင်ခြေများကြောင်း သတင်းများက သုံးသပ်ခဲ့သည်။ အလွန်ဆိုအနေဖြင့် ၂၀၁၃ ရာသီပြိုင်ပွဲဝင် ဖာရာရီအသင်းပြိုင်ကားအား တောက်လျှောက်ဝေဖန်ပြစ်တင်ခဲ့ပြီး အသင်းဥက္ကဋ္ဌ မွန်တီဇီမိုလို ကိုယ်တိုင်က ပြီးခဲ့သည့် ဇူလိုင်လလောက်ခန့်တွင် သူ၏ပြုမူဆောင်ရွက်ပုံများနှင့်ပတ်သက်ကာ သတိပေးပြောကြားမှုများ ပြုလုပ်ခဲ့ရသည်။ ထို့ပြင် ယခုတစ်ပတ်အတွင်း အီတလီရုပ်သံတစ်ခုနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင်လည်း မွန်တီဇီမိုလိုက အလွန်ဆိုအား သူ၏ Twitter စာမျက်နှာတွင် အသင်းအကြောင်းပြောဆိုမှုများကို ဝိုင်ပင်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဖော်မြူလာဝမ်းပြိုင်ပွဲအကြီးအကဲ အက်ကလက်စတုန်းက ပြီးခဲ့သည့်ရာသီအတွင်း အလွန်ဆို၏စွမ်းဆောင်ရည်ကျဆင်းမှုများအတွက် များစွာအံ့အားသင့်မိကြောင်း၊ ဖာရာရီအသင်းနှင့် အလွန်ဆို၏ပရိသတ်ဖြစ်ခြင်းကြောင့် စိတ်ထိခိုက်ရကြောင်း ပြောကြားခဲ့သည်။ သို့သော် ဖာရာရီနှင့် အလွန်ဆိုတို့အကြား ပြိုင်ကားပြဿနာအပါအဝင် အသင်းတွင်းအခြေအနေများကို တိတိကျကျမသိကြောင်းလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

EurAsia Cup အတွက် အသင်းခေါင်းဆောင်များအဖြစ် သောင်ချိုင်းဂျိုက်ဒီးနှင့် ဂျီမီနက်ဇ်တို့အား ခန့်အပ်ခဲ့

ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် ၂၀၁၄ EurAsia Cup ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အာရှနှင့်ဥရောပအသင်းခေါင်းဆောင်များကို ပြီးခဲ့သည့် အင်္ဂါနေ့က ခန့်အပ်ခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။ အာရှအသင်းခေါင်းဆောင်အဖြစ် ထိုင်းဂေါက်သီးသမား သောင်ချိုင်းဂျိုက်ဒီး၊ ဥရောပအသင်းခေါင်းဆောင်အဖြစ် စပိန်ဂေါက်သီးသမား မီဂွယ်ဂျီမီနက်ဇ်တို့ ခန့်အပ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Photo : AFP

မီဂွယ်ဂျီမီနက်ဇ်(ဝဲ)နှင့် သောင်ချိုင်းဂျိုက်ဒီး

ယင်းပြိုင်ပွဲကို လာမည့်နှစ် မတ်လ(၂၇)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Glenmarie ဂေါက်ကလပ်တွင် ကျင်းပသွားမည်ဖြစ်ပြီး အသင်းတစ်သင်းစီလျှင် ဂေါက်သီးသမား(၁၀)ဦးစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (၃)ရက်ကြာယှဉ်ပြိုင်မည့် ယင်းပြိုင်ပွဲတွင် အနိုင်ရသည့်အသင်းမှတစ်ဦးလျှင် ဒေါ်လာ(၃)သိန်းစီနှင့် ရှုံးနိမ့်သည့်အသင်းမှာ ဒေါ်လာ(၁)သိန်းစီ ရရှိမည်ဖြစ်သည်။ EurAsia Cup ပြိုင်ပွဲနည်းတူ အာရှနှင့်ဥရောပအသင်းများ ယှဉ်ပြိုင်သည့် Royal Trophy ပြိုင်ပွဲရှိသော်လည်း ယခုပြိုင်ပွဲမှာ ဒေသတွင်းဂေါက်သီးအဖွဲ့အစည်းများဖြစ်သည့် European Tour နှင့် Asian Tour တို့ ပူးတွဲကျင်းပသည့်ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

IN-BRIEF

- ❒ WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံ ဗင်နီဇွဲလားလက်ဝှေ့သမား လစ်ဘော်ရီယိုဆိုလစ်သည် IBF ချန်ပီယံ ဒိုင်ကဲကာမီဒါနှင့် ပြီးခဲ့သည့်အင်္ဂါနေ့က ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း သတ်မှတ်ထားသည့်ကိုယ်အလေးချိန်(၅၂·၁)ကီလိုဂရမ်ထက် (၁·၄)ကီလိုဂရမ်ပိုမိုနေသဖြင့် သူ၏ချန်ပီယံဘွဲ့ပါ ရုတ်သိမ်းခံခဲ့ရသည်။
- ❒ ၂၀၂၄ နွေရာသီအိုလံပစ်အိမ်ရှင်အဖြစ် အမေရိကန်က ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်ပြီး ယှဉ်ပြိုင်မည့်မြို့ကို ရွေးချယ်သွားမည်ဖြစ်ကြောင်း အမေရိကန်အိုလံပစ်ကော်မတီက ကြေညာခဲ့သည်။
- ❒ အင်ဒိုနီးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိန္ဒိယမှ ဂါဂန်ဂျစ်ဘူလာက လျှော့ရိုက်ချက်(၁၆)ချက်လျှော့ရိုက်ကာ (၂၆၈)ချက်ဖြင့်ဗိုလ်စွဲပြီး ဆုကြေးအမေရိကန်ဒေါ်လာ(၁၃၅၀၀၀)ရရှိခဲ့သည်။
- ❒ ဂျာမန်ဖော်မြူလာဝမ်းကားမောင်းသမား ဟူလ်ကန်ဘတ်သည် လာမည့်နှစ်တွင် အသင်းဟောင်း Force India အသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည်။
- ❒ တောင်ကိုရီးယားရေခဲပြင်စကိတ်အလုစီးမယ် ကင်မ်ယူနာသည် ခြေဖဝါးဒဏ်ရာမှပြန်လည်သက်သာလာပြီး ဆောင်းရာသီအိုလံပစ်အတွက် ပြင်ဆင်မှုများပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။
- ❒ ဗြိတိန်ကြယ်ပွင့်တစ်ဦးဖြစ်သည့် ဒိုင်ဗင်သမား တွမ်ဒါလေက ၎င်းသည် Gay တစ်ဦးဖြစ်ကြောင်း တရားဝင်ဝန်ခံသွားခဲ့သည်။
- ❒ ဂျပန်လက်ဝှေ့သမား တိုမိုကီကာမီဒါသည် နမီဘီးယားမှ နိုင်းဂျာလာကိုအမှတ်ဖြင့်နိုင်ပြီး WBO ဘင်တန်ဝိတ်တန်းချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်။

တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

စနူကာ

ကမ္ဘာ့အဆင့်သတ်မှတ်သောပွဲစဉ်တစ်ပွဲဖြစ်သည့် UK Championship စနူကာပြိုင်ပွဲကို နိုဝင်ဘာလ(၂၆)ရက်နေ့မှ ဒီဇင်ဘာလ(၈)ရက်နေ့အထိ အင်္ဂလန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။ (၂၉၀ TSP6 ရုပ်သံလိုင်းမှ ညနေ(၄း၀၀)နာရီတွင် စတင်တိုက်ရိုက်ပြသမည်ဖြစ်သည်)

ဂေါက်သီး

Asian Tour ပွဲစဉ်ဖြစ်သည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာလ(၅)ရက်နေ့မှ (၈)ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ (၂၉၀ TSP5မှ နံနက်(၁၁း၃၀)နာရီတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်)

လက်ဝှေ့

အငြင်းပွားဖွယ်မရှိ ကမ္ဘာ့ဝယ်လ်တာဝိတ်ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဇက်ဂျူးအက်သည် တစ်နိုင်ငံတည်းသား ဖာလစ်နက်ဂိုနှင့် ဒီဇင်ဘာ(၇)ရက်နေ့တွင် ထိုးသတ်မည်ဖြစ်သည်။ (၂၉၀ TSP6 ရုပ်သံလိုင်းမှ နောက်နေ့နံနက်(၈း၃၀)နာရီတွင်တိုက်ရိုက်ပြသမည်ဖြစ်သည်)

ဘတ်စကတ်ဘော

၂၀၁၃-၁၄ ရာသီ အမေရိကန်ပရိုဘတ်စကတ်ဘောလီဂ် (NBA) ပြိုင်ပွဲ၏ ပုံမှန်ရာသီပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိသည်။ (၂၉၀ TSP3 ရုပ်သံလိုင်းမှ မြန်မာစံတော်ချိန် နံနက်ပိုင်းအချိန်များတွင် တိုက်ရိုက်ပြသလျက်ရှိသည်)

Premier Eleven Sports Journal Vol:11 No.15 8, December, 2013



မီဒီယာသမားများအတွက် ကားဝင်ခွင့်ကဒ်ပြား ထုတ်ပေးမည်မဟုတ်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကာလအတွင်း နေပြည်တော်သို့ လာရောက်သတင်းရယူမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများအတွက် ကားဝင်ခွင့်ကဒ်ပြား(Car Pass)များထုတ်ပေးမည်မဟုတ်ကြောင်း သိရသည်။ နေပြည်တော်ရှိ အားကစားရုံ၊ အားကစားကွင်းများသို့ ဝင်ရောက်မည့် ကားဝင်ခွင့်ကဒ်များကို ပြိုင်ပွဲကျင်းပရေးနှင့် လုံခြုံရေးကော်မတီမှ စီစဉ်ထုတ်ပေးနေခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမီဒီယာသမားများအတွက် သီးသန့်ကားဝင်ခွင့်ကဒ်များ ထုတ်ပေးမည်မဟုတ်ဘဲ ပြိုင်ပွဲကျင်းပရေးမှစီစဉ်ထားသည့်ကားများဖြင့်သာ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့စီစဉ်ထားမှုတွင် နိုင်ငံတော်မှဧည့်သည်တော်များအတွက် ကားအစီးရေ(၂၀)စီစဉ်ထားပြီး ယင်းအစီးရေ(၂၀)ထဲတွင် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများအတွက် ကား(၃)စီးသာပါဝင်ကြောင်း သိရသည်။ ကွင်း/ရုံများသို့ ကားဝင်ခွင့်အား ပြိုင်ပွဲကျင်းပရေး၊ ပို့ဆောင်ရေးနှင့် ပြန်ကြားရေးဌာနတို့က စီစဉ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲက မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းနဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာ(၄)ရက်ကစလို့ဖွင့်လှစ်ခဲ့ပါပြီ။ ခြင်းလုံးအားကစားနည်းပြိုင်ပွဲအတွက် အသင်းမန်နေဂျာများတွေ့ဆုံပွဲအခမ်းအနားကို ပြီးခဲ့တဲ့ ဒီဇင်ဘာ(၃)ရက်ကပြုလုပ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားကိုတက်ရောက်လာတဲ့ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ASTAF)ဥက္ကဋ္ဌဖြစ်သူ ဟယ်လင်မ်ကာဒါ(Halim Kadar)ကို Premier Eleven Sports Journal က ရိုးရာခြင်းလုံးအားကစားနည်းနဲ့ပတ်သက်လို့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ASTAF)ဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း

မေး - မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ဆီးဂိမ်းစ်ပြိုင်ပွဲတစ်လျှောက်မှာ တစ်ကြိမ်တစ်ခါမှ ထည့်သွင်းကျင်းပခဲ့ခြင်းမရှိဘဲ အိမ်ရှင်အဖြစ်ပြုလုပ်တဲ့ အခု ၂၀၁၃ ဆီးဂိမ်းစ်ကျမှ ထည့်သွင်းကျင်းပတာနဲ့ပတ်သက်လို့ ASTAF ဥက္ကဋ္ဌရဲ့ အမြင်ကို သိလိုပါတယ်။

ဖြေ - ဒီအားကစားနည်းက အရှေ့တောင်အာရှဒေသကနိုင်ငံသားတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိပြီးသားလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်အမြင်ပြောရရင်ဒီအားကစားနည်းက ခွန်အားထက် ကျွမ်းကျင်မှုကပိုအရေးပါသလို ကာယပိုင်းထက် ဉာဏပိုင်းကို ပိုမိုအာရုံစူးစိုက်ရတာတွေရှိပါတယ်။ ဒီအားကစားနည်းက နိုင်ငံတကာကို ထိုးဖောက်လာမယ့် အားကစားနည်းတစ်ရပ်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ကုန်ကျစရိတ်သက်သာပြီး ဝယ်ယူရတာလွယ်ကူလို့ လူတိုင်းကစားနိုင်တဲ့ အားကစားနည်းတစ်ရပ်လည်းဖြစ်ပါတယ်။ အဲဒီအချက်တွေကြောင့်ဘဲ ကျွန်တော်တို့ ASTAF က ၂၀၁၃ ဆီးဂိမ်းစ်မှာ ထည့်သွင်းကျင်းပဖို့ အပြည့်အဝထောက်ခံခဲ့တာပါ။

မေး - ဒီအားကစားနည်းကနေ အိမ်ရှင်မြန်မာကရွှေတံဆိပ်ဆု(၆)ခု ရရှိလိမ့်မယ်လို့ ရေပန်းစားနေတဲ့အပေါ် ဘာများ ပြောလိုပါသလဲ။

ဖြေ - ရိုးရာခြင်းလုံးအားကစားနည်းကနေ ရွှေတံဆိပ်(၈)ခုပေးပါလိမ့်မယ်။ အိမ်ရှင်မြန်မာက အမျိုးအစား(Event)(၆)မျိုးကိုဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် အဲဒီအမျိုးအစား(၆)မျိုးစလုံးကနေ ရွှေတံဆိပ်တွေရရှိလိမ့်မယ်လို့ ကျွန်တော်သေချာပေါက်ယုံကြည်ပါတယ်။ ရန်ကုန်၊ မန္တလေးတို့ကို ကျွန်တော်ရောက်တဲ့အခါတကယ်ကောင်းတဲ့ခြင်းလုံးကစားသမားတွေ အများကြီးတွေ့ခဲ့ရပါတယ်။ နေပြည်တော် Gold Camp မှာ မြန်မာခြင်းလုံးကစားသမားတွေ လေ့ကျင့်နေတာကို လေ့လာကြည့်တော့လည်း အရမ်းထူးချွန်ကြတာကို တွေ့ရပါတယ်။ ကျန်တဲ့ဒေသတွင်းနိုင်ငံတွေကတော့ ပြီးခဲ့တဲ့(၂)နှစ်လောက်ကမှ ဒီအားကစားနည်းကို ထိတွေ့ဖူးကြတာဆိုတော့ မြန်မာကို မီနိုင်မယ် မထင်ပါဘူး။

မေး - ခြင်းလုံးအားကစားနည်းမှာ ဒိုင်တွေက အမှတ်ပေးစနစ်(Point System)နဲ့ ဆုံးဖြတ်ကြတာဆိုတော့ အိမ်ရှင်အတွက် အခွင့်အရေးပိုစေနိုင်ပါသလား။

ဖြေ - ဒီအားကစားနည်းမှာ မြန်မာနိုင်ငံကမဟုတ်တဲ့ နိုင်ငံတကာအသိအမှတ်ပြု ဒိုင်လူကြီး(၈)ဦး ပါဝင်ဆောင်ရွက်ကြမှာပါ။ ဒီဒိုင်လူကြီးတွေက နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲတွေကို နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံရှိသူတွေပါ။ ခြင်းလုံးမှမဟုတ်ပါဘူး။ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့အစရှိတဲ့ကစားနည်းတွေမှာလည်း ဒိုင်တွေ မှားတတ်ကြပါတယ်။ ကျွန်တော့်ဒိုင်တွေ မမှားဘူးလို့ အာမမခံနိုင်ပေမယ့် အမှားနည်းနိုင်သမျှနည်းဖို့အတွက် ပြင်ဆင်ထားပါတယ်။

မေး - ASTAF ဥက္ကဋ္ဌက စင်ကာပူနိုင်ငံသားဖြစ်နေတော့ စင်ကာပူမှာကျင်းပမယ့် ၂၀၁၅ ဆီးဂိမ်းစ်မှာ ခြင်းလုံးအားကစားနည်း ဆက်လက်ပါဝင်ခွင့်ရနိုင်မယ့်အနေအထားနဲ့ပတ်သက်လို့ သိချင်ပါတယ်။

ဖြေ - ဆီးဂိမ်းစ်မှာ အားကစားနည်းတစ်ရပ်ပါဝင်ခွင့်ရဖို့ဆိုရင် ပြိုင်ပွဲကျင်းပရေးကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ သဘောထားက အရေးကြီးပါတယ်။ ၂၀၁၅ ဆီးဂိမ်းစ်မှာ ခြင်းလုံးအားကစားနည်း ဆက်လက်ပါဝင်ခွင့်ရဖို့က မြန်မာတွေပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော်တို့ASTAF နဲ့ နိုင်ငံတကာပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ISTAF)တွေကတော့ ၂၀၁၅ ဆီးဂိမ်းစ်မှာ ခြင်းလုံးအားကစားနည်း ဆက်လက်ပါဝင်ခွင့်ရဖို့အတွက် အပြည့်အဝထောက်ခံသွားမှာဖြစ်ပြီး အကူအညီပေးသွားမှာပါ။

အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ASTAF)ဥက္ကဋ္ဌဖြစ်သူ ဟယ်လင်မ်ကာဒါ (ဓာတ်ပုံ-သက်ထွန်းအောင်)

ခြင်းလုံးပြိုင်ပွဲကို ပရိသတ် လာရောက်ကြည့်ရှုမှု နည်းပါး

၂၀၁၃ ဆီးဂိမ်းစ်၏ခြင်းလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ဒီဇင်ဘာ(၄)ရက်မှစ၍ နေပြည်တော်တွင် ကျင်းပပြုလုပ်နေလျက်ရှိရာ ပရိသတ်လာရောက်ကြည့်ရှုမှု အလွန်တရာနည်းပါးနေလျက်ရှိကြောင်း သိရသည်။ ခြင်းလုံးပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ပွဲစဉ်များကို နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနများမှ အစိုးရဝန်ထမ်းများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသာ လာရောက်ကြည့်ရှုအားပေးနေပြီး ပရိသတ်များမှာ ကွင်းအတွင်းသို့ဝင်ရောက်ခွင့်ရရှိရန် အခက်အခဲအချို့နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မြန်မာမပါဝင်သည့်အမျိုးအစား (၂)မျိုးတွင် ရွှေရရန် ထိုင်းရည်မှန်း

၂၀၁၃ ဆီးဂိမ်းစ်၏ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာမပါဝင်သည့် အမျိုးအစား(Event)(၂)မျိုးတွင် ရွှေတံဆိပ်ရရှိရန် ထိုင်းအသင်းကရည်မှန်းထားကြောင်း သိရသည်။ ခြင်းလုံးပြိုင်ပွဲတွင် အမျိုးသား၌ အမျိုးအစား(၄)မျိုး၊ အမျိုးသမီး၌ အမျိုးအစား(၄)မျိုး ထည့်သွင်းကျင်းပနေပြီး ရွှေတံဆိပ်(၈)ခုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်ရှင်မြန်မာအသင်းသည် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ(၂)ရပ်၌ အမျိုးအစား(၆)မျိုးကိုသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိပြီး အမျိုးအစား(၂)မျိုးကိုမူ ဝင်ရောက်ခွင့်မရှိကြောင်း သိရသည်။

ဘောလုံးအသင်းများ၏ မန်နေဂျာ အစည်းအဝေး ယနေ့ပြုလုပ်မည်

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ် အမျိုးသားဘောလုံးပြိုင်ပွဲ၏အုပ်စု(ခ)အတွက် မန်နေဂျာများအစည်းအဝေးကို ဟိုတယ်ရန်ကုန်တွင် ယနေ့(ဒီဇင်ဘာ ၆ ရက်)ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)၌ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(ခ)၌ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားအသင်းတို့ပါဝင်နေကြောင်း သိရသည်။ အုပ်စု(က)အသင်းများ၏ မန်နေဂျာအစည်းအဝေးကိုမူ လာမည့်ဒီဇင်ဘာ(၇)ရက်တွင် နေပြည်တော်ရှိ Golden Guest ဟိုတယ်၌ပြုလုပ်မည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲဝင်မည့် အသင်းများ အားလုံးရောက်ရှိ

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်အမျိုးသားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအားလုံးရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများရှိ ဖိလစ်ပိုင်မှလွဲ၍ အိမ်ရှင်မြန်မာအပါအဝင် အသင်း(၁၀)သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ အုပ်စု(က)မှ စင်ကာပူအသင်းမှာ ပြီးခဲ့သည့်ဒီဇင်ဘာ(၃)ရက်က အစောဆုံးရောက်ရှိလာပြီး ထိုင်း၊ ကမ္ဘောဒီးယားတို့လည်းရောက်ရှိခဲ့ကာဒီဇင်ဘာ(၄)ရက်တွင် တီမောအသင်း၊ ဒီဇင်ဘာ(၅)ရက်တွင် ကျန်အသင်းများအားလုံး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲ၏ပထမဆုံးနေ့(ဒီဇင်ဘာ ၄ ရက်)တွင် အိမ်ရှင်မြန်မာတို့ ရိုးရာခြင်းလုံးမှ ရွှေတံဆိပ်(၂)ခု စတင်ဆွတ်ခူး

အမျိုးသမီးအခြေခံအဆင့်အတွဲ(Event-3)အမျိုးအစား၌ ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာအမျိုးသမီးခြင်းလုံးအသင်း (ဓာတ်ပုံ-သက်ထွန်းအောင်)

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲကို ပြီးခဲ့သည့်ဒီဇင်ဘာ(၄)ရက်က ခြင်းလုံးအားကစားနည်းဖြင့် စတင်ကျင်းပခဲ့ပြီး ယင်းနေ့(ပထမနေ့)အတွက်ချီးမြှင့်သည့် ရွှေတံဆိပ်(၂)ခုစလုံးကို အိမ်ရှင်မြန်မာက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ခြင်းလုံးပြိုင်ပွဲတွင် အမျိုးသား၌ အမျိုးအစား(၄)မျိုး၊ အမျိုးသမီး၌ အမျိုးအစား(၄)မျိုးထည့်သွင်းကျင်းပနေပြီး ရွှေတံဆိပ်(၈)ခု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ(၄)ရက်(ပထမနေ့)တွင်မူ အမျိုးသား၊ အမျိုးသမီးအခြေခံအဆင့်အတွဲ(Event-3) အမျိုးအစားတစ်မျိုးတည်းကိုသာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအခြေခံအဆင့်အတွဲ(Event-3)အမျိုးသားပြိုင်ပွဲကိုအိမ်ရှင်မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ လာအို အသင်း(၅)သင်း၊ အခြေခံအဆင့်အတွဲ(Event-3) အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား အသင်း(၄)သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ်စလုံးတွင် အိမ်ရှင် မြန်မာနှင့်ထိုင်းအသင်းတို့ ဗိုလ်လုပွဲရောက်ရှိခဲ့ကြပြီး မြန်မာကအနိုင်ရရှိကာ ရွှေတံဆိပ်များရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးအခြေခံအဆင့်အတွဲပြိုင်ပွဲ

မြန်မာ	- (၁၆၈ ၁၆၉ ၁၇၇)	= ၅၁၄ မှတ်
ထိုင်း	- (၁၀၉ ၁၂၂ ၁၃၂)	= ၃၆၃ မှတ်
ကမ္ဘောဒီးယား	- (၅၀ ၅၃ ၅၄)	= ၁၅၇ မှတ်
မလေးရှား	- (၄၀ ၄၂ ၄၆)	= ၁၂၈ မှတ်
ဗိုလ်လုပွဲ		
မြန်မာ	- (၁၇၅ ၁၇၂ ၁၇၇)	= ၅၂၄ မှတ်
ထိုင်း	- (၁၀၇ ၁၂၉ ၁၃၉)	= ၃၇၅ မှတ်

အမျိုးသားအခြေခံအဆင့်အတွဲပြိုင်ပွဲ

မြန်မာ	- (၂၁၆ ၂၁၀ ၂၁၂)	= ၆၃၈ မှတ်
ထိုင်း	- (၁၂၈ ၁၅၃ ၁၄၄)	= ၄၂၅ မှတ်
လာအို	- (၁၁၆ ၁၁၀ ၁၁၇)	= ၃၄၃ မှတ်
မလေးရှား	- (၉၀ ၈၄ ၈၂)	= ၂၅၆ မှတ်
စင်ကာပူ	- (၅၀ ၅၅ ၅၁)	= ၁၅၆ မှတ်
ဗိုလ်လုပွဲ		
မြန်မာ	- (၂၁၀ ၂၂၂ ၂၂၈)	= ၆၆၀ မှတ်
ထိုင်း	- (၁၃၅ ၁၅၀ ၁၅၂)	= ၄၃၇ မှတ်

တရုတ်နိုင်ငံမှ ယွမ်(၄၂၀)သန်း ပံ့ပိုးကူညီ

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တရုတ်နိုင်ငံမှ ယွမ်(၄၂၀)သန်း ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ မြန်မာနှင့်တရုတ်တို့ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသတင်းစာရှင်းလင်းပွဲကို ပြီးခဲ့သည့်ဒီဇင်ဘာ(၃)ရက်က ရန်ကုန်မြို့ရှိဆီဒိုနားဟိုတယ်တွင်ပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနား၌ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။တရုတ်နိုင်ငံအနေဖြင့် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်သူများကိုလည်းပြိုင်ပွဲပြီးဆုံးသည်အထိ စေလွှတ်ပေးထားကြောင်း သိရသည်။

ဆီးဂိမ်းစ်ဝါတာပိုလိုပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဒုတိယမြောက်အားကစားပြိုင်ပွဲအဖြစ် ဝါတာပိုလိုပြိုင်ပွဲကို နေပြည်တော်တွင် ယနေ့ (ဒီဇင်ဘာ ၆ ရက်)စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားအသင်း (၅)သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်အများဆုံးရ(၂)သင်းကို ဗိုလ်လုပွဲကစားစေမည်ဖြစ်သည်။

ဝါတာပိုလိုပွဲစဉ်များ

၆-၁၂-၁၃	မြန်မာ	-	ထိုင်း
	စင်ကာပူ	-	မလေးရှား
၇-၁၂-၁၃	ထိုင်း	-	မလေးရှား
	မြန်မာ	-	အင်ဒိုနီးရှား
၈-၁၂-၁၃	မလေးရှား	-	အင်ဒိုနီးရှား
	ထိုင်း	-	စင်ကာပူ
၉-၁၂-၁၃	အင်ဒိုနီးရှား	-	စင်ကာပူ
	မြန်မာ	-	မလေးရှား
၁၀-၁၂-၁၃	မြန်မာ	-	စင်ကာပူ
	အင်ဒိုနီးရှား	-	ထိုင်း
	ဗိုလ်လုပွဲ		

ဆီးဂိမ်းစ်ဂူရှူးပြိုင်ပွဲ ဒီဇင်ဘာ(၇)ရက် စတင်မည်

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ဂူရှူးပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ(၇)ရက်မှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂူရှူးပြိုင်ပွဲကို အရှေ့တောင်အာရှဒေသတွင်းရှိနိုင်ငံများထဲမှ တီမောမှလွဲ၍ကျန်(၁၀)နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာဂူရှူးအဖွဲ့မှာ ထောက်လုကစားသမား(၁၃)ဦး၊ ဆန်းဆိုကစားသမား(၅)ဦးဖြင့် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမနေ့တွင် အမျိုးသားနစ်ယောက်တွဲအတိုက်၊ အမျိုးသားချန်းချွမ်၊ အမျိုးသမီးနန်းချမ်၊ အမျိုးသမီးချမ်းစအမျိုးအစားပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကာ ဗိုလ်လုပွဲစဉ်များကိုပါ တစ်ပါတည်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို အိမ်ရှင်မြန်မာအပါအဝင် နိုင်ငံပေါင်း(၁၀)နိုင်ငံမှဂူရှူးအားကစားသမားပေါင်း(၁၀၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ(၁၀)ရက်အထိကျင်းပသွားမည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းစ်အမျိုးသားဘောလုံးပြိုင်ပွဲကို လာမယ့်ဒီဇင်ဘာ(၇)ရက်ကစပြီးကျင်းပတော့မှာဖြစ်ပါတယ်။ မြန်မာဘောလုံးအသင်းဟာ ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုနဲ့ဝေးကွာ နေတာကြာပြီဖြစ်လို့ အိမ်ရှင်အဖြစ်ကျင်းပမယ့် အခုပြိုင်ပွဲနဲ့ပတ်သက်ပြီး နည်းပြချုပ်ဖြစ်သူ ပတ်ဆောင်ဟွာကို Premier Eleven Sports Journal က မေးမြန်းခဲ့ပါတယ်. . .

မြန်မာအမျိုးသားဘောလုံးအသင်းနည်းပြနှင့်တွေ့ဆုံခြင်း

မေး - ဆီးဂိမ်းစ်ပြိုင်ပွဲဝင်ဖို့ မြန်မာအသင်း အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်ပါသလား။

ဖြေ - ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် နိုင်ငံတကာပြိုင်ပွဲတွေ၊ နိုင်ငံတကာခြေစမ်းပွဲတွေ အများကြီးကစားထားပါတယ်။ တောင်ကိုရီးယား၊ ဂျပန်ခရီးစဉ်တွေကလည်း ကျွန်တော်တို့ကို အကျိုးရှိစေပါတယ်။ ကစားသမားတွေအနေနဲ့လည်း တိုးတက်မှုရှိလာပါတယ်။ လိုအပ်ချက်တွေရှိနေသေးပေမယ့် အကောင်းဆုံးအနေအထားမှာရှိနေတယ်လို့ ယုံကြည်ပါတယ်။ ပြိုင်ပွဲမှာ ကစားသမားတွေဆီက (၁၀၀)ရာခိုင်နှုန်းပြည့် အားထုတ်ကစားမှု ရရှိလိမ့်မယ်လို့ ထင်ပါတယ်။

မေး - အုပ်စုအနေအထားအပေါ် သုံးသပ်ပေးပါ။

ဖြေ - ပွဲတိုင်းကအရေးကြီးပေမယ့် အုပ်စုတက်မယ်လို့ သေချာပေါက်ယုံကြည်ပါတယ်။ ထိုင်းနဲ့ အင်ဒိုနီးရှားတို့က အသင်းကြီးတွေဆိုပေမယ့် ကမ္ဘောဒီးယား၊ တီမောတို့ကိုလည်း အလေးအနက်ထားကစားမှာပါ။

မေး - မြန်မာဘောလုံးပရိသတ်တွေက ရွှေတံဆိပ်ကို မျှော်လင့်နေကြတာဆိုတော့ ဖြည့်ဆည်းပေးနိုင်မယ်လို့ ထင်ပါသလား။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ

အုပ်စု(က) - မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း

အုပ်စု(ခ) - မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ တီမော၊ ကမ္ဘောဒီးယား

၇-၁၂-၁၃	မြန်မာ	-	ကမ္ဘောဒီးယား
၉-၁၂-၁၃	မြန်မာ	-	တီမော
၁၄-၁၂-၁၃	မြန်မာ	-	ထိုင်း
၁၆-၁၂-၁၃	မြန်မာ	-	အင်ဒိုနီးရှား

ဖြေ - ကျွန်တော် မြန်မာနိုင်ငံကို ရောက်လာတာဟာ ဆီးဂိမ်းစ်ရွှေတံဆိပ်ဆု ရယူပေးဖို့က အဓိကပါ။ အဲဒီအတွက်လည်း ပြင်ဆင်မှုတွေ အသေအချာပြုလုပ်ထားပါတယ်။ အားလုံးမျှော်လင့်နေတဲ့ ရွှေဆုကိုရယူပေးဖို့အစွမ်းကုန်ကြိုးပမ်းသွားမှာပါ။

မေး - မြန်မာဘောလုံးတိုးတက်ဖို့အတွက် အကြံပြုချင်တာများရှိပါသလား။

ဖြေ - လူငယ်ကစားသမားတွေ စနစ်တကျပြုစုပျိုးထောင်ဖို့လိုပါတယ်။လက်ရွေးစင်အဆင့်ရောက်မှ ဘောလုံးအခြေခံပြန်သင်နေရတာမျိုးက မဖြစ်သင့်ပါဘူး။ အခြေခံကြေညက်တဲ့ ဘောလုံးသမားတွေ များများရှိဖို့လိုပါတယ်။

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

ရတနာပုံအသင်း နည်းပြအင်အားဖြည့်တင်း

ပြီးခဲ့သည့် ၂၀၁၃ ရာသီက MNL အမှတ်ပေးလိဂ်ပြိုင်ပွဲတွင် အဆင့်(၅)နေရာ၌ရပ်တည်ခဲ့သည့် ရတနာပုံအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နည်းပြအင်အားဖြည့်တင်းခဲ့ကြောင်း သိရသည်။ ရတနာပုံအသင်းသည် မနော်မြေအသင်း၏ နည်းစနစ်ဒါရိုက်တာဖြစ်သူ ဦးခင်မောင်တင့်ကို နည်းပြချုပ်အဖြစ်ခန့်အပ်ခဲ့ပြီး ယခင်နည်းပြချုပ်ဖြစ်သူဦးဇော်လေးအောင်ကိုမူ လက်ထောက်နည်းပြအဖြစ် ပြောင်းလဲတာဝန်ပေးခဲ့ကြောင်း သိရသည်။ အသင်း၏ နည်းစနစ်အကြံပေးဖြစ်သူ ဦးတင်ဟန်ကိုမူ ဆက်လက်တာဝန်ပေးခန့်အပ်ထားပြီး လာမည့် ၂၀၁၄ ရာသီအတွက် လာမည့်ဒီဇင်ဘာ(၉)ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဦးခင်မောင်တင့်မှာ ရတနာပုံအသင်းနည်းပြဟောင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က လမ်းခွဲခဲ့သူဖြစ်သည်။

ကစားသမား(၅)ဦးကို KBZ ထွက်ခွင့်ပေး

MNL အသင်းကြီးတစ်သင်းဖြစ်သည့် KBZ အသင်းသည် ကစားသမား(၅)ဦးဖြစ်သော မင်းမင်းထွန်း၊ စည်သူအောင်၊ သူရိန်စိုး၊ မန်ကွန်း၊ လှထွန်းအောင်တို့ကိုအသင်းမှထွက်ခွာခွင့်ပြုလိုက်ကြောင်း သိရသည်။ ထို့ပြင် KBZ အသင်းသည် ၂၀၁၃ ရာသီကအသုံးပြုခဲ့သည့် ဘရာဇီးလ်ကွင်းလယ်ကစားသမားများဖြစ်သော နူနက်ဇ်၊ ဂျူနီယာ၊ ဂါနာနောက်ခံလူ ဟန်ဆန်နှင့် တောင်ကိုရီးယားတိုက်စစ်မှူး အင်ယောင်တို့ထဲမှ နူနက်ဇ်နှင့် အင်ယောင်တို့ကို စာချုပ် ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း သိရသည်။ KBZ အသင်းသည် ဂျူနီယာနှင့် ဟန်ဆန်တို့ကိုမူ လာမည့်ရာသီ၌ ဆက်လက်အသုံးပြုသွားမည်ဖြစ်ပြီး ဇွဲကပင်အသင်းမှ ဂျပန်ကွင်းလယ်ကစားသမားဖြစ်သူ မတ်ဆူမိုတိုကင်မ်(Matsumoto Kim)ကိုခေါ်ယူအားဖြည့်ထားကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်း အိုင်ဗန်ကိုလက်ဇ်နှင့်လမ်းခွဲပြီးနောက် နည်းပြဟောင်းဖြစ်သူ အဲရစ်ဝီလျံကို ပြန်လည်ခေါ်ယူခန့်အပ်

ရန်ကုန်အသင်းနှင့်လက်တွဲခဲ့စဉ်က အဲရစ်ဝီလျံ (ဓာတ်ပုံ-ညီညီစိုးညွှန့်)

၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲများတွင် (၃)နှစ်ဆက်ဗိုလ်စွဲထားသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဘူလ်ဂေးရီးယားလူမျိုးနည်းပြဖြစ်သူအိုင်ဗန်ကိုလက်ဇ်နှင့်လမ်းခွဲခဲ့ပြီးနောက် နည်းပြဟောင်းဖြစ်သူ ဩစတြေးလျလူမျိုး အဲရစ်ဝီလျံကို ပြန်လည်ခေါ်ယူခန့်အပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၁၂၊ ၂၀၁၃ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲများတွင် ဗိုလ်စွဲအောင်စွမ်းဆောင်ပေးခဲ့သည့် အိုင်ဗန်ကိုလက်ဇ်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့သောကြောင့် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၁၁ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲနှင့် ၂၀၁၁ MNL Cup ရှုံးထွက်ပြိုင်ပွဲများတွင် ဗိုလ်စွဲအောင်စွမ်းဆောင်ပေးခဲ့သည့် အဲရစ်ဝီလျံကို(၁)နှစ်စာချုပ်ဖြင့် ပြန်လည်ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဲရစ်ဝီလျံသည် MNL ဖြစ်ပေါ်လာသည့် ၂၀၀၉ ခုနှစ်တွင် ရန်ကုန်အသင်း၏ အကယ်ဒမီသို့ရောက်ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အသင်းကြီး၏နည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။ ၂၀၁၂ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့အစတွင် နှစ်ဖက်သဘောတူညီမှုဖြင့် လမ်းခွဲခဲ့ပြီးနောက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြဟောင်း အိုင်ဗန်ကိုလက်ဇ်ကို ရန်ကုန်အသင်းက ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အာရှယူ-၂၂ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၂အသင်းကို ဆီးဂိမ်းစ်ပြိုင်ပွဲဝင်အသင်းအား အခြေခံကာဖွဲ့စည်းမည်ဖြစ်ပြီး တရုတ်ယူ-၂၂ အသင်းနှင့် ခြေစမ်းကစားရန် စီစဉ်ထား

၂၀၁၃ အာရှယူ-၂၂ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲအဖြစ် မြန်မာယူ-၂၂ အသင်းနှင့် တောင်ကိုရီးယားယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့စဉ် (ယင်းပွဲတွင် ဂိုးမရှိသရေကျခဲ့သည်) (ဓာတ်ပုံ-ညီညီစိုးညွှန့်)

၂၀၁၃ အာရှယူ-၂၂ဘောလုံးပြိုင်ပွဲ (2013 AFC U-22 Championship)ကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းအား (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်အမျိုးသားဘောလုံးအသင်းကို အခြေခံကာ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်အမျိုးသားဘောလုံးပြိုင်ပွဲအပြီးတွင် မြန်မာယူ-၂၂ အသင်းကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး လာမည့်ဒီဇင်ဘာ(၂၇)ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ တရုတ်ယူ-၂၂အသင်းနှင့်ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။ ၂၀၁၃ အာရှယူ-၂၂ ဘောလုံးပြိုင်ပွဲကို လာမည့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁၁)ရက်မှ(၂၆)ရက်အထိ အိုမန်နိုင်ငံ၊ မပ်စ်ကတ်(Muscat)မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်(AFC)ပြိုင်ပွဲကျင်းပရေးကော်မတီသည် ယင်းပြိုင်ပွဲကို ပြီးခဲ့သည့် ဇွန်(၂၃)ရက်မှဇူလိုင်(၇)ရက်အထိကျင်းပရန် စီစဉ်ထားခဲ့သော်လည်း အိမ်ရှင်နိုင်ငံဖြစ်သည့် အိုမန်၏တောင်းဆိုမှုအရ(အိမ်ရှင်အခွင့်အရေး) လာမည့် ၂၀၁၄ ဇန်နဝါရီလအတွင်းသို့ ပြောင်းရွှေ့ကျင်းပရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဇွန်၊ ဇူလိုင်လများအတွင်းကကျင်းပပြုလုပ်ခဲ့ပြီး မြန်မာအပါအဝင် အသင်းပေါင်း(၁၆)သင်း ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

၂၀၁၃ အာရှယူ-၂၂ ဘောလုံးပြိုင်ပွဲဝင်မည့်အသင်းများ

အိုမန်(အိမ်ရှင်)၊ ဩစတြေးလျ၊ တရုတ်၊ အီရန်၊ အီရတ်၊ ဂျပန်၊ ဂျော်ဒန်၊ ကူဝိတ်၊ မြန်မာ၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ ဆီးရီးယား၊ ယူအေအီး၊ ဥဇဘက်ကစ္စတန်၊ ယီမင်

မြန်မာယူ-၂၂ အသင်း၏ ခြေစစ်ပွဲဝင်ရလဒ်များ

၂၃-၆-၁၂	မြန်မာ	၅-၁	ဖိလစ်ပိုင်
၂၅-၆-၁၂	မြန်မာ	၃-၁	ဗီယက်နမ်
၂၈-၆-၁၂	မြန်မာ	၀-၀	တောင်ကိုရီးယား
၃၀-၆-၁၂	မြန်မာ	၆-၂	တရုတ်(တိုင်ပေ)
၃-၇-၁၂	မြန်မာ	၂-၁	မလေးရှား

အုပ်စု(G)	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
တောင်ကိုရီးယား	၅	၄	၁	၀	၂၃	၃	၁၃
မြန်မာ	၅	၄	၁	၀	၁၆	၅	၁၃
မလေးရှား	၅	၃	၀	၂	၁၇	၇	၉
တရုတ်(တိုင်ပေ)	၅	၂	၀	၃	၉	၂၀	၆
ဗီယက်နမ်	၅	၁	၀	၄	၁၁	၁၀	၃
ဖိလစ်ပိုင်	၅	၀	၀	၅	၂	၃၃	၀

တရုတ်ယူ-၂၂ အသင်း၏ ခြေစစ်ပွဲဝင်ရလဒ်များ

၂၃-၆-၁၂	တရုတ်	၂-၀	လာအို
၂၅-၆-၁၂	တရုတ်	၅-၁	ဟောင်ကောင်
၂၈-၆-၁၂	တရုတ်	၃-၀	ကမ္ဘောဒီးယား
၃၀-၇-၁၂	တရုတ်	၁-၁	ထိုင်း
၃-၇-၁၂	တရုတ်	၁-၁	မြောက်ကိုရီးယား

အုပ်စု(F)	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မြောက်ကိုရီးယား	၅	၄	၁	၀	၁၁	၄	၁၃
တရုတ်	၅	၃	၂	၀	၁၂	၃	၁၁
လာအို	၅	၂	၁	၂	၇	၇	၇
ထိုင်း	၅	၂	၁	၂	၁၁	၆	၇
ကမ္ဘောဒီးယား	၅	၁	၁	၃	၆	၁၅	၄
ဟောင်ကောင်	၅	၀	၀	၅	၃	၁၅	၀

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

နာဆရီရဲ့ စာမျက်နှာ နှစ်ဖက်

အာကာ

နာဆရီအတွက်လက်ရှိအချိန်ကတစ်ကိုယ်တည်း ဘဝနှစ်ခုပိုင်သလိုဖြစ်နေတယ်။ ပြင်သစ်မီဒီယာတွေဟာ နိုင်ငံအသင်းက သူ့ရဲ့စွမ်းဆောင်ရည်ကိုဝေဖန်ကြတယ်။ ၂၀၁၂ခုနှစ် လောက်ကတည်းက၊ တိတိကျကျပြောရင် ယူရို- ၂၀၁၂ပြိုင်ပွဲမှာစတင်ပြီး အသင်းတွင်းပြဿနာတွေရှာခဲ့တဲ့ နာဆရီကို ပြစ်တင်ခဲ့ကြတာပါ။ အဝတ်လဲခန်းအတွင်း အသင်းဖော်တစ်ဦးနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့တယ်လို့ သတင်းတွေထွက်ပေါ်ခဲ့တယ်။ နောက်ဆက်တွဲအဖြစ် နည်းပြလောရင့်ဘလန့်က သူ့ကိုစပိန်နဲ့ ကွာတားဖိုင်နယ်ပွဲလူစာရင်းကနေ ခေါက်ထားလိုက်တယ်။ ဒီပွဲအပြီးမှာလည်း ပြင်သစ်မီဒီယာတွေရဲ့ လက်ညှိုးနဲ့ နာဆရီမကင်းခဲ့ပါဘူး။ ရှုံးပွဲအတွက် ပြင်သစ်မီဒီယာတွေက လက်ရွေးစင်အသင်းကို မေးခွန်းထုတ်ခဲ့ကြတယ်။ ဒီအချိန်မှာ ပြင်သစ်ဂျာနယ်လစ်တစ်ဦးနဲ့ နာဆရီတို့ ပြဿနာဖြစ်ခဲ့ပြီး နာဆရီလည်း နိုင်ငံတကာပြိုင်ပွဲ(၃)ပွဲ ပိတ်ခံရခဲ့ပါတယ်။ လက်ရွေးစင်အသင်းနဲ့လည်း အဆက်ပြတ်ခဲ့က ပြီးခဲ့တဲ့ ၂၀၁၄ကမ္ဘာ့ဖလား ခြေစစ်ပွဲ Play-off ပွဲစဉ်ရောက်မှ ပြန်လည်ပါဝင်ခဲ့တာပါ။ တစ်နှစ်ကြာဝေးကွာခဲ့တဲ့ လက်ရွေးစင်ကစားသမားဘဝကို နာဆရီပြန်ပိုင်ဆိုင်ခဲ့ပေမယ့် သူ့ရဲ့လက်ရွေးစင်ကစားသမားဘဝဟာ အဆိုးသံသရာထဲကတော့ ရုန်းထွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ယူကရိန်းမြေ - Play-off ပထမပွဲစဉ်မှာ နာဆရီပါဝင်တဲ့ ပြင်သစ်အသင်းဟာ အရှုံးနိမ့်ခဲ့တယ်။ ပြင်သစ်မီဒီယာတွေက ခြေမပေါ်ခဲ့တဲ့ နာဆရီအပါအဝင် လက်ရွေးစင်ကစားသမားတွေကို ဖိအားပေး၊ ဝေဖန်ခဲ့ကြတယ်။ နည်းဗျူဟာ လေ့လာသုံးသပ်မှုတွေက ပြင်သစ်နည်းပြဒက်ချမ့်စ်ဟာ ပင်ကိုယ်တောင်ပံအားသန်တဲ့ နာဆရီလိုကစားသမားကို အထောင်တိုက်စစ်မှူးနောက်ထားကစားခဲ့တဲ့ လုပ်ရပ်မှားခဲ့တယ်၊ ဒါကြောင့်မို့ နာဆရီ ပုံစံပျက်သွားတယ်လို့ ဆိုခဲ့တာပါ။ ဒါပေမဲ့ နာဆရီအတွက် မျက်နှာပျက်စရာဖြစ်ရတာက ဒုတိယအကျော့သူ့ပွဲထွက်ခွင့်မရခဲ့ချိန်မှာ ပြင်သစ်အသင်းဟာ ယူကရိန်းကို အိမ်ကွင်းမှာ ဂိုးပြတ်၊ ခြေပြတ်အနိုင်ယူကာ ကမ္ဘာ့ဖလားဝင်ခွင့်လက်မှတ်ရယူသွားခဲ့တာပါ။

ဒီအခြေအနေကအသင်းအတွက် အပေါင်းလက္ခဏာဆောင်ခဲ့ပေမယ့် လက်ရွေးစင်အသင်းဘဝမှာ ကျူးလွန်ခဲ့တဲ့အမှားတွေအတွက် အဖတ်ပြန်ဆယ်ရမယ့်နာဆရီအတွက်တော့ အနုတ်ပြခဲ့ပါတယ်။ နာဆရီကစားတဲ့ ကွင်းလယ်ဘယ်တောင်ပံမှာ မာဆေးလ်က ပါယက်၊ ရိုမီ၊ ဂရီနီယာ၊ ပေါ့ဘာတို့လို မျိုးဆက်သစ်တွေ အသင့်ရှိနေတာ သူ့ရဲ့လက်ရွေးစင်

ကစားသမားဘဝအတွက် စိုးရိမ်စရာကောင်းနေတာအမှန်ပါ။ ကစားသမားဘဝနေ့ရက်တွေမှာ ပြင်သစ်မီဒီယာတွေရဲ့ ဇီဒန်းလက်သစ်လို့တောင်ချီးကျူးခံရဖူးတဲ့ နာဆရီအတွက်တော့ လက်ရှိလက်ရွေးစင်ကစားသမားဘဝကကျိန်စာသင့်နေသလိုပဲလို့ ဆိုချင်ပါတယ်။ သူကိုယ်တိုင်လည်း လက် ရွေးစင်ကစားသမားဘဝအိပ်မက်ဆိုးတွေအကြောင်း အခုလိုဝန်ခံခဲ့ဖူးပါတယ်။ "ပြင်သစ်မီဒီယာတွေနဲ့ ကျွန်တော်ကြားမှာ ဆက်ဆံရေးဆိုးရွားမှုတွေရှိခဲ့တယ်။ လက်ရွေးစင်အသင်းကစားသမားဘဝနဲ့လည်း ကာလရှည်ဝေးကွာခဲ့တယ်။

ခက်ခဲတဲ့ အချိန်တွေကို ဖြတ်သန်းခဲ့ရတာပါ"လို့ ပြီးခဲ့တဲ့ နိဝင်ဘာလအတွင်းက နာဆရီ ကဖွင့်ဟခဲ့တာပါ။ ဒါက နာဆရီရဲ့ လက်ရှိဘဝတစ်ခြမ်းလို့ ဆိုရမှာဖြစ်ပြီး အမှောင်ဘက်ရောက်နေတာလည်းဖြစ်ပါတယ်။

တခြားတစ်ဖက်မှာတော့ နာဆရီအတွက် မျှော်လင့်ချင်စရာကောင်းတဲ့ အနာဂတ်တစ်ခုရှိနေတယ်လို့ဆိုရမှာပါ။ ကလပ်အသင်း မန်စီးတီးနဲ့အတူပြသနေတဲ့ စွမ်းဆောင်ရည်က နာဆရီအတွက် လက်ရွေးစင်ကစားသမားဘဝနဲ့ ဆန့်ကျင်ဘက်အနေအထားပါ။နာဆရီရဲ့ဒီရာသီကလပ်အသင်း စွမ်းဆောင်ရည်အကြောင်းပြောမယ် ဆိုရင်မန်ချက်စတာဒါဘီကနေစရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီ မန်ချက်စတာဒါဘီမှာတုန်းက မန်ယူရသွားတဲ့ အနိုင်ဂိုးမှာ အပြစ်မကင်းဘဲ ဗီလိန်ဖြစ်ခဲ့တဲ့ နာဆရီ(ဗန်ပါစီရဲ့ ဖရီးကစ်ကို ကာကွယ်ရမှာ

အားနည်းချက် အချို့ရှိခဲ့)ဟာ ဒီရာသီမန်ချက်စတာဒါဘီမှာတော့ အကောင်းဆုံးကစားသမားဖြစ်ခဲ့ပါတယ်။ နာဆရီရဲ့ မန်ချက်စတာဒါဘီပွဲက စွမ်းဆောင်ရည်က ဒီလိုပါ။

- ထိရောက်တဲ့ ဘောလုံးထိချက် (၆၅)ကြိမ်ရှိခဲ့။
- ဘောလုံးပေးပို့မှုများ (၉၁)ရာခိုင်နှုန်း အောင်မြင်ခဲ့။
- ဂိုးပေါက်ကန်ချက် (၃)ကြိမ်၊ တစ်ကြိမ်ဂိုးပေါက်တည့်၊ တစ်ကြိမ် ဂိုးဝင်။
- ဂိုးဖန်တီးမှု(၃)ကြိမ် ပြုလုပ်နိုင်ခဲ့။
- တစ်ဦးချင်း ဖြတ်ကျော်မှုပေါင်း (၄၇)ကြိမ်အထိရှိခဲ့။
- အရေးပါတဲ့ ခံစစ်ရှင်းထုတ်မှု (၂)ကြိမ် ပြုလုပ်နိုင်ခဲ့။

မန်ချက်စတာဒါဘီပွဲ နောက်ပိုင်းမှာတော့ နာဆရီရဲ့ ခြေစွမ်းပေါက်ကွဲအားက ပိုပြင်းထန်လာပါတော့တယ်။ မရှိမဖြစ်ကစားသမားမျိုးလို့

ကစားသမားဘဝကနေ နည်းပြအဖြစ် ကူးပြောင်းခဲ့ပေမယ့် ပယ်လီဂရီနီရဲ့အိုင်ဒီယာလေ ဂျီကတိုက်စစ်ဦးစားပေးပါ။ လက်ရှိအချိန်မှာလည်း တိုက်စစ်အသားပေးဟန်နဲ့ ပယ်လီဂရီနီ ရှေ့ဆက်နေဆဲဖြစ်ပြီး နာဆရီကတော့ ဗုက်ဖဲဖြစ်ပါတယ်။ ပယ်လီဂရီနီ လက်ထက်မှာ အသိသာဆုံးအပြောင်းအလဲကပြိုင်ဘက်ဂိုးရီယာထိပ်နားမှာ နာဆရီ Free Role ပုံစံမျိုး ကစားလာရတာပါ။ နေရာလွတ်တွေဖန်တီးပေးတယ်။ အခွင့်အရေးရလာရင် တိုက်စစ်မှူးတွေကိုဖန်တီးပေးတယ်။ဒါမှမဟုတ်

အလွန်အကျူး မတင်စားသင့်သေးပေမယ့် ဒီရာသီမှာ သူကစားနေတဲ့ပုံစံ၊ အသင်းရလဒ်တွေကို ထောက်ကူနိုင်မှုမှာတော့ နာဆရီထက်ပိုကောင်းတဲ့ ကစားသမားမန်စီးတီးမှာမရှိပါဘူး။ နာဆရီဒီလိုမျိုးဖြစ်လာရာမှာ တွေးစရာကောင်းလာတာတစ်ခုရှိပါတယ်။ နည်းပြဟောင်း မန်စီနီနဲ့ လက်ရှိနည်းပြ ပယ်လီဂရီနီတို့ကြား နာဆရီအပေါ် တွေးတဲ့၊ အသုံးပြုတဲ့ အချက်ကွာခြားတာက နာဆရီရဲ့ ခြေစွမ်းအတက်မှာ အဓိကကျခဲ့တာပါ။

ပင်ကိုယ်စွမ်းရည်မြင့်မားတဲ့ နာဆရီအတွက် လက်ရှိ မန်စီးတီးနည်းပြပယ်လီဂရီနီပြုပြင်ပေးခဲ့တာက အများကြီးတော့မဟုတ်ပါဘူး။ ခံစစ်ကိုယ်တိုင်ဂိုးသွင်းယူတယ်။ ဒီအချက်ကို မန်စီးတီးကွင်းလယ်လူ ယာယာတိုရေးကလည်း ဖွင့်ဟဖူးပါတယ်။ "နာဆရီရဲ့ လက်ရှိပုံစံက အာဆင်နယ်မှာအကောင်းဆုံးခြေစွမ်းပြသခဲ့တုန်းကလိုပါပဲ။ ဝင်းဂါးကသူ့ကို လွတ်လွတ်လပ်လပ်ကစားစေခဲ့တယ်။ ပယ်လီဂရီနီကလည်း နာဆရီကို အဲဒီတုန်းက ကစားပုံမျိုးအတိုင်းကစားခိုင်းထားတယ်။

တဲ့ပွဲမှာဖြစ်ပါတယ်။ ဆွမ်ဆီးဘက်ကို (၂)ဂိုးသွင်းနိုင်ခဲ့တဲ့ နာဆရီအတွက် (၃)နှစ်ကျော်အတွင်း ပထမဆုံးအကြိမ်တစ်ပွဲတည်း(၂)ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဒီအချက်က နာဆရီအတွက် စိတ်ဓာတ်ပိုင်းကိုပါ တိုးတက်စေမှာပါ။

ဒီရာသီ မန်စီးတီးပရိုမီးယားလိဂ် ချန်ပီယံဖြစ်ခြင်း၊ မဖြစ်ခြင်းက နာဆရီရဲ့ ခြေစွမ်းအပေါ်

အလွန်အကျူး မတင်စားသင့်သေးပေမယ့် ဒီရာသီမှာ သူကစားနေတဲ့ပုံစံ၊ အသင်းရလဒ်တွေကို ထောက်ကူနိုင်မှုမှာတော့ နာဆရီထက်ပိုကောင်းတဲ့ ကစားသမား မန်စီးတီးမှာမရှိပါဘူး။ နာဆရီဒီလိုမျိုးဖြစ်လာရာမှာ တွေးစရာကောင်းလာတာတစ်ခုရှိပါတယ်။ နည်းပြဟောင်း မန်စီနီနဲ့ လက်ရှိနည်းပြပယ်လီဂရီနီတို့ကြား နာဆရီအပေါ်တွေးတဲ့ အသုံးပြုတဲ့အချက် ကွာခြားတာက နာဆရီရဲ့ ခြေစွမ်းအတက်မှာ အဓိကကျခဲ့တာအမှန်ပါ...

အဲဒီအချိန်မှာ ကွယ်ပျောက်သလိုဖြစ်နေတဲ့ နာဆရီရဲ့ ဘောလုံးစွမ်းရည်တွေ ပြန်မြင်ခဲ့ရပါတယ်" လို့ဆိုခဲ့ပါတယ်။ ဒီအချက်ကို အကောင်းဆုံးသက်သေပြခဲ့တာကတော့ ဆွမ်ဆီးကို (၃)ဂိုးပြတ်နိုင်ခဲ့

ကို တည်မှီနေပြီလို့ ရေးကြတဲ့ဗြိတိန်မီဒီယာတွေလည်း ရှိနေပါပြီ။ နာဆရီက ပြီးခဲ့တဲ့(၂)နှစ်အတွင်းကစိတ်ပျက်စရာတွေကိုတကယ်ထားခဲ့နိုင်ပြီလားဆိုတာကလည်းတွေးချင်စရာဖြစ်လာပါပြီ။

သေချာတာတစ်ခုကတော့ နာဆရီရဲ့ ဘဝက ကျောချင်းကပ်ထားတဲ့ စာမျက်နှာနှစ်ဖက်လို၊ လားရာမတူဘဲ ဖြစ်နေတာအမှန်ပါ။

အာဆင်ဝင်းဂါးရဲ့ ပစ်မှတ်ထဲက တိုက်စစ်မှူးများ

ခေတ်ဇိုင်

ဒီရာသီပရီးမီးယားလိဂ်မှာ အသင်းကြီးတွေထဲက ပုံမှန်ခြေစွမ်းမှန်မှန်နဲ့ ရလဒ်ကောင်းတွေပိုင်ဆိုင်ထားတဲ့အသင်းကိုပြပါဆိုရင်တော့ အာဆင်နယ်ကိုပဲပြရမှာပါ။ ဒါပေမဲ့ အာဆင်နယ်အသင်းရဲ့ ရလဒ်ကောင်းတွေကိုအဓိကဆောင်ကြဉ်းပေးနေတဲ့နေရာက ကွင်းလယ်ပါပဲ။ အိုဇေးလ်၊ ရမ်ဆေး၊ ဝဲလ်ရှိုင်းယား၊ ကာဇိုလာတို့တစ်သိုက်ရဲ့ကွင်းလယ်စွမ်းဆောင်ရည်ကလည်း လက်ရှိပရီးမီးယားလိဂ်အသင်းတွေထဲမှာ ထိပ်တန်းအဆင့်ပါ။ ဒါပေမဲ့ နည်းပြအာစင်ဝင်းဂါးအတွက်အခက်အခဲဖြစ်နေတာက တိုက်စစ်ပိုင်းပါပဲ။ လက်ရှိမှာ ဒီနေရာအတွက်ပြိုင်ဘက်မရှိရပ်တည်နေတာက ဂျီရောဒ်ပါ။ အရန်မှာ ဘန်တနာရှိနေတယ်။ ဒါကို နည်းပြအာစင်ဝင်းဂါးက သိပ်ဘဝင်မကျဘူး။ ဒါကြောင့်လည်း လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့မှာ တိုက်စစ်မှူး(၂)ယောက်လောက် မဖြစ်မနေခေါ်ယူမယ်လို့သတင်းတွေက အဆက်မပြတ်ထွက်နေတာဖြစ်ပါတယ်။ အသင်းပရိသတ်တွေကလည်းတိုက်စစ်မှူးထပ်ဝယ်ဖို့ တောင်းဆိုမှုတွေရှိနေပါတယ်။ အရင်တုန်းက အာဆင်နယ်အသင်းရဲ့ ကစားသမားဝယ်ယူတဲ့ပေါ်လစီကို အားလုံးကဝေဖန်ပြစ်တင်ခဲ့ကြတယ်။ အိုဇေးလ်ကိုခေါ်ယူပြီးချိန်မှာတော့ဒီအသံတွေပျောက်သွားတယ်။ အသင်းရဲ့ကစားသမားဝယ်ယူတဲ့ပေါ်လစီလည်း ပြောင်းလဲလာခဲ့တယ်။ ဒါဆိုအာဆင်နယ်အသင်း ဘယ်လိုတိုက်စစ်မှူးတွေကိုဝယ်မလဲ။ လက်ရှိအချိန်မှာ အာဆင်နယ်ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး(၅)ဦးရှိတယ်လို့အသင်းရဲ့အားကစားသတင်းထောက်ဂျိမ်းစ်မက်နီကိုလက်စ်က တင်ပြထားပါတယ်။

(၁)ဘန်တိုကီ

ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့မှာကတည်းကအာဆင်နယ်အသင်းပစ်မှတ်ထားနေခဲ့သူဖြစ်ပါတယ်။ ဗီလာအသင်းကလည်း ဘန်တိုကီကို စာချုပ်သစ်ချုပ်ဆိုထားပေမယ့် အာဆင်နယ်အသင်းက မငြင်းပယ်နိုင်တဲ့ပြောင်းရွှေ့ကြေးနဲ့ခေါ်ယူဖို့သာလိုပါတယ်။ သူ့ရဲ့ခေါင်းတိုက်စွမ်းရည်၊ ပြိုင်ဘက်နောက်တန်းကစားသမားတွေတိုင်းသတိထားရတဲ့ အဆုံးသတ်ဂိုးသွင်းစွမ်းရည်တွေဟာ နည်းပြအာစင်ဝင်းဂါးမျက်စိကျနေရတဲ့ အကြောင်းရင်းပါပဲ။

(၂)မီထရိုဂလူ

ဂရိအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့ရာမှာ သူ့ရဲ့သွင်းဂိုးတွေက အခရာကျခဲ့ပါတယ်။ နောက်ပြီး ဥရောပရဲ့အကောင်းဆုံးတိုက်စစ်မှူးတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေသူပါ။ ဂရိလိဂ်မှာလည်း (၁၃)ပွဲကစား၊ (၁၄)ဂိုးသွင်းယူထားတဲ့ ဂိုးသွင်းအများဆုံးကစားသမားတစ်ယောက်ဖြစ်ပြီး အိုလံပီယာကော့စ်အသင်းနဲ့အတူ နာမည်ရလာတဲ့တိုက်စစ်မှူးတစ်ယောက်လည်းဖြစ်ပါတယ်။ သူ့ရဲ့(၁၈)ကိုက်စည်းအတွင်း ဂိုးသွင်းစွမ်းရည်ဟာ မီထရိုဂလူရဲ့ အဓိကအားသာချက်တစ်ခုဖြစ်ပါတယ်။

(၃)မီချူး

ပြီးခဲ့တဲ့ရာသီ ပရီးမီးယားလိဂ်မှာ စပြီးနာမည်ကြီးလာခဲ့တဲ့တိုက်စစ်မှူးပါ။ အခုရာသီမှာတော့ ဒဏ်ရာတွေမကြာခဏရပြီး အရင်လောက် ခြေစွမ်းမပြနိုင်တော့ပေမယ့်အာဆင်နယ်အသင်းစိတ်ဝင်စားနေခဲ့တာ ပြီးခဲ့တဲ့အပြောင်းအရွှေ့ကတည်းကပါ။ ဆွမ်ဆီးအသင်းကတော့ မီချူးအတွက်ပြောင်းရွှေ့ကြေးကို ပေါင်သန်း(၃၀)သတ်မှတ်ထားတာ ကြောင့် နည်းပြအာစင်ဝင်းဂါး ဘယ်လိုဗျူဟာသုံးမလဲဆိုတဲ့အပေါ်မှာပဲမူတည်နေပါတယ်။

(၄)ဒီယေဂိုကော်စတာ

ဒီယေဂိုကော်စတာကိုခေါ်ယူဖို့ လေသံပစ်နေတဲ့အသင်းတွေက အာဆင်နယ်တစ်သင်းတည်းမဟုတ်ပါဘူး။ လီဗာပူးလ်အသင်းလည်းပါတယ်။ တခြားထိပ်သီးကလပ်အသင်းတွေလည်းပါပါတယ်။ ဒါပေမဲ့ ဒီယေဂိုကော်စတာက လီဗာပူးလ်ကိုငြင်းပယ်ခဲ့တယ်။ အာဆင်နယ်အသင်းအနေနဲ့လည်း ဒီယေဂိုကော်စတာလိုတိုက်စစ်မှူးတစ်ယောက်ရရှိခဲ့မယ်ဆိုရင် တိုက်စစ်ပိုင်းကပိုကောင်းသွားမယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး။

(၅)မိုရာတာ

အခုနောက်ပိုင်းမှ အာဆင်နယ်အသင်းကခေါ်ယူဖို့စိတ်ဝင်စားနေခဲ့တာပါ။ ဒါပေမဲ့နည်းပြအာစင်ဝင်းဂါးကတော့ ဒီသတင်းတွေကိုငြင်းဆန်ထားပါတယ်။ ဒါကတော့အပြောင်းအရွှေ့သတင်းတွေရဲ့ထုံးစံတစ်ခုပါ။ တစ်ခုရှိတာက အာဆင်နယ်က သူ့ကိုခေါ်ယူမယ်ဆိုလည်းအငှားအနေနဲ့ပဲခေါ်ယူသွားမှာဖြစ်ပါတယ်။ မိုရာတာအနေနဲ့လည်း စိန်ခေါ်မှုတွေအသစ်တွေကိုလိုချင်ရင် ရီးယဲလ်မှာရှိမနေသင့်ပါဘူး။ ရီးယဲလ်မှာရှိနေတဲ့ ကမ္ဘာကျော်တွေကိုကျော်ဖြတ်ဖို့ဆိုတာ လောလောဆယ်အနေအထားမှာမဖြစ်နိုင်ပါဘူး။

အာဆင်နယ်အသင်းအတွက် တိုက်စစ်မှူးလိုအပ်ပါတယ်။ အခုရှိနေတဲ့ဂျီရောဒ်က ပရီးမီးယားလိဂ်မှာ(၇)ဂိုးသွင်းထားပေမယ့်အားရစရာခြေစွမ်းတော့မဟုတ်ဘူး။ နောက်ပြီးဒဏ်ရာရခဲ့မယ်ဆိုရင် ဆောင်းရာသီအပြောင်းအရွှေ့ကာလဆိုတာ နွေရာသီအပြောင်းအရွှေ့ကာလလိုအချိန်မရဘူး။ နောက်ပြီးတခြားကလပ်အသင်းတွေကလည်း ဝယ်ဖို့လက်တွန့်နေမယ့်အချိန်မဟုတ်ဘူး။ ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ ချန်ပီယံဒိုင်မက်ကို အကောင်အထည်ဖော်ဖို့ အရန်လူအင်အား တောင့်တင်းနေဖို့လိုပါတယ်။

Premier Eleven Sports Journal Vol:11 No.15 8, December, 2013

ဒီတစ်ပတ်မှာ ထူးထူးခြားခြားဖြစ်ရပ်တွေသိပ်မရှိပေမယ့် အခုနောက်ပိုင်း ရလဒ်ပြန်ကောင်းလာတဲ့ မန်စီးတီးအကြောင်းကိုတော့ ပြောချင်သည်။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ရလဒ်အတိမ်းအစောင်းတွေဖြစ်ခဲ့ပေမယ့် အခုတော့ ကစားသမားတွေကြားမှာ နားလည်မှုရှိလာပြီဖြစ်တဲ့အပြင် အရင်ပွဲတွေတုန်းကထင်သလောက်မဟုတ်ခဲ့တဲ့ နာဆရီကလည်း ခြေစွမ်းပြန်ပြနေသည်။ မော်ရင်ဟိုဆိုခဲ့သလို မန်စီးတီးဟာ သူတို့ရဲ့ ပရီးမီးယားလိဂ်ချန်ပီယံမျှော်လင့်ချက်အတွက် အဓိကပြိုင်ဘက် ဖြစ်လာမလားဆိုတာကိုတော့ စောင့်ကြည့်ရမည်။ ဒ့ါအပြင် ရာသီအစကနဲ့မတူဘဲ ပြန်ကျလာတဲ့ လီဗာပူးလ်၊ မက်ဆီမရှိရင် ဘာမှမလုပ်တတ်တဲ့ ဘာစီလိုနာတို့ရဲ့အကြောင်းတွေကလည်း ဒီတစ်ပတ်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေလို့ ဆိုချင်သည်။

ရင်ခုန်ဖွယ် ဥရောပပွဲစဉ်အချို့ကိုပြန်လည်ခံစားခြင်း

ရပ်တန့်လို့မရတဲ့ တိုက်စစ်

မန်စီးတီးက တိုက်စစ်ကအကောင်းဆုံးအနေအထားမှာရှိနေသည်။ ကစားသမျှပွဲတွေမှာ (၃)ဂိုးမရတဲ့ ပွဲကခပ်ရှားရှားဆိုသလိုဖြစ်လာသည်။ အိမ်ကွင်းမှာဂိုးပိုမြူးတတ်သည်။ မန်စီးတီးအသင်းမှာ ယာယာတိုရေးကအသက်သွေးကြောဆိုတာ ငြင်းလို့မရ။ ဒါပေမဲ့ နောက်ပိုင်းပွဲတွေမှာ သိသိသာသာခြေစွမ်းပြလာတာက နာဆရီဖြစ်သည်။ အာဆင်နယ်အသင်းမှာ ခြေစွမ်းပြနေချိန်က ခြေစွမ်းတွေကို ပြန်မြင်နေရသည်။ မန်စီးတီးကွင်းလယ်မှာ တိုက်စစ်ကိုအပံ့ပိုးနိုင်ဆုံးကစားသမားဖြစ်လာသလို၊ ကိုယ်တိုင်လည်း ဂိုးတွေသွင်းလာသည်။ ပြီးတော့ မန်စီနီမကြိုက်ဘူးဆိုတဲ့ လုပ်အားနှုန်းပိုင်းက ပယ်လီဂရီနီလက်ထက်မှာတော့ သိသိသာသာပြောင်းလဲလာသည်။ ခံစစ်အထိဆင်းကူသည်။ တိုက်စစ်ကို အားပြည့်အင်ပြည့်လိုက်ပါသည်။ ဘောလုံးဖန်တီးမှုစွမ်းရည်ရှိသည်။ ဒီပုံစံ၊ ဒီခြေစွမ်းအတိုင်းဆိုရင် နာဆရီက မန်စီးတီးမှာ ဒေးဗစ်ဆေးလ်ဗားထက် ပိုအရေးပါသူဖြစ်လာနိုင်သည်။

မန်စီးတီးရဲ့ ရပ်တန့်လို့မရတဲ့ တိုက်စစ်မှာ ပယ်လီဂရီနီကလည်း အရေးပါ သည်။ တစ်ဦးတည်းအမြင်အရ ပယ်လီဂရီနီကို မန်စီနီလောက်ကို ခံစားလို့မရသေး။ ဒါပေမဲ့ လုပ်ဆောင်ချက်တွေကောင်းလာတာကိုလည်း အသိအမှတ်မပြုလို့မရ။ မန်စီနီလက်ထက်က မြင်ရခဲ့တဲ့ ဂိုးတွေကို ပယ်လီဂရီနီလက်ထက်မှာမြင်နေရသည်။ (၇)ဂိုးသွင်းလိုက်၊ (၅)ဂိုးသွင်းလိုက်၊ (၃)ဂိုးသွင်းလိုက်ဆိုတာက အသင်းတိုင်း၊ နည်းပြတိုင်းစွမ်းဆောင်နိုင်သည့် ကိစ္စမဟုတ်။ ဒီအပိုင်းအတွက် ချီးကျူးရမည်။ ဒါပေမဲ့ ခေါင်မလုံတဲ့အမိုးလို မဖြစ်ဖို့လိုသည်။ ပလိုင်းပေါက်နဲ့ ဖားကောက်သလိုမဖြစ်ဖို့တော့ လိုသည်။ အထူးသဖြင့် အဝေးကွင်းမှာဖြစ်သည်။

မောပန်းနေတဲ့ ကြိုးကြာနီ

ရာသီအစကတော့ လီဗာပူးလ်ကို အတော် အားရစရာကောင်းတဲ့ ပုံစံနဲ့ မြင်တွေ့ခဲ့ရသည်။ ဒါပေမဲ့ ပွဲချိန်ကြာလာတာနဲ့အမျှ သက်လုံမကောင်းတော့။ တကယ်တမ်း ရန်းကန်ရမယ့်အချိန်တွေမှာ အမောဖောက်လာသည်။ ဒီပုံစံ၊ ဒီခြေစွမ်းလောက်နဲ့ ချန်ပီယံဆုကို အနားသီနိုင်မည်မဟုတ်။ လီဗာပူးလ်က (၇)မှတ်ဖြတ်ဦးဆောင်နေလို့ ချန်ပီယံဆုအတွက် စိတ်မချရဆိုတာ အခြေအနေမှန်ဖြစ်သည်။ အခုအခြေအနေက လီဗာပူးလ်က ထိပ်ဆုံးကအသင်းနဲ့ (၇)မှတ်ပြန်ကွာသွားပြီ။ ဒီအခြေအနေမှာ လီဗာပူးလ်ကို ချန်ပီယံစာရင်းထဲတောင် မထည့်လိုတော့။ ချန်ပီယံလိဂ်ဝင်ခွင့်ကိုသာ အာရုံစိုက်သင့်ပြီဟု ဆိုချင်သည်။ စတာရစ်ချ်က ရာသီအစကတည်းက လီဗာပူးလ်ကို အကြိမ်ကြိမ်ကယ်တင်ခဲ့သူဖြစ်သည်။ အခုအခြေအနေက စတာရစ်ချ်လည်း (၂)လနီးပါး နားရမည့်အနေအထား။ လီဗာပူးလ်ကို ချန်ပီယံလမ်းကြောင်းထဲက ဖယ်ထုတ်တဲ့အထဲမှာ ဒီအချက်လည်း ပါသည်။

တကယ်တော့ လီဗာပူးလ်အသင်း ပုံပျက်နေတာကြာပြီ။ တိုက်စစ်တစ်ခုတည်းပြည့်စုံနေရုံနဲ့အသင်းကောင်းတစ်သင်းမဖြစ်နိုင်။ နယူးကာဆယ်ကို သရေကျပြီးနောက်ပိုင်း ပရီးမီးယားလိဂ် (၅)ပွဲမှာ လီဗာပူးလ် (၈)မှတ်လျော့ခဲ့သည်။ ပြိုင်ဘက်တွေဖြစ်တဲ့ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီးတို့က ဒီကာလတွေမှာ အမှတ်တွေအများကြီး ယူနိုင်ခဲ့သည်။ ဒါတောင် ဒီရာသီမှာ အခြားအသင်းကြီးတွေနဲ့ယှဉ်ရင် လီဗာပူးလ်ပွဲမကျပ်သေး။ ပထမရာသီဝက်မှာပဲ ချယ်လ်ဆီး၊ မန်စီးတီး၊ စပါးတို့နဲ့ ကစားဖို့ကျန်သေးသည်။

မက်ဆီသာ မရှိရင်...

ဘီလ်ဘာအိုနဲ့ပွဲမှာ ဘာစီလိုနာဒီရာသီ ပထမဆုံးလာလီဂါရှုံးပွဲတွေ့ခဲ့သည်။ ဒီမတိုင်ခင်ပွဲမှာ ဘာစီလိုနာဒီရာသီပထမဆုံးချန်ပီယံလိဂ် ရှုံးပွဲတွေ့ထားသည်။ ထူးခြားတာက ဘာစီလိုနာရဲ့ မကောင်းတဲ့ဘက်က ပထမဆုံးနှစ်ခုစလုံးမှာ မက်ဆီမပါနိုင်ခဲ့။ အခြားနိုင်ပွဲတွေမှာလည်း မက်ဆီပါရင် ဂိုးမြူးသည်။ မက်ဆီမပါတဲ့ပွဲအများစု ရုန်းကန်နေရသည်။ ဒီအချက်က ဘာစီလိုနာအတွက် အတော်လေး ဖြေရှင်းရခက်တဲ့ ပြဿနာတစ်ခုလိုဖြစ်နေသည်။ နေမာကလည်း အတွေ့အဆိုတ်၊ အလှအပတွေနဲ့ ပရိသတ်ကို ဖျော်ဖြေမှုပေးနိုင်သည်။ ဒါပေမဲ့ အသင်းတစ်သင်းအတွက် အရေးကြီးတာ သွင်းဂိုး။ တိုက်စစ်မှူးတစ်ဦးအတွက်အရေးကြီးတာ သွင်းဂိုးတွေဖြစ်သည်။ နေမာက မက်ဆီလိုအဆင့်မဟုတ်သလို၊ စီရော်နယ်လ်ဒိုလိုအဆင့်မဟုတ်တာသေချာသွားသည်။ ကျဉ်းထဲကျပ်ထဲမှာအသင်းကို ကယ်တင်နိုင်သည့် စွမ်းရည်လိုအပ်နေသေးသည်။

ဒီတစ်ပတ်ရဲ့အခြားပွဲစဉ်တွေမှာ တစ်ပွဲချင်းအနေနဲ့ ထူးထူးခြားခြားပြောစရာမရှိ။ တစ်ဦးချင်းအနေဖြင့်ဆိုရင်တော့ စီရော်နယ်လ်ဒိုမပါချိန်မှာ ဂိုးတွေသွင်းပေးနေတဲ့ ဂါရတ်ဘေးလ်။ အသက်ကြီးမှ ငယ်မူငယ်သွေးပြန်ရနေတဲ့ ဂျွန်တယ်ရီတို့ကို ထူးထူးခြားခြားမြင်မိသည်။ ဘေးလ်က အခုချိန်ထိ စပါးက ခြေစွမ်းမျိုးမတွေ့ရသေး။ တစ်ကိုယ်တော်ထိုးဖောက်မှုတွေက အားခပ်ပျော့ပျော့သာရှိသေးသည်။ ဒါပေမဲ့ သွင်းဂိုးတွေကို ဆာလောင်လာပြီး ဂိုးတွေလည်းသွင်းလာနိုင်သည်။ တယ်ရီကတော့ မော်ရင်ဟိုရဲ့ယုံကြည်မှုကြောင့် အရင်လိုခြေစွမ်းမျိုးပြန်ရလာခြင်းဟုသာ ဆိုရမည်။ တယ်ရီလိုပဲ မာတာကိုလည်း မော်ရင်ဟိုယုံယုံကြည်ကြည်နေရာပေးရင်တော့ ချယ်လ်ဆီးပိုကောင်းလာမည်။

PREMIER ELEVEN SPORTS JOURNAL

SUPPLEMENT အချင်ဒို

UEFA တစ်နှစ်တာအကောင်းဆုံးအသင်းအတွက် ဆန်ခါတင်(၄၀) ဦးစာရင်းထုတ်ပြန်ခဲ့ပြီး အင်္ဂလန်ကစားသမားတစ်ဦးမှ ပါဝင်လာခြင်းမရှိ

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA) သည် ၂၀၁၃ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးအသင်းကို ရွေးချယ်ရန် ဆန်ခါတင်ကစားသမား(၄၀)ဦးစာရင်းကို ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့ရာ အင်္ဂလန်ကစားသမားတစ်ဦးမှ ပါဝင်လာခြင်းမရှိကြောင်း သိရှိရသည်။

Photo: UEFA

အဆိုပါကစားသမား(၄၀)စာရင်းတွင် ပရီးမီးယားလိဂ်ကစားသမား(၈)ဦး ပါဝင်ခဲ့သော်လည်း ၎င်းတို့မှာ ပြည်ပကစားသမားများသာဖြစ်သည့်အတွက် ဗြိတိန်မီဒီယာအချို့၏ ဝေဖန်မှုများလည်း ထွက်ပေါ်လာခဲ့သည်။ ထို့ပြင် ပွဲပယ်ပြစ်ဒဏ်နှင့်ရင်ဆိုင်ခဲ့ရသော်လည်း လီဗာပူးလ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြခဲ့သည့် တိုက်စစ်မှူး ဆွာရက်ဇ် ပါဝင်မလာခြင်းနှင့် ယူရိုပါလိဂ်ချန်ပီယံချယ်လ်ဆီးအသင်းမှ ဒေါ်စကာနှင့် မာတာတို့ ရွေးချယ်မခံရသည့်အတွက်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ စွမ်းဆောင်ရည်ကိုသာ အဓိကအကဲဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဆိုသည့် ပြစ်တင်မှုများလည်း ထွက်ပေါ်လာခဲ့သည်။ ဥရောပဘောလုံးအဖွဲ့ချုပ်ကမူ ယခုစာရင်းမှာ တစ်နှစ်တာစွမ်းဆောင်မှုများအရ ဥရောပ၏အကောင်းဆုံးကစားသမား(၄၀)ဖြစ်ကြောင်း တုံ့ပြန်ခဲ့ပြီး နောက်ဆုံး(၁၁)ဦးကို ပရိသတ်များ၏ဆန္ဒမဲဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။ ပရိသတ်များအနေဖြင့် ဥရောပဘောလုံးအဖွဲ့ချုပ်၏ဝက်ဘ်ဆိုက်ဖြစ်သော www.uefa.comတွင် ဝင်ရောက်မဲပေးနိုင်ကြောင်းလည်း သိရှိရသည်။

အဆိုပါ(၄၀)ဦးစာရင်းထုတ်ပြန်လိုက်ပြီးနောက် တစ်ရက်တာအချိန်အတွင်းမှာပင် မဲပေးသူပေါင်း(၃)သန်းကျော်ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်က (၅.၃)သန်းကို ရက်ပိုင်းအတွင်း ကျော်ဖြတ်နိုင်ဖွယ်ရှိနေကြောင်းလည်း သိရှိရသည်။ လက်ရှိအချိန်၌ နေရာအလိုက် မဲအရေအတွက် အများဆုံးရရှိထားသူများမှာ ရှေ့တန်းတွင် စီရော်နယ်လ်ဒို၊ အလယ်တန်းတွင် ရီဘာရီ၊ နောက်တန်းတွင် ဖိလစ်လမ်းနှင့် ဂိုးသမားနေရာတွင် နွေအာတို့ ဖြစ်သည်။ ဇန်နဝါရီလ(၉)ရက်နေ့အထိ မဲပေးနိုင်မည်ဖြစ်ပြီး အကောင်းဆုံးအသင်း(၁၁)ဦးစာရင်းကို ဇန်နဝါရီလ(၁၅)ရက်နေ့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

၂၀၁၃ ဥရောပအကောင်းဆုံးအသင်းအတွက် ဆန်ခါတင်(၄၀)ဦးစာရင်း

[illegible]

သော်ကြာနေ့နံနက်ပိုင်းသတင်းများ

❒ လီဗာပူးလ်အသင်းသည် ဗိုလန်ကလပ်လစ်ချ်ပေါ့စ်နန်အသင်းမှ ကွင်းလယ်ကစားသမား မီလောစ်ကိုဇက်အားခေါ်ယူရန် စောင့်ကြည့်နေကြောင်းသိရသည်။

❒ အာဆင်နယ်ကွင်းလယ်လူဖလာမီနီသည် ဟားလ်စီးတီးအား(၂-၀)ဂိုးဖြင့်အနိုင်ရသည့်ပွဲတွင် ရရှိခဲ့သည့်ပေါင်ခြံဒဏ်ရာကြောင့် ရက်အနည်းငယ်အနားယူရမည်ဖြစ်ကြောင်းသိရသည်။

❒ ဘောလုံးအသင်းတစ်သင်း၏ လုပ်ပိုင်ခွင့်အားလုံးကို မိန်းမတစ်ယောက်ကကြီးစိုးနေခြင်းကို မိမိလုံးဝမလိုလားကြောင်း အေစီမီလန်ကစားသမားဟောင်း ဂတ်တူဆိုကပြောဆိုခဲ့သည်။

❒ နာပိုလီအသင်းသည် အဲဗာတန်အသင်းနောက်ခံလူ ဟိုင်တင်ဂါအားခေါ်ယူရန်စောင့်ကြည့်နေကြောင်းသိရသည်။

❒ မန်ယူအသင်းသည် ပေါ်တိုအသင်းနောက်တန်းကစားသမားများဖြစ်သည့် မန်ဂလာနှင့် ဆန်ဒရိုတို့အားခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။

❒ လီဗာပူးလ်တိုက်စစ်မှူးဆွာရက်ဇ်သည် ဇန်နဝါရီတွင်အသင်းပြောင်းမည်ဆိုသည့်သတင်းများကိုငြင်းဆန်ခဲ့သော်လည်းရာသီကုန်တွင်မူ အသင်း၌ဆက်ရှိရန်မသေချာကြောင်း ဝန်ခံခဲ့သည်။

ပြင်သစ်လီဂူးပွဲစဉ်(၁၆)ပွဲကျန်ရလဒ်
လိုင်ယွန် ၁-၁ တူးလောစ်
ကိုပါအီတာလီယာပွဲကျန်ရလဒ်
ဆမ်ဒိုရီးယား ၄-၁ ဗီရိုနာ

ဥရောပအသင်းများရှန်းကန်ရမည်ဟု ဂျော့ဖ်ဟတ်စ်ဆို

ကမ္ဘာ့ဖလားသမိုင်းတွင် ဗိုလ်လုပွဲ၌(၃)ဂိုးသွင်းယူထားနိုင်သည့်တစ်ဦးတည်းသောကစားသမားဖြစ်သည့် အင်္ဂလန်ဂန္ထဝင်ကစားသမားဂျော့ဖ်ဟတ်စ်က လာမည့်ကမ္ဘာ့ဖလားတွင် ဥရောပအသင်းများ ရှန်းကန်ရလိမ့်မည်ဟုပြောကြားခဲ့သည်။ "ဘရာဇီးလ်နိုင်ငံဆိုတာ အလွန်ကျယ်ပြန့်တဲ့နိုင်ငံတစ်ခုပါ။ ကစားရမယ့်ကွင်း တစ်ကွင်းနဲ့တစ်ကွင်းနယ်မြေကွာဝေးမှုက ဥရောပအသင်းတွေအတွက် အခက်အခဲဖြစ်လာပါလိမ့်မယ်"ဟုဂျော့ဖ်ဟတ်စ်ကဆိုခဲ့သည်။

ကမ္ဘာ့ဖလားတွင်ချီးမြှင့်မည်ဆုကြေးငွေများအား ဖီဖာထုတ်ပြန်

အကြိမ်(၂၀)မြောက်အဖြစ်ကျင်းပမည့် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ဗိုလ်စွဲသည့်အသင်းအား ဆုကြေးငွေအမေရိကန်ဒေါ်လာ(၃၅)သန်းပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဖီဖာကအတည်ပြုပြောကြားခဲ့သည်။ ထို့ပြင်ဒုတိယရရှိသည့်အသင်းအား ဒေါ်လာ(၂၅)သန်း၊ တတိယရရှိသည့်အသင်းအား ဒေါ်လာ(၂၂)သန်း၊ စတုတ္ထရရှိသည့်အသင်းအား ဒေါ်လာသန်း(၂၀)ချီးမြှင့်မည်ဖြစ်ပြီး ရှုံးထွက်အဆင့်သို့ရောက်ရှိသည့်အသင်းအားလုံးကို ဒေါ်လာ(၈)သန်းစီပေးအပ်ချီးမြှင့်သွားမည်ဟု ဖီဖာအထွေထွေအတွင်းရေးမှူး ဗယ်လ်ကီကပြောကြားခဲ့သည်။

■■■

အဝါကတ်အစား ရပ်ဘီပြစ်ဒဏ်မျိုး သုံးသင့်သည်ဟု ပလာတီနီဆို

ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌပလာတီနီက လက်ရှိဘောလုံးပွဲများတွင် ကျင့်သုံးနေသည့် ပြစ်ဒဏ်စည်းမျဉ်းအချို့ကို ပြင်ဆင်ပြောင်းလဲသင့်ကြောင်း စပိန်သတင်းစာAS နှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ ပလာတီနီက ဘောလုံးပွဲများတွင် ပြစ်ဒဏ်ကျူးလွန်သည့်ကစားသမားကို အဝါကတ်ပြသတိပေးခြင်းထက် ရပ်ဘီပြိုင်ပွဲများမှာကဲ့သို့ (၁၀)မိနစ်(သို့မဟုတ်)(၁၅)မိနစ်ထုတ်ပယ်၍ သတိပေးခြင်းမှာ ပိုထိရောက်မှုရှိနိုင်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။ ပလာတီနီက "စည်းမျဉ်းတချို့က ပြင်ဆင်ဖို့လိုအပ်နေပါတယ်။ အဝါကတ်အပြခံရပြီးဆက်ကစားခွင့်ရနေတာထက် ရပ်ဘီပွဲက ပြစ်ဒဏ်မျိုးကွင်းဘေးထွက်ထိုင်နေရတာကို ကျွန်တော် ပိုသဘောကျပါတယ်။ ဒါကတော့ ကျွန်တော့် ရဲ့ စိတ်ကူးပါ။ စည်းမျဉ်းတွေပြောင်းလဲဖို့သဘောတူညီချက်တွေ လိုအပ်ဦးမှာဖြစ်ပေမယ့် ပိုကောင်းတဲ့ဘောလုံးပွဲတွေဖြစ်လာဖို့ ဆွေးနွေးကြည့်ရမယ့်အကြောင်းအရာလည်း ဖြစ်ပါတယ်။ ပြီးတော့ ဂိုးသမားက ပြစ်ဒဏ်ကျူးလွန်မိတဲ့အခါမှာ ပယ်နယ်တီအပြင် အနီကတ်ပြတာကိုလည်း ကျွန်တော်သဘောမကျပါဘူး။ သူကျူးလွန်ခဲ့တဲ့အပြစ်အတွက် ပယ်နယ်တီပြစ်ဒဏ်က လုံလောက်နေပြီလို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ဘောလုံးစည်းမျဉ်းများပြောင်းလဲရန်မှာ နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်များဘုတ်အဖွဲ့(IFAB)၏သဘောတူညီမှု ရရှိရန်လိုအပ်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

Photo: Reuters

Michel Platini
UEFA President

ဆန်းဒါးလန်းနှင့်ပွဲမှ ဟာဇက်၏စွမ်းဆောင်ရည်ကို မော်ရင်ဟိုနှင့် ပိုယက်တို့ ချီးကျူးစကားဆို

ဆန်းဒါးလန်းအသင်းနောက်တန်းကိုထိုးဖောက်နေသည့် ချယ်လ်ဆီးကွင်းလယ်လူဟာဇက်

ဆန်းဒါးလန်းအသင်းကိုချယ်လ်ဆီးအသင်းက(၃-၄)ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့်အပြင် သွင်းဂိုး(၂)ဂိုး သွင်းယူပေးခဲ့သည့်ဟာဇက်အား နှစ်ဖက်အသင်းနည်းပြများက ချီးကျူးပြောဆိုမှုများ ပြုလုပ်ခဲ့သည်။

ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုက "ပြီးခဲ့တဲ့ရာသီက ဒီလိုပဲ သူကစားခဲ့သလား၊ ဒီထက်ကောင်းခဲ့သလားဆိုတာ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ ကျွန်တော့်မျက်စိရှေ့မှာတော့ ဒီပွဲမှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ သူ့ရဲ့ကစားပုံက မယုံနိုင်စရာပါ။ ပြိုင်ဘက်ခံစစ်ကစားသမားတွေကို အလွယ်တကူကျော်ဖြတ်နိုင်တယ်။ လိုအပ်ရင် ဂိုးကန်သွင်းတယ်။ ဒါပေမဲ့ အခြားတစ်ဖက်မှာ ဘာကန်သွင်းမှုမှမပြုလုပ်ဘဲ သက်သောင့်သက်သာကစားပြီး ဖန်တီးမှုတွေပြုလုပ်ပေးခဲ့တယ်။ ကျွန်တော် အရမ်းကျေနပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆန်းဒါးလန်းအသင်း၏နည်းပြဖြစ်သူပိုယက်ကလည်း "ဒီအဆင့်မှာ ဒီလောက်ကစားပြနိုင်တဲ့ ကစားသမားမျိုးရှိခဲ့သလားဆိုတာ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ အကောင်းဆုံးပုံစံပါပဲ။ သူ့ကို ကျွန်တော်တို့ နှစ်ယောက်ကပ်တယ်၊ သုံးယောက်ကပ်တယ်။ ကစားပုံပြောင်းပြီး နောက်ထပ်ခံစစ်ကစားသမားတစ်ယောက်နဲ့ ထပ်လိုက်တယ်။ ဒါပေမဲ့ ဘယ်လိုမှထိန်းချုပ်လို့မရခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

ဗီဇာအကောင်းဆုံးအသင်းအတွက် နောက်ခံလူစာရင်းထွက်ပေါ်လာ

၂၀၁၃ ဗီဇာကမ္ဘာ့အကောင်းဆုံးဆုအတွက် ဆန်ခါတင်နောက်ခံလူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရသည်။ ယင်းစာရင်းတွင် ရီးယဲလ်မက်ဒရစ်နှင့် ဘေယန်မြူးနစ်အသင်းတို့မှ ကစားသမား(၄)ဦးစီဖြင့်အများဆုံးပါဝင်ခဲ့ပြီး ဆန်ခါတင်(၂၀)ဦးစာရင်းကို အောက်တွင်ဖော်ပြလိုက်ပါသည်။

အမည်	နိုင်ငံ	ကလပ်
ရာမို့စ်	စပိန်	ရီးယဲလ်
မာဆဲလို	ဘရာဇီးလ်	ရီးယဲလ်
ပီပီ	ပေါ်တူဂီ	ရီးယဲလ်
ဗာရာန်	ပြင်သစ်	ရီးယဲလ်
ဘိုတန်	ဂျာမနီ	ဘေယန်
ဒန်တီ	ဘရာဇီးလ်	ဘေယန်
အလာဘာ	ဩစတြီးယား	ဘေယန်
ဖီလစ်လမ်း	ဂျာမနီ	ဘေယန်
အယ်လ်ဘာ	စပိန်	ဘာစီလိုနာ
အဲလ်ဗက်စ်	ဘရာဇီးလ်	ဘာစီလိုနာ
ပီကေး	စပိန်	ဘာစီလိုနာ
အက်ရှ်လေကိုးလ်	အင်္ဂလန်	ချယ်လ်ဆီး
အီဗန်နိုဗစ်	ဆားဘီးယား	ချယ်လ်ဆီး
အေဇပ်လီကွဲတာ	ဘရာဇီးလ်	ချယ်လ်ဆီး
ကွန်ပနီ	ဘယ်လ်ဂျီယံ	မန်စီးတီး
ဇာဘာလက်တာ	အာဂျင်တီးနား	မန်စီးတီး
ဟမ်မဲလ်	ဂျာမနီ	ဒေါ့မွန်
ဘိန်းစ်	အင်္ဂလန်	အဲဗာတန်
သီယာဂိုဆေးလ်ဗား	ဘရာဇီးလ်	PSG
ဗီဒစ်	ဆားဘီးယား	မန်ယူ

မာတင်ဂျိုးလ်ကို ထုတ်ပယ်ရန်မှလွဲ၍ နည်းလမ်းမရှိဟု ရာဟစ်ခန်းရှင်းလင်း

ဖူလ်ဟမ်အသင်း၏ပိုင်ရှင်ဖြစ်သူ ရာဟစ်ခန်းက အသင်း၏ရလဒ်ဆိုးများအတွက် နည်းပြဖြစ်သူ မာတင်ဂျိုးလ်ကိုရာထူးမှထုတ်ပယ်ရန်မှလွဲ၍အခြားနည်းလမ်းမရှိကြောင်းပြောကြားခဲ့သည်။ ခန်းသည် မာတင်ဂျိုးလ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် မကြာသေးမီကမှအသင်းသို့ ပူးတွဲနည်းပြအဖြစ်ခေါ်ယူထားသည့် မူလန်စတင်ကို အစားထိုးခန့်အပ်ခဲ့ပြီး ဂျိုးလ်သည်အရည်အသွေးမြင့်နည်းပြတစ်ဦးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခက်ခဲသည့်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရကြောင်းဆိုခဲ့သည်။

အိုဇေးလ်သည် အချိန်မရွေး ပေါက်ကွဲနိုင်သူဟု အာစင်ဝင်းဂါးချီးကျူး

အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာစင်ဝင်းဂါးက မိမိတို့အသင်း၏ ကွင်းလယ်လူအိုဇေးလ်သည် အချိန်မရွေးပေါက်ကွဲနိုင်သည့် ကစားသမားဖြစ်ကြောင်းနှင့် ပြိုင်ဘက်အသင်းများ၏ သေကွင်း၊ သေကွက်များကို ဘောလုံးလမ်းကြောင်းခင်းပေးနိုင်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဝင်းဂါးက "အိုဇေးလ်က ဘောလုံးရတာနဲ့ ဆွဲပြေးတာပဲ။ အဲဒီအချိန်မှာ ကျန်တဲ့ကစားသမားတွေနားလည်ရမှာက နေရာယူမှုနဲ့ပဲ။ ဒါဆိုရင် သူက အခွင့်အရေးဖန်တီးပေးလိမ့်မယ်"ဟု ချီးကျူးခဲ့သည်။

ကစားသမားတစ်ဦး၏အကောင်းဆုံးပုံစံကို ကိုယ်တွေ့မြင်ခဲ့ရဟု ရော်ဂျာ ဆို

လီဗာပူးလ်အသင်း၏ နည်းပြဖြစ်သူဘရန်ဒန်ရော်ဂျာက နောဝစ်ချ်အသင်းကို (၅-၁)ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် ကစားသမားတစ်ဦး၏ အကောင်းဆုံးကစားပုံကိုမိမိမျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရပြီဟု ပြောကြားခဲ့သည်။

ယင်းပွဲတွင် လီဗာပူးလ်အသင်း၏တိုက်စစ်မှူးဆွာရက်ဇ်သည် မိနစ်(၂၀)အတွင်းသွင်းယူခဲ့သည့် ဟက်ထရစ်အပါအဝင် တစ်ဦးတည်း(၄)ဂိုးသွင်းကာ သွင်းဂိုးတစ်ဂိုးကိုလည်း ဖန်တီးပေးခဲ့သည်။ ဆွာရက်ဇ်သည် သွင်းဂိုးများထဲတွင်ကိုက်(၄၀)အကွာမှကန်သွင်းခဲ့သည့် Volley ကန်ချက်ကိုလည်း မြင်တွေ့ခဲ့ရပြီး အလှပဆုံးဂိုးတစ်ဂိုးဖြစ်ကြောင်းဘရန်ဒန်ရော်ဂျာက ပြောကြားခဲ့သည်။ ၎င်းက "ကျွန်တော်က အသင်းအကြောင်းကို ပြောရတာပဲနှစ်သက်ပါတယ်။ ကစားသမားတစ်ဦးအကြောင်းကို ပြောလေ့မရှိပါဘူး။ ဒီပွဲမှာတော့ ဆွာရက်ဇ်ရဲ့ စွမ်းဆောင်ရည်ကို အထူးဂုဏ်ပြုလိုပါတယ်။ ကျွန်တော်တို့ဟာ ကစားသမားတစ်ဦးရဲ့အလွန်ကောင်းမွန်တဲ့ စွမ်းဆောင်ရည်ကို မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရပြီး အံ့မခန်းခြေစွမ်းလည်းဖြစ်ပါတယ်။ သူဟာ လက်ရှိကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးလို့လည်း ကျွန်တော် သုံးသပ်ချင်ပါတယ်။ စီရော်နယ်လ်ဒိုနဲ့မက်ဆီတို့လို အဆင့်ကို ပြနိုင်ခဲ့ပါတယ်"ဟု ဆိုခဲ့သည်။

အောင်ပွဲခံနေသည့် ဆွာရက်ဇ်နှင့် ပထမဂိုးသွင်းယူခဲ့သည့်ပုံစံ

ယခုပုံစံဖြင့် ချန်ပီယံမဖြစ်နိုင်တော့ဟု ဒေးဗစ်မိုယက်စ် ဝန်ခံ

မိုယက်စ်ရာထူးမှအထုတ်ခံရတော့မည်ဟု အဲဗာတန်ပရိသတ်များ လှောင်ပြောင်

နည်းပြဟောင်းမိုယက်စ်ကို လှောင်ပြောင်နေသည့် အဲဗာတန်အသင်းပရိသတ်များနှင့် ရှုံးပွဲအတွက်စိတ်ပျက်နေသည့် မန်ယူနည်းပြ မိုယက်စ်(ယာ)

မန်ယူအသင်း၏နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်က အဲဗာတန်အသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့သည့်ပွဲအပြီး၌ ယခုပုံစံဖြင့် မိမိတို့အသင်း၏ချန်ပီယံမျှော်လင့်ချက်မှာ ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိအချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ အာဆင်နယ်အသင်းနောက် (၁၂)မှတ်အကွာတွင်ရှိနေပြီး အမှတ်ပေးဇယားတွင် အဆင့်(၉)နေရာ၌ ရပ်တည်လျက်ရှိသည်။ လက်ရှိရလဒ်နှင့် ရပ်တည်မှုများမှာ မန်ယူအသင်း၏သမိုင်းတစ်လျှောက် အဆိုးရွားဆုံးရာသီအဖွင့်မှတ်တမ်းများဖြစ်ကြောင်းလည်း သိရှိရသည်။ ယင်းအတွက်ကြောင့် အမှတ်ပေးချန်ပီယံဆုအတွက် ရေပန်းစားမှုတွင်လည်း အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးနှင့် လီဗာပူးလ်တို့နောက်ရောက်ရှိသွားပြီး အလေးပေးမှုနှုန်းမှာ ၂၀/၁ အထိရှိလာခဲ့ကြောင်း သိရှိရသည်။ ၁၉၉၂ ခုနှစ်နောက်ပိုင်း အဲဗာတန်အသင်းကို အိမ်ကွင်းတွင် ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့သည့် မန်ယူအသင်း၏နည်းပြဒေးဗစ်မိုယက်စ်က "ကျွန်တော် အရမ်းစိတ်ပျက်ပါတယ်။ ဒါပေမဲ့ ဘောလုံးမှာ တစ်ခါတစ်လေတော့ ဒီလိုပဲဖြစ်တတ်ပါတယ်။ အဲဗာတန်ကိုရှုံးတာဖြစ်လို့ပိုပြီးတော့ ထိခိုက်နာကျင်တာမျိုးတော့ မရှိပါဘူး။ ဒီအသင်းဟာ အလွန်ကောင်းတဲ့အသင်းဖြစ်ပြီး ကစားသမားကောင်းတွေလည်း ပိုင်ဆိုင်ထားပါတယ်။ ကျွန်တော် တည်ဆောက်ထားခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ မန်ယူအသင်းအတွက်ကတော့ လက်ကျန်ရာသီတစ်လျှောက်လုံးမှာ မော်ဆန်တဲ့ခြေစွမ်းမျိုးပြနိုင်မှ ချန်ပီယံဆုအတွက် မျှော်လင့်ခွင့်ရှိတော့မှာပါ။ လက်ရှိပုံစံနဲ့တော့ ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းဖို့ မဖြစ်နိုင်တော့ပါဘူး"ဟု ဝန်ခံပြောကြားခဲ့သည်။

ယင်းပွဲအပြီးတွင် အိုးလ်ထရက်ဖို့ဒ်ကွင်း၌ လာရောက်အားပေးခဲ့သည့် အဲဗာတန်အသင်းပရိသတ်များသည် ၎င်းတို့၏နည်းပြဟောင်းဒေးဗစ်မိုယက်စ်အား လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။ အဲဗာတန်အသင်းပရိသတ်များက "မနက်ဖြန်မနက်ဆိုရင် ဒေးဗစ်မိုယက်စ် ရာထူးကအထုတ်ခံရပြီ"ဆိုသည့် အော်ဟစ်လှောင်ပြောင်မှုများပြုလုပ်ခဲ့ပြီး မာတီနက်ဇ်သည် မိမိတို့အတွက် အကောင်းဆုံးနည်းပြဟုလည်း အော်ဟစ်ချီးကျူးခဲ့ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍မူ မိုယက်စ်က "ဒါအရေးမကြီးပါဘူး၊ အဲဗာတန်ပရိသတ်တွေဟာ သူတို့အသင်းကို သူတို့အားပေးမှာပါပဲ။ ဒါကြောင့် ပြိုင်ဘက်အသင်းနည်းပြတစ်ယောက်ကို ဝိုင်းပြီးလှောင်ပြောင်ခဲ့ကြတာပါ။ တကယ်တော့ ဒီပွဲမှာ ကျွန်တော်တို့အသင်း အနိုင်ရခဲ့သင့်ပါတယ်။ ကျွန်တော်တို့ရဲ့အခွင့်အရေးကောင်းတချို့ဆုံးရှုံးခဲ့ပြီး သူတို့အသင်းက အခွင့်အရေးကို အသုံးချနိုင်တဲ့အတွက် အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အာဆင်နယ်အသင်း၏နည်းပြအာစင်ဝင်းဂါးကမူ မန်ယူအသင်းသည် ချန်ပီယံလမ်းကြောင်းပေါ်တွင်ရှိနေဆဲဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

BRIEF

- ချယ်လ်ဆီးအတွက် လူစားဝင်ပွဲများကစားခွင့်ရလာပြီး ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဒမ်ဘာဘားက မိမိသည်အသင်းနည်းပြမော်ရင်ဟို၏ယုံကြည်မှုကို တည်ဆောက်ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- မန်စီးတီးအသင်း၏ အသင်းခေါင်းဆောင် ဗင်းဆင့်ကွန်ပနီက ဒဏ်ရာမှ ပထမဆုံးပြန်လာသည့်ပွဲတွင် ကစားခဲ့သည့် ခြေစွမ်းအပေါ်အားရကျေနပ်မိကြောင်းနှင့် ကိုယ်အလေးချိန်ကိုမူ အနည်းငယ်လျှော့ချရန်လိုအပ်နေသည်ဟု ပြောကြားခဲ့သည်။
- စပါးအသင်း၏နည်းပြဖြစ်သူဘိုအက်ရှ်က ဖူလ်ဟမ်အသင်းကို အဝေးကွင်းတွင်အနိုင်ရရှိခဲ့ပြီးနောက် မိမိတို့အသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်မှာ လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။
- မန်ယူအသင်း၏နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်က အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ဗန်ပါစီမပါဝင်နိုင်ခဲ့ခြင်းမှာ ဒဏ်ရာပြဿနာကြောင့်ဖြစ်ကြောင်းနှင့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင်မူ ပြန်လည်ပါဝင်လာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။
- ချယ်လ်ဆီးအသင်း၏နည်းပြဖြစ်သူ မော်ရင်ဟိုက မိမိတို့အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ဆန်းဒါးလန်းအသင်းသည် အသင်းကောင်းတစ်သင်းဖြစ်ကြောင်းနှင့် အလွန်ကောင်းမွန်သည့်ပရိသတ်များကို ပိုင်ဆိုင်ထားကြောင်း ပြောကြားခဲ့သည်။

အလွန်ကျပ်တည်းမည့် (၇)ရက်တာကို အာစင်ဝင်းဂါး ညည်းညူ

အာဆင်နယ်အသင်း၏နည်းပြဖြစ်သူ အာစင်ဝင်းဂါးက လာမည့်(၇)ရက်အတွင်း ကစားရမည့်အလွန် ခက်ခဲသည့်ပွဲစဉ်ဇယားအပေါ် ညည်းညူပြောကြားခဲ့ကြောင်း ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။

အာဆင်နယ်အသင်းသည် လာမည့်(၇)ရက်အတွင်း အဲဗာတန်၊ နာပိုလီ၊ မန်စီးတီးအသင်းတို့နှင့်ကစား ရမည်ဖြစ်ပြီး ယင်း(၃)ပွဲစလုံးမှာ အလွန်အရေးပါသည့်ပွဲစဉ်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ယင်းအတွက်ကြောင့် ဟားလ်စီးတီး အသင်းနှင့်ပွဲစဉ်တွင် အာတီတာ၊ ဝဲလ်ရှိုင်းယား၊ ဂီရော့နှင့် ကီယန်ဂစ်ဘ်တို့ကိုလည်း အနားပေးခဲ့သည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

အာစင်ဝင်းဂါးက "ကျွန်တော် တို့ တနင်္ဂနွေနေ့မှာ အဲဗာတန်အသင်းနဲ့ကစားရမယ်။ အလွန်နီးကပ်တဲ့အချိန်မှာ နာပိုလီနဲ့ချန်ပီယံလိဂ်အရေးကြီးပွဲကိုကစားမှာဖြစ်ပြီး စနေနေ့နံနက်မှာ မန်စီးတီးနဲ့ပွဲကို ရင်ဆိုင်ရမယ်။ ဒါဟာ အလွန်ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ မျှတတာ၊ မမျှတတာကိုတော့ ကျွန်တော်မပြောချင်တော့ပါဘူး။ ထူးဆန်းတာက ပွဲကျပ်တဲ့အချိန်မှာ မန်စီးတီးကို စနေနေ့ပွဲကစားရပြီး (၁၀)ရက်နားပြီးတဲ့အချိန်ရောက်မှ ချယ်လ်ဆီးနဲ့ပွဲကိုတော့ တနင်္လာနေ့ညမှာကစားရတာပါပဲ"ဟု ပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်များမှ ထူးခြားချက်များ

မန်ယူ နှင့် နယူးကာဆယ်

ဒိုင်လူကြီး - အန်ဒရီမာရီနာ(အဝါ-၃၉၊ အနီ-၄)

■ ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး(၂၃)ပွဲတွင် မန်ယူအသင်းက (၂၂)ပွဲအထိ ရှုံးပွဲမရှိခဲ့ချေ။ ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး(၄)ပွဲဆက် နှစ်သင်းပေါင်းသွင်းဂိုးများသည်။

ခရစ္စတယ်ပဲလေ့စ် နှင့် ကာဒစ်ဖ်

ဒိုင်လူကြီး - မိုက်ကယ်ဂျုံးစ်(အဝါ-၁၄၊ အနီ-၁)

■ ခရစ္စတယ်ပဲလေ့စ်အသင်း၏ ပရီးမီးယားလိဂ်နောက်ဆုံး(၆)ပွဲတွင် နှစ်သင်းပေါင်းဂိုးနည်းသည်။ ကာဒစ်ဖ်အသင်းသည် ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၃)ပွဲဆက် သွင်းဂိုးမရှိခဲ့ချေ။

လီဗာပူးလ် နှင့် ဝက်စ်ဟမ်း

ဒိုင်လူကြီး - မိုက်ကယ်အိုလီဗာ(အဝါ-၃၀၊ အနီ-၀)

■ လီဗာပူးလ်သည်ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး(၃)ပွဲဆက်တစ်ပွဲလျှင်အနည်းဆုံး(၄)ဂိုးသွင်းထားသည်။ ဝက်စ်ဟမ်းသည် ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၁၂)ပွဲတွင်(၁၁)ပွဲအထိ နိုင်ပွဲမရှိခဲ့ချေ။

ဆောက်သမ်တန် နှင့် မန်စီးတီး

ဒိုင်လူကြီး - အန်တိုနီတေလာ(အဝါ-၂၇၊ အနီ-၂)

■ ယင်းနှစ်သင်းတွေ့ဆုံမှုနောက်ဆုံး(၄)ပွဲဆက် နှစ်သင်းပေါင်းဂိုးများသည်။ ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး(၃)ပွဲဆက် တစ်ပွဲလျှင် အနည်းဆုံး(၂)ဂိုး ပေးထားရသည်။

စတုတ်စီးတီး နှင့် ချယ်လ်ဆီး

ဒိုင်လူကြီး - ဂျိုနသန်မို့စ်(အဝါ-၂၅၊ အနီ-၁)

■ ယင်းနှစ်သင်းတွေ့ဆုံမှုနောက်ဆုံး(၁၂)ပွဲတွင် ချယ်လ်ဆီးအသင်းက (၁၀)ပွဲအထိ အနိုင်ရထားသည်။ စတုတ်အသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး(၁၁)ပွဲတွင် (၁၀)ပွဲအထိ နိုင်ပွဲမရှိခဲ့ချေ။

ဝက်စ်ဘရွန်း နှင့် နော့ဝစ်ချ်

ဒိုင်လူကြီး - မက်ခ်ကလက်တန်ဘာက်(အဝါ-၂၇၊ အနီ-၀)

■ ဝက်စ်ဘရွန်း၏ ပရီးမီးယားလိဂ်နောက်ဆုံး(၃)ပွဲတွင် နှစ်သင်းပေါင်းဂိုးများသည်။ နော့ဝစ်ချ်သည် ပရီးမီးယားလိဂ်အဝေးကွင်း နောက်ဆုံး(၄)ပွဲဆက် တစ်ပွဲလျှင် အနည်းဆုံး(၂)ဂိုး ပေးထားရသည်။

ဆန်းဒါးလန်း နှင့် စပါး

ဒိုင်လူကြီး - လီမာဆင်(အဝါ-၃၃၊ အနီ-၁)

■ ဆန်းဒါးလန်းအသင်းသည် ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး(၃)ပွဲတွင် (၂)ပွဲအထိ အနိုင်ရထားသည်။ စပါးအသင်း၏ ပရီးမီးယားလိဂ်နောက်ဆုံး(၃)ပွဲဆက် နှစ်သင်းပေါင်းဂိုးများသည်။

ဖူလ်ဟမ် နှင့် အက်စတွန်ဗီလာ

ဒိုင်လူကြီး - မိုက်ခ်ဒင်း(အဝါ-၃၃၊ အနီ-၂)

■ ဖူလ်ဟမ်အသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး(၆)ပွဲဆက် တစ်ပွဲလျှင် အနည်းဆုံး(၂)ဂိုးပေးထားရသည်။ ဗီလာအသင်းသည် ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၅)ပွဲဆက် ရှုံးပွဲမရှိခဲ့ချေ။

အာဆင်နယ် နှင့် အဲဗာတန်

ဒိုင်လူကြီး - ဟောင်းဝပ်ဝက်ဘ်(အဝါ-၂၈၊ အနီ-၀)

■ အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး(၆)ပွဲဆက် အနိုင်ရထားသည်။ အဲဗာတန်အသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး(၇)ပွဲဆက် ရှုံးပွဲမရှိခဲ့ချေ။

ဆွမ်ဆီး နှင့် ဟားလ်စီးတီး

ဒိုင်လူကြီး - ခရစ္စဖိုင်(အဝါ-၂၃၊ အနီ-၁)

■ ဆွမ်ဆီး၏ ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး(ဂ)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းဂိုးများသည်။ ဟားလ်စီးတီးသည် ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၇)ပွဲတွင် (၆)ပွဲအထိ ရှုံးနိမ့်ထားသည်။

ပရီးမီးယားလိဂ်အသင်းကြီးအချို့၏ ဒဏ်ရာရပွဲပယ်စာရင်း

အာဆင်နယ် - ဆက်ဂ်နာ၊ ဗီယာအီချီ၊ ပိုဒေါ့စကီး၊ ချမ် ဘာလိန်၊ ဒီယာဘီ၊ ဆနိုဂို။

ချယ်လ်ဆီး - အေးဇက်လူးဝစ်စ်၊ ဗန်ဂင်ကယ်လ်။

လီဗာပူးလ် - အန်းနရစ်၊ စတားရစ်ချ်၊ ကိုအာတက်စ်။

မန်ယူ - ကာရစ်၊ ဖလက်ချာ။

မန်စီးတီး - နက်စတာဆစ်၊ အေးဗစ်ဆေးလ်ဗား၊ ယိုဗီတစ်။

စပါး - အဲရစ်ဆင်၊ အဒီဘာယော၊ ဒန်နီရို့စ်။

ဆောက်သမ်တန် - ဒွဲပရာဒို၊ ရှနိုက်ဒါလင်၊ ရာမီးရက်ဇ်၊ ဘိုရစ်၊ ဒေးဗီးစ်။

ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် အပြီးသတ်ကစားသမား(၂၀)ဦးကို မြန်မာအမျိုးသမီးဘောလုံးအသင်း ရွေးချယ်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အပြီးသတ်ကစားသမား(၂၀)ဦးကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား(၂၃)ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ(၄)ရက်ခြေစမ်းပွဲအပြီးတွင် ယွန်းမီမီလွင်၊ ခင်နွေးနွေးရွှေနှင့် ဂိုးသမားသင်းသင်းစိုးတို့ကို လျှော့ချခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲဝင်မည့်အသင်းတွင် မေခင်ယမင်း၊ စန်းစန်းမော်၊ မိုးမိုးဝါ၊ မြင့်မြင့်အေး၊ သန်းသန်းထွေး၊ ခင်မာလာထွန်း၊ ရီရီဦး စသည့် အမာခံကစားသမားအစုံအလင်ပါဝင်လာခဲ့ပြီး ဆီးဂိမ်းစ်ရွှေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ရယူနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ မြန်မာအသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အုပ်စု(က)၌ လက်ရှိချန်ပီယံ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့နှင့်အတူ ပါဝင်နေပြီး ပထမပွဲစဉ်အဖြစ် ဒီဇင်ဘာ(၁၀)ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်း

အဖွဲ့ခေါင်းဆောင် - ဒေါ်မြတ်မြတ်ဦး၊ *အုပ်ချုပ်သူ* - ဦးသန်းတိုးအောင်၊ *နည်းပြချုပ်* - ကျူမာဒါ၊ *လ/ထ နည်းပြ* - ဒေါ်သက်သက်ဝင်း၊ *ဂိုးနည်းပြ* - ဦးကိုကိုအောင်၊ *ဂိုး* - မေခင်ယမင်း၊ မြတ်နုဝင်း၊ *နောက်တန်း* - စန်းစန်းမော်၊ မိုးမိုးဝါ၊ မြင့်မြင့်အေး၊ ခင်သန်းဝေ၊ ဖူးပွင့်နိုင်၊ ရွှေစင်အောင်၊ ဝေဝေအောင်၊ ဇာခြည်ဦး၊ သီတာဦး၊ စုစုဝေ၊ မေဇင်နွယ်၊ *အလယ်တန်း* - သန်းသန်းထွေး၊ နန်းကြေးငုံနီလာမြင့်၊ ခင်မိုးဝေ၊ ဇင်မာဝင်း၊ *ရှေ့တန်း* - ခင်မာလာထွန်း၊ ရီရီဦး၊ မာဂရက်မေရီ၊ နော်အားလိုဝါးဖော၊ ဝင့်သီင်္ဂီထွန်း

ပြိုင်ပွဲကို အသင်း(၇)သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(ခ)တွင် ထိုင်း၊ လာအိုနှင့် မလေးရှားတို့ပါဝင်နေသည်။ ပြိုင်ပွဲကို လာမည့်ဒီဇင်ဘာ(၁၀)ရက်မှ (၂၀)ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ပြိုင်ပွဲပထမနေ့တွင် ညနေ(၄)နာရီ၌ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ စတင်ကစားမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် မြန်မာနှင့်ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယူ-၂၃အသင်း အပြီးသတ်လူစာရင်းကို ယနေ့ရွေးချယ်မည်

ဆီးဂိမ်းစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃အသင်းသည် အပြီးသတ်ကစားသမား(၂၀)ဦးကို ဒီဇင်ဘာ(၆)ရက်(ယနေ့)တွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်ပြိုင်ပွဲဖြစ်သောကြောင့် အပြီးသတ်လူစာရင်းကို အသင်းအုပ်ချုပ်သူများအစည်းအဝေးကျင်းပမည့် ဒီဇင်ဘာ(၆)ရက်မှသာ ထုတ်ပြန်ခြင်းဖြစ်သည်။ မြန်မာယူ-၂၃အသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပဏာမကစားသမား(၂၇)ဦးဖြင့်လေ့ကျင့်နေပြီး ဆီးဂိမ်းစ်ပြိုင်ပွဲကို ကစားသမား(၂၀)ဦးဖြင့်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ကစားသမားများ၏ဒဏ်ရာအခြေအနေများကြောင့် အပြီးသတ်လူစာရင်းကို နောက်ဆုံးနေ့မှသာထုတ်ပြန်ခြင်းဖြစ်ပြီး လက်ရှိတွင် ယူ-၂၃ကစားသမားများမှာ အသေးစားဒဏ်ရာပြဿနာများမှလွဲ၍ ဒဏ်ရာအနာတရမရှိကြောင်း သိရသည်။

ဆီးဂိမ်းစ်ဝါတာပိုလိုပြိုင်ပွဲကျင်းပမည့်အချိန် ပြောင်းလဲ

ဆီးဂိမ်းစ်ဝါတာပိုလိုပြိုင်ပွဲကို ဒီဇင်ဘာ(၆)ရက်တွင် နေပြည်တော်ရှိ ဝေယျာသီရိရေကူးကန်၌ စတင်ကျင်းပမည်ဖြစ်ပြီး မူလက အုပ်စုပွဲစဉ်များကို နံနက်ပိုင်းတွင်စတင်ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ ညနေ(၄)နာရီမှသာ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ပြိုင်ပွဲပထမပွဲစဉ်အဖြစ် ညနေ(၄)နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ စတင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် စင်ကာပူနှင့် မလေးရှားအသင်းတို့ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲဒုတိယနေ့တွင် မီဒီယာသမားများ အခက်အခဲအချို့ရှိခဲ့

ဒီဇင်ဘာ(၅)ရက်ကပြုလုပ်ခဲ့သည့် ဆီးဂိမ်းစ်ရိုးရာခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို လာရောက်သတင်းရယူသည့် မီဒီယာသမားများဖြင့် အခက်အခဲအချို့နှင့်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ ဒီဇင်ဘာ(၄)ရက်ကပြုလုပ်သည့် ပြိုင်ပွဲပထမနေ့တွင် မီဒီယာသမားများအနေဖြင့် ကွင်းအတွင်းဝင်ရောက်၍ သတင်းရယူခွင့်ရှိခဲ့သော်လည်း ဒီဇင်ဘာ(၅)ရက်၊ နံနက်ပိုင်းက ကျင်းပခဲ့သောပွဲစဉ်များကို ပွဲကြည့်စင်ပေါ်မှသာ သတင်းရယူခွင့်ပြုခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲပထမနေ့တွင် မြန်မာအသင်းရွှေတံဆိပ်ရရှိပြီးနောက် မီဒီယာများအပြင် အခြားလူများကလည်း ဓာတ်ပုံများရယူရန်ကြိုးပမ်းခဲ့သောကြောင့် ကွင်းအတွင်း၌ လူအများအပြားဖြစ်ပေါ်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကန့်ကွက်မှုများရှိခဲ့သောကြောင့် ယင်းကဲ့သို့ တားမြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် မွန်းလွဲပိုင်းတွင် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ပြီးနောက် မီဒီယာသမားများအနေဖြင့် ပုံမှန်အတိုင်း သတင်းပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးခြေစမ်းပွဲတွင် အမျိုးသမီးအသင်းဂိုးပြတ်နိုင်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ပြီးခဲ့သည့်ဒီဇင်ဘာ(၄)ရက်က မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်းတွင် ဘောလုံးအဖွဲ့ချုပ်အကာယ်ဒမီလူငယ်အသင်းနှင့်ခြေစမ်းကစားခဲ့ရာ (၅-၂)ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ မြန်မာအသင်းမှာ ဆီးဂိမ်းစ်အတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် လူစုံအသုံးပြုသွားခဲ့ပြီး ခြေအသာဖြင့်ကစားနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ရီရီဦးက(၂)ဂိုး၊ ခင်မိုးဝေ၊ ဝင့်သီင်္ဂီထွန်းနှင့် စန်းစန်းမော်တို့က (၁)ဂိုးစီသွင်းယူပေးခဲ့သည်။ မြန်မာအမျိုးသမီးအသင်းမှာ မန္တလေးမြို့တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ (၂)ပွဲနိုင်၊ (၂)ပွဲသရေ၊ (၂)ပွဲရှုံးနိမ့်ခဲ့ပြီး ဘောလုံးအဖွဲ့ချုပ်အကာယ်ဒမီမှ အမျိုးသားလူငယ်အသင်းများနှင့် ခြေစမ်းကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပွဲအပြီးတွင် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် အပြီးသတ်လူစာရင်းကို ရွေးချယ်ခဲ့သည်။

ပြင်ဆင်ဖတ်ရှုပါရန်

ယခုတစ်ပတ် စာမျက်နှာ(၁၃)မှ ပရီးမီးယားလိဗ်ပွဲပြီးသုံးသပ်ချက်တွင် မန်ယူနှင့် အာဆင်နယ်၏ အမှတ်ကွာဟမှုကို "(၁၂)မှတ်" ဟုလည်းကောင်း၊ စာမျက်နှာ(၂၅)မှ ဆောင်းပါးခေါင်းစဉ်ဖြစ်သည့် "အာစင်ဘင်ဂါ" ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ဒုတိယနေ့တွင် ထိုင်းအသင်း ရွှေ(၂)ခုရရှိပြီး ထိပ်ဆုံးတွင်ဦးဆောင်

ရွှေတံဆိပ်ရရှိခဲ့သော ထိုင်းအမျိုးသားခြင်းလုံးအသင်း (ဓာတ်ပုံ-သက်ထွန်းအောင်)

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ရိုးရာခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ပြီးခဲ့သည့်ဒီဇင်ဘာ(၅)ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဆက်လက်ကျင်းပရာ ထိုင်းအသင်းက ရွှေတံဆိပ်(၂)ခုရယူနိုင်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲများကို အိမ်ရှင်မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ထိုင်းအသင်းက ဗိုလ်စွဲခဲ့ခြင်းလည်းဖြစ်သည်။

ရိုးရာခြင်းလုံးပြိုင်ပွဲ အခြေခံအဆင့် မျိုးတူအမျိုးသားပြိုင်ပွဲတွင် ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို (၂၅၆-၂၃၆)မှတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ရွှေတံဆိပ်ကို ထိုင်း၊ ငွေတံဆိပ်ကို ကမ္ဘောဒီးယား၊ ပူးတွဲကြေးတံဆိပ်ဆုကို မလေးရှားနှင့် လာအိုတို့ကရရှိခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းက ရွှေတံဆိပ်၊ လာအိုက ငွေတံဆိပ်နှင့် မလေးရှားက ကြေးတံဆိပ်တို့ရရှိကြသည်။ အမျိုးသမီးဗိုလ်လုပွဲတွင် ထိုင်းက လာအိုကို(၂၀၂-၁၉၂)မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ(၅)ရက်ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ရွှေ(၂)ခု၊ ငွေ(၂)ခုဖြင့်နိုင်ငံအလိုက်ဆုရရှိမှုတွင်ထိပ်ဆုံးမှဦးဆောင်နေပြီး မြန်မာအသင်းက ရွှေ(၂)ခုဖြင့် ဒုတိယနေရာတွင်ရပ်တည်နေသည်။ လာအိုအသင်းက ငွေ(၁)ခု၊ ကြေး(၂)ခုဖြင့် တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

(၅-၁၂-၁၃)ရက်အပြီး နိုင်ငံအလိုက်ဆုရရှိမှု

အသင်း	ရွှေ	ငွေ	ကြေး
ထိုင်း	၂	၂	၀
မြန်မာ	၂	၀	၀
လာအို	၀	၁	၂
ကမ္ဘောဒီးယား	၀	၁	၁
မလေးရှား	၀	၀	၄